# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ်(၁၂၇)


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ် (ဓမ္မပဒ - ၁၁၃)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှစတင်၍ လတ်တလော ဖြစ်ပွားလျက်ရှိသည့် (2019-nCoV Virus) အဆုတ်ရောင်ရောဂါကြောင့် တရုတ်ပြည်သူများ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိနေခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာကို ယနေ့ ပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် တရုတ်နိုင်ငံအနေဖြင့် အဆင့်မြင့်ကျန်းမာရေးဆိုင်ရာ နည်းပညာများကို ပိုင်ဆိုင်ထားသည့်အတွက် ယခုဖြစ်ပွားလျက်ရှိသည့် ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ဆက်လက်မပြန့်ပွားရေးကို အမြန်ဆုံး အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဦးဆောင်မှုအောက်တွင် တရုတ်ပြည်သူများ၏ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းပါဝင်မှုများကြောင့် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားသွားနိုင်မည်ဟုလည်း အပြည့်အဝယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ယင်းအခက်အခဲကို ဖြေရှင်းရန်အတွက် နည်းလမ်းများရှာဖွေရာတွင် တရုတ်နိုင်ငံနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဟု ဖော်ပြပါရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး - ၂၀၂၀ ဖွင့်ပွဲအခမ်းအနား တက်ရောက်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး - ၂၀၂၀ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ သတင်းစဉ်

**ဆိုးလ် ဖေဖော်ဝါရီ ၃**

ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး - ၂၀၂၀ သို့ တက်ရောက်ရန် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာရာ ဖေဖော်ဝါရီ ၃ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ဆိုးလ်မြို့သို့ ရောက်ရှိသည်။

ဒုတိယသမ္မတနှင့် အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်၊ Universal Peace Federation - UPF ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ဥက္ကဋ္ဌ Mr. Ek Nath Dhakal ၊ သံရုံးဝန်ထမ်းများ၊ သံရုံးမိသားစုဝင်များနှင့် တာဝန်ရှိသူများက အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ကမ္ဘာဆုံးတိုင် မြဲခိုင်တည်တံ့အောင် ရစ်ပတ်ဖွဲ့စည်းအပ်သော ပြည်ထောင်စု

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည့် လွတ်လပ်ရေးကြေညာစာတမ်းမှစကာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ခဲ့သည်။ ကိုလိုနီနယ်ချဲ့တို့၏ လက်အောက်သို့ မရောက်မီကမူ ပဒေသရာဇ်ခေတ်ဖြစ်သည့်အလျောက် နိုင်ငံကိုဖွဲ့စည်းတည်ဆောက်ခဲ့သည့် ပုံစံနှင့် နိုင်ငံရေးစနစ်တို့မှာ ထိုခေတ်နှင့် လျော်ညီသည့်ပုံစံဖြစ်ခဲ့သည်။ ပဒေသရာဇ်မင်းများအချင်းချင်း ဘုန်းလက်ရုံးတို့ အားပြိုင်မှုများ အခါအားလျော်စွာ ရှိခဲ့သော်လည်း လူမျိုးရေးမုန်းတီးမှုမျိုး လုံးဝမဟုတ်ခဲ့။ တိုင်းရင်းသားလူမျိုးများ တစ်မျိုးနှင့်တစ်မျိုးအကြား ကူးယှက်သွားလာဆက်ဆံကာ ချစ်ခင်ရင်းနှီးစွာ နေထိုင်ခဲ့ကြခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုနိုင်ငံအဖြစ် ထုတ်ဖော်ကြေညာခြင်းမရှိဘဲ လက်တွေ့ကျကျနေထိုင်ခဲ့ကြခြင်းဖြစ်သည်။

ပြည်ပနိုင်ငံများက ကျူးကျော်ထိပါးလာသည့်အခါများ၌ဖြစ်စေ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသများအပေါ်တွင် မိမိတို့၏ သြဇာအာဏာကို ဖြန့်ကြက်သည့်အခါများ၌ဖြစ်စေ တိုင်းရင်းသားများ၏ စုပေါင်းညီညွတ်သည့်အင်အားများဖြင့် ရင်ဆိုင်ကျော်လွှားစွမ်းဆောင်ခဲ့ကြခြင်းဖြစ်သည်ကို သမိုင်းမှတ်တမ်းများတွင် ထင်ရှားစွာတွေ့နိုင်သည်။ ထိုသို့ စုပေါင်းညီညွတ်သည့် အင်အားများ အားနည်းပြိုကွဲခဲ့သည့်အခါ၊ အအုပ်အစည်းပျက်၍ ချည့်နဲ့လာသည့်အခါ တိုင်းတစ်ပါးလက်အောက်သို့ ကျွန်အဖြစ်ကျရောက်ခဲ့ရပြီး နိုင်ငံနှင့်လူမျိုး၏ လွတ်လပ်ရေးအတွက် စည်းလုံးညီညွတ်မှုကို တည်ဆောက်၍ တိုင်းရင်းသားပြည်သူအားလုံး၏ အသက်သွေးချွေးတို့ကို စတေးကာ ပြန်လည်ရယူခဲ့ကြရသည်။

"ငါတို့သည် အမျိုးဘာသာ တစ်စိတ်တဒေသ၏ ကောင်းကျိုးချမ်းသာကို မလိုလား၊ ကျောသားရင်သား သူကား ငါကား ခွဲခြားခြင်းကို အလိုမရှိ။ မြစ်ချောင်းသီတာ သမုဒ္ဒရာ တောင်တန်းတို့ဖြင့် ကမ္ဘာ့ဓမ္မတာ သဘာဝအပိုင်းအခြား ထင်ရှားစွာ သတ်မှတ်အပ်သော ရာဇဝင်ရှည်ဝေး ရှေးပဝေဏီမှစ၍ ယခုထက်တိုင် မြန်မာနိုင်ငံသားဟု သမုတ်အပ်သူ တိုင်းရင်းသားအပေါင်းတို့ ဇာတိချက်ကြွေနေထိုင်ရာ မြန်မာနိုင်ငံတော်တစ်ဝှမ်းကို တသွေးတသားတည်းဟူသော ကြိုးထူး၊ တစိတ်တဝမ်းတည်းဟူသော ကြိုးထူး၊ အလိုအလျောက် သဘာဝအထောက်အပံ့ဖြင့်သာလျှင်ဖြစ်ပေါ်အပ်သော စေတနာတည်းဟူသော ကြိုးထူး ဤကြိုးသုံးပါးဖြင့် ကမ္ဘာဆုံးတိုင် မြဲခိုင်တည်တံ့အောင် ရစ်ပတ်ဖွဲ့စည်းအပ်သော ပြည်ထောင်စုအဖြစ်ကို လက်ဆုပ်လက်ကိုင် ငါတို့အပိုင်ရလေပြီ" ဟူ၍ လွတ်လပ်ရေးကြေညာစာတမ်းတွင် ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားတို့၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်ပြီး တိုင်းရင်းသားအားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း၊ တစ်သွေးတည်း တစ်သားတည်း ပြည်ထောင်စုနိုင်ငံကြီးအဖြစ် ကမ္ဘာတည်သရွေ့ စည်းလုံးညီညွတ်စွာ နေထိုင်သွားမည်ဖြစ်ကြောင်း ကမ္ဘာသိ ကြေညာခဲ့ခြင်းပင်ဖြစ်သည်။ နိုင်ငံနှင့် လူမျိုးတို့ လွတ်လပ်ရေးရရှိရန်အတွက် မိမိတို့၏ ဘိုးဘွားများ အသက်နှင့်ခန္ဓာ၊ စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်၍ စည်းလုံးညီညွတ်စွာ အားထုတ်ကြိုးပမ်းခဲ့ကြရသည်။ နိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီးသည့်တိုင် မိမိတို့နိုင်ငံ၏ ခရီးပန်းတိုင်ကိုမူ မရောက်ရှိသေး။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးဟူသည့် ရည်မှန်းချက်အိပ်မက်ကို လက်တွေ့ဘဝ၌ အကောင်အထည်ဖော် တည်ဆောက်ကြရဦးမည်။ အဓိကအကျဆုံးသော အင်အားမှာ ပြည်ထောင်စုသားချင်းတို့၏ စည်းလုံးညီညွတ်မှုအင်အားဖြစ်ပြီး တညီတညွတ်တည်း ထားရှိရမည့်စိတ်ဓာတ်မှာ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ တောင့်တင်းခိုင်မာသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ရင့်ကျက်ထက်သန်သည့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို အလျင်အမြန် တည်ဆောက်နိုင်ကြပါစေကြောင်း။ ။




## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စတာ လီကွတ်ဝ်သွမ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၃

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စတာ လီကွတ်ဝ်သွမ်အား ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)




တွေ့ဆုံစဉ် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံရှိ စက်မှုဇုန်များတွင် ရင်းနှီးမြှုပ်နှံလိုသည့်ကိစ္စ၊ ရန်ကုန်စတော့အိတ်ချိန်း၊ Microfinance နှင့် ဘဏ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုသည့်ကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

**ဒို့ညီနောင်ထု တည်ထောင်ပြု ပြည်ထောင်စုနေ့ ဒို့မမေ့။**

# ညီညွတ်ရေးဆိုတာ



ညီညွတ်ရေးဆိုတာ ဘာလဲ နားလည်ဖို့လိုတယ်။ ဒီတော့ကာ ဒီအပိုဒ် ဒီဝါကျမှာ ညီညွတ်ရေးဆိုတဲ့ အကြောင်းကို သရုပ်ဖော်ပြထားတယ်။ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ ကျွန်တော်တို့ ညီညွတ်ရေးဆိုတာ ဘာအတွက် ညီညွတ်ရမှာလဲ။ ဘယ်လို ရည်ရွယ်ချက်နှင့် ညီညွတ်ရမှာလဲ။ ရည်ရွယ်ချက်ဆိုတာ ရှိရမယ်။ ညီညွတ်ရေးဆိုတာက ဘာအတွက် ညီညွတ်ရမှာလဲ။ ရာထူးယူဖို့ ညီညွတ်ရမှာလား။ ဒါမှမဟုတ်ရင် ဒီတိုင်းပြည်ရဲ့ တိုင်းသူပြည်သားတွေကို နှိပ်စက်ဖို့ ညီညွတ်ရမှာလား။ ဘာအတွက် ညီညွတ်ရမလဲ။ အဲဒီတော့ကာ ကျွန်တော်လိုချင်တဲ့ ညီညွတ်ရေးက တစ်တိုင်းတစ်ပြည်လုံး၊ လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့ အကျိုး၊ အဲဒီလို တူညီတဲ့ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်ဒါတွေကိုရအောင် အဲဒီလို တူညီတဲ့အကျိုး၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုး ဖြစ်ရမယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ဖဆပလ ပြည်လုံးကျွတ် ညီလာခံသဘင်ကြီးသို့ ရှင်းလင်းတင်သွင်းသည့် ညီညွတ်ရေးအဆိုမှ ကောက်နုတ်ချက်)**

● *ရွှေဖုံးမှ*

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Lotte Hotel Seoul သို့ ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦး ဟင် န ရီ ဗန် ထီး ယူ သည် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တာဝန်ရှိသူများနှင့်အတူ Kintex Center ၌ ကျင်းပသည့် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး-၂၀၂၀ (Peace , Security and Human Development World Summit 2020) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**လက်ခံတွေ့ဆုံ**

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး-၂၀၂၀ ၏ အထွေထွေအတွင်းရေးမှူး Dr. Young Ho Yun အား ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် Kintex Center ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တတိယအကြိမ် အာရှ-ပစိဖိတ်ထိပ်သီးအစည်း အဝေးကို မြန်မာနိုင်ငံအစိုးရနှင့် UPF တို့ ပူးတွဲ၍ မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း ကျင်းပပြုလုပ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုညစာစား**

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး-၂၀၂၀ ကြိုဆိုဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်သည်။ **သတင်းစဉ်**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး- ၂၀၂၀ ၏ အထွေထွေအတွင်းရေးမှူး Dr. Young Ho Yun တို့ တွေ့ဆုံဆွေးနွေးစဉ်။**
သတင်းစဉ်




ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး- ၂၀၂၀ (Peace , Security and Human Development World Summit 2020) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးအတွက် လွှတ်တော်အချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စတာလီကွတ်ဝ်သွမ် အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးအတွက် လွှတ်တော်အချင်းချင်း ပိုမို ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် လွှတ်တော်၏ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စတာလီကွတ်ဝ်သွမ် အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း MYNFREL အဖွဲ့အား လက်ခံတွေ့ဆုံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း Myanmar Network Organization for Free and Fair Elections (MYNFREL) အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် Myanmar Network Organization for Free and Fair Elections (MYNFREL)အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော၊ ပွင့်လင်းမြင်သာမှုရှိပြီး အများယုံကြည်လက်ခံသော၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ်တစ်ထပ်တည်းဖြစ်စေမည့် စံပြရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြည်သူလူထု အသိပညာပေးခြင်းနှင့် မဲဆန္ဒရှင် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် MYNFREL အဖွဲ့မှ ဆောင်ရွက်မည့် မဲဆန္ဒရှင် အသိပညာပေးခြင်းဆိုင်ရာ သင်တန်းနှင့် ဆင့်ပွားသင်တန်းများ ပို့ချသွားမည့် အစီအစဉ်၊ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းရရှိစေရေးအတွက် မဲစာရင်းကြည့်ရှုရန် လှုံ့ဆော်မှုဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စာပေဗိမာန် စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ စာပေဗိမာန်မှ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စာတည်းအဖွဲ့ဝင်များ အရည်အသွေးမြှင့် သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ရေး၊ စာတည်းအဖွဲ့ဝင်များ သိသင့်သိထိုက်သည်များ သိရှိနိုင်ရန်အတွက် စာအုပ်ကောင်းများ ရွေးချယ်ဝယ်ယူပြီး လှည့်လည်ဖတ်ရှုသည့်ပုံစံဖြင့် လုပ်ငန်းခွင်လေ့ကျင့်ရေး၊ အင်္ဂလိပ်စာကို ထိရောက်အောင် ပိုမိုအားထုတ်လေ့လာပြီး နိုင်ငံတကာ စာပေများ တိုးတက်ဖတ်ရှုနိုင်အောင် ကြိုးစားလုပ်ဆောင်ရေး၊ သတင်းမီဒီယာအကြောင်း သိနားလည်ခြင်း(MIL)၊ သတင်းအချက်အလက် စစ်ဆေးခြင်း (Fact Check)စသည်တို့ကို သိရှိနားလည်ပြီး လုပ်ငန်းများ လွယ်ကူလျင်မြန်စွာ လုပ်ဆောင်နိုင်ရေး၊ လုပ်ငန်းများ ကြန့်ကြာမှုမရှိစေဘဲ အရည်အသွေး ပြည့်ဝသည့် စာအုပ်ကောင်းများ ထုတ်ဝေနိုင်ရေး အလုပ်တာဝန်များ တိုးချဲ့လုပ်ကိုင်ရခြင်းအပေါ် လုပ်ဆောင်ခွင့်ရခြင်းဟု ကောင်းမွန်သည့် ခံယူချက်ဖြင့် လုပ်ဆောင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် စာပေဗိမာန်မှ စာတည်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၇ ရက်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် စာပေဗိမာန်သို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေ၊ စာပေဗိမာန်မှ ဆောင်ရွက်လျက်ရှိသော မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေး၊ မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ် ဆက်လက်ထုတ်ဝေရေး၊ ရွှေသွေးဂျာနယ်ထုတ်ဝေရေး၊ စာအုပ်အသင်းဝင် တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်၍ စီမံဆောင်ရွက်ပေးသည်။

စာပေဗိမာန်ကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်ချက်နှင့်အညီ ၁၉၄၇ ခုနှစ်၊ ဩဂုတ် ၂၆ ရက်မှ စတင်၍ "အမှောင်ခွင်း၍ အလင်းဆောင်အံ့" (Light, where Darkness was) ဆောင်ပုဒ်ဖြင့် ပြည်သူလူထု အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် စာပေထုတ်ဝေရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိ စာပေဗိမာန်(၄)ထပ် အဆောက်အဦကို အမှတ်(၅၂၉/၅၃၁)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားရှိပြီး စာအုပ်အရောင်းဆိုင် အပါအဝင် ရည်ညွှန်းစာကြည့်တိုက်၊ e-Library၊ ကလေးစာကြည့်တိုက်တို့ဖြင့် ဖွဲ့စည်းကာ ပြည်သူ့စာကြည့်တိုက်အဖြစ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ စာပေဗိမာန်မှ စာတည်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။

သတင်းစဉ်

# ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်



ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)**

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် နိုင်ငံတကာဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းတို့အကြား အပြန်အလှန်ချိတ်ဆက်မှု အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့် International IDEA တို့ ပူးပေါင်း၍ **"ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် နိုင်ငံတကာဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းတို့အကြား အပြန်အလှန်ချိတ်ဆက်မှု"** အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်က ယခုဆွေးနွေးပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း မူသဘောတရားများ၊ နိုင်ငံတကာဥပဒေဆိုင်ရာမူသဘောတရားများ၊ ဖက်ဒရယ်နိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ၏ တရားစီရင်ရေးဆိုင်ရာ အတွေ့အကြုံများနှင့် သက်ဆိုင်သောအကြောင်းအရာများကို ဗဟုသုတရရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် မိမိတို့ခုံရုံး၏ လုပ်ငန်းတာဝန်များအနက် အဓိကကျသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း မူသဘောတရားသည် အလွန်ပင်နက်နဲကျယ်ပြန့်ပါကြောင်း၊ ထိုကဲ့သို့ ပညာရပ်ဆန်ပြီး နက်နဲသည့် အခြေခံဥပဒေအနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း မူသဘောတရားများကို လေ့လာဆွေးနွေးခွင့်ရမည်ဖြစ်သဖြင့် အလွန်ပင်ဝမ်းမြောက်မိပါကြောင်း၊ ထို့အပြင် နိုင်ငံတကာဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းတို့အကြား ဆက်စပ်မှုများကိုလည်း လေ့လာခွင့်ရရှိမည်ဖြစ်သဖြင့် အသိပညာ၊ ဗဟုသုတများရရှိမည်ဟု ယုံကြည်မိပါကြောင်း၊ International IDEA Myanmar နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတို့သည် မိတ်ဖက်အဖွဲ့အစည်းများဖြစ်ပြီး IDEA အနေဖြင့် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ထူထောင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်မှုများ တိုးပွားလာစေရန် ပံ့ပိုးကူညီမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများအတွက် ခုံရုံးအနေဖြင့် အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ထို့နောက် International IDEA မှ ဌာနေကိုယ်စားလှယ် Mr. Mark McDowell က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

**မေးမြန်း ဆွေးနွေး**

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရာ Center for Constitutional Transition မှ ဒါရိုက်တာ Mr.Sujit Choudhry က ဖက်ဒရယ်နိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ၊ တရားမဥပဒေ၊ အင်္ဂလိပ်ရိုးရာဥပဒေနှင့် တရားရေးဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းအခန်းကဏ္ဍ၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၏ အခြေခံမူများ စသည့်အကြောင်းအရာများကို ဆွေးနွေးပြီး ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ခုံရုံးသုတေသနအဖွဲ့မှ အရာထမ်းများ၊ IDEA မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ဖေဖော်ဝါရီ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် အတွေ့အကြုံနှင့် အသိပညာများ တိုးပွားလာစေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း၊ နိုင်ငံတကာဥပဒေ သဘောတရားများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတကာဥပဒေများအကြား ဆက်နွယ်မှုများနှင့် စပ်လျဉ်း၍ အသိအမြင်၊ ဗဟုသုတများ ရရှိလာစေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အတွေးအခေါ်များ မြင့်မားလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်၊ International IDEA မှ ဌာနေကိုယ်စားလှယ် Mr. Mark McDowell နှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး မစ္စတာလီကွတ်ဝ်သွမ်အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော် အချင်းချင်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများနှင့် အာဆီယံအတွင်း ကာကွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **သတင်းစဉ်**



# သံဃနာယကနှင့် ဝိနည်းဓိုရ်ဗဟိုအဆင့် သင်တန်းအမှတ်စဉ်(၁/၂၀၂၀) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

သံဃနာယကနှင့် ဝိနည်းဓိုရ်ဗဟိုအဆင့် သင်တန်းအမှတ်စဉ် (၁/၂၀၂၀) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မ သဘင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃ မဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာ တော်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် သံဃနာယကဆရာတော်ကြီးများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူး ချုပ်နှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညို ကြသည်။

**သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ**

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဗန်းမော် ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ဩဝါဒကထာကို ချီးမြှင့်တော်မူရာတွင် သာသနာတော်နှစ် ၂၅၂၄၊ ခရစ်နှစ် ၁၉၈၀-ပြည့်နှစ်၊ မေလ ၂၄ ရက်မှ ၂၇ရက်အထိ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာ ပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွား ရေးဟူသော ရည်ရွယ်ချက်ဖြင့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးကြီးကို ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးကြီးက **"သံဃာ့ကိစ္စ သံဃာ ဆောင်ရွက်"** ဟူသော မူဝါဒကိုချမှတ်လျက် သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြုပြဋ္ဌာန်းပေး ခဲ့ပါကြောင်း။

အဆိုပါသံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်းများနှင့်အညီ နိုင်ငံတော်အဆင့်တွင် နိုင်ငံတော် ဩဝါဒါစရိယအဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ဟုဖွဲ့စည်း၍ အောက်ခြေအဖွဲ့အစည်းအဆင့်ဆင့်တွင် တိုင်းဒေသကြီး၊ ပြည်နယ် သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့တို့ကို ဖွဲ့စည်းပေးခဲ့ပြီး ဝိနည်းဓိုရ် ဆရာတော်များကိုလည်း ရွေးချယ်နိုင်ခဲ့ပါကြောင်း။ ထိုသို့ရွေးချယ်ဖွဲ့စည်း ခဲ့သော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့ဖြင့် သာသနာရေးရာ၊ ဝိနိစ္ဆယ ရေးရာ၊ ပညာရေးရာဟူသော သာသနာတော်အရေးကိစ္စကြီး (၃) ရပ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါကြောင်း။

ထို့အပြင် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ၁၉၈၁- ခုနှစ်တွင် ဝိနည်းဓိုရ်သင်တန်းနှင့် သံဃနာယကသင်တန်းတို့ကိုလည်း ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ထိုသင်တန်းမှ ပို့ချချက်များကို စုစည်း၍ သံဃနာယကလက်စွဲကို ပြုစုကာ အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း။ အခြေ အနေအချိန်အခါအရ ဖြစ်ပေါ်လာသော ပြဿနာအရပ်ရပ်ကို ဖြေရှင်း ဆောင်ရွက်နိုင်ရန်အတွက် ညွှန်ကြားလွှာများကိုလည်း ထုတ်ပြန်ပေးခဲ့ပါ ကြောင်း။ ထို့အပြင် ဝိနည်းဓမ္မကံအဓိကရဏ်း မှုခင်းများကို ဖြေရှင်းဆုံးဖြတ် ရာတွင် အထောက်အကူဖြစ်စေခြင်းငှာ ဝိနိစ္ဆယလက်စွဲကိုလည်း အတည်ပြု ထုတ်ပြန်ခဲ့ပါကြောင်း။ ထိုသို့ ဓမ္မစက်ဖြင့် သံဃာ့အဖွဲ့အစည်း စက်ယန္တရား ကြီးကို လည်ပတ်စေနိုင်ခဲ့ပါကြောင်း။

**လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားလွှာများကို လေ့လာအားထုတ်မှုနည်း**

အချို့ဝိနိစ္ဆယအမှုတွဲများ၌ ဝိနိစ္ဆယအဖွဲ့သဘာပတိ၏ မှုခင်းမှတ်တမ်း မပါရှိခြင်း၊ နောက်ဆုံးစောဒနာလွှာ၊ သောဓနာလွှာ မတောင်းခံခြင်း၊ သက်သေ စုံလင်အောင် မစစ်ဆေးခြင်း စသည်တို့ကိုလည်း မကြာခဏတွေ့ရတတ်ပါ ကြောင်း။ ဤသို့သော ဟာကွက် ပျော့ကွက်များသည် လုပ်ထုံးလုပ်နည်း စသည်တို့ကို အဖန်ဖန်အထပ်ထပ် ဖတ်ရှုလေ့လာမှုမရှိခြင်းကြောင့် ဖြစ်ကြရပါကြောင်း။ ထို့အပြင် အချို့သော သံဃနာယကများသည် သံဃာ့ အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားလွှာ များကို လေ့လာအားထုတ်မှု နည်းပါးသဖြင့် ဘုန်းတော်ကြီးကျောင်းအဖြစ် အသိ အမှတ်ပြုမှု၊ မပြုမှုတို့၌လည်းကောင်း၊ ကျောင်းထိုင်ဘုန်းကြီး တင်မြှောက်မှု တို့၌လည်းကောင်း ပီပြင်စွာဆောင်ရွက်မှုများ မပြုလုပ်နိုင်ကြသဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ မရောက်ရှိသင့်ဘဲ ရောက်ရှိလာကြ သဖြင့် ဖြေရှင်းဆောင်ရွက်ပေးနေရသည်ကိုလည်း လေ့လာသိရှိနေရပါကြောင်း။

ဤကဲ့သို့ မလိုလားအပ်သော ပြဿနာရပ်များ မပေါ်ပေါက်အောင် (သို့မဟုတ်) နည်းပါးနိုင်သမျှ နည်းပါးအောင် သံဃနာယကအဖွဲ့ဝင် ဆရာတော်များ၊ ဝိနည်းဓိုရ် ဆရာတော်များ၊ လုပ်ထုံးလုပ်နည်း ကျွမ်းကျင်၍ အရည်အချင်း မြင့်မားစေရန် ဤဗဟိုအဆင့်မွမ်းမံသင်တန်းကို ဖွင့်လှစ် သင်ကြားပို့ချရခြင်းဖြစ်ပါကြောင်း။

**သာသနာပြုစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးပမ်းဆောင်ရွက်**

သံဃနာယကအဖွဲ့ဝင် ဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များသည် မိမိတို့ဆိုင်ရာ လုပ်ငန်းကိစ္စတို့၌ လိမ္မာကျွမ်းကျင်သော စူးစမ်းနှိုင်းချိန်နိုင်သည့် ဉာဏ်ပညာနှင့် ပြည့်စုံသော စီမံခန့်ခွဲရန်လည်း စွမ်းနိုင်သော အရည်အချင်း ပြည့်ဝသည့် ပုဂ္ဂိုလ်များဖြစ်လာအောင် ဤဗဟိုအဆင့် မွမ်းမံသင်တန်းမှ ပို့ချသင်ကြားပေးသော အချက်အလက်များကို စိတ်ပါဝင်စား မှတ်သားလေ့လာ တော်မူကြ၍ မိမိတို့ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ နာယကဆရာတော် များ၊ ဝိနည်းဓိုရ် ဆရာတော်များအား ထပ်ဆင့်သင်တန်းများ ပြန်လည်ပို့ချ သင်ကြားပေးတော်မူကြလျက် လုပ်ထုံးလုပ်နည်း ကျွမ်းကျင်ကာ အရည် အချင်းပြည့်ဝသည့် သံဃနာယကများ၊ ဝိနည်းဓိုရ်များ ဖြစ်လာစေရန် သာသနာပြုစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးပမ်း ဆောင်ရွက်တော်မူကြပါဟု လေးလေးနက်နက် တိုက်တွန်းပါကြောင်း မိန့်ကြားသည်။

ထို့နောက် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သာသနာရေး ဆိုင်ရာများ လျှောက်ထားသည်။ ယင်းနောက် နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သင်တန်းသို့ တက်ရောက်လာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် သံဃနာယကဆရာတော်ကြီး များထံ သင်တန်းဆိုင်ရာ စာအုပ်များနှင့် စာရေးကိရိယာများကို ဆက်ကပ် လှူဒါန်းသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်တွင် ပြည်တွင်းနေရပ်စွန့်ခွာသူများကို ပြန်လည်နေရာချထားရေး အမျိုးသားအဆင့်မဟာဗျူဟာနှင့်အညီဆောင်ရွက်ရန် ကွင်းဆင်းညှိနှိုင်း

ကျောက်ဖြူ ဖေဖော်ဝါရီ ၃

**ရခိုင်ပြည်နယ်အတွင်း ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာ ချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသား အဆင့် မဟာဗျူဟာနှင့်အညီ ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ စခန်းများကို ပိတ်သိမ်းနိုင်ရန်နှင့် လက်ရှိဆောင်ရွက်မည့် ကျောက်ဖြူ ကျောက်တစ်လုံး ယာယီခိုလှုံရာစခန်းကို အောင်မြင်စွာပိတ်သိမ်းနိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းက ကျောက်ဖြူမြို့သို့ ကွင်းဆင်းကြည့်ရှုညှိနှိုင်းခြင်းများ ဆောင်ရွက်ကြသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံးယာယီခိုလှုံရာစခန်းရှိ ကော်မတီအဖွဲ့ဝင်များ၊ ပြည်တွင်းနေရပ်စွန့်ခွာ သူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီးနှင့် အတူ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာမှုအကူအညီ အထောက်အပံ့ ပေးရေး၊ ပြန်လည်နေရာချထားရေး နှင့် ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၏ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်၊ UEHRD ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်၊ UEHRD လုပ်ငန်းအဖွဲ့ များမှ တိုင်းရင်းသားလုပ်ငန်းရှင်များ နှင့် ပညာရှင်များ၊ ရခိုင်ပြည်နယ် ဝန်ကြီးများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် များ၊ ပြည်နယ်အဆင့်နှင့် မြို့နယ် အဆင့် တာဝန်ရှိသူများ လိုက်ပါ ဆောင်ရွက်ခဲ့ကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့အား ကျောက်ဖြူမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဧည့်ရိပ်သာခန်းမ၌ ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူးက ကျောက်ဖြူဒေသ ၏ အခြေအနေ၊ ကျောက်ဖြူ ကျောက်တစ်လုံး ယာယီခိုလှုံရာစခန်း ၏ လက်ရှိအခြေအနေ၊ ပြန်လည်နေရာ ချထားရန် လျာထားသည့်မြေနေရာ အနေအထားများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်က ပြည်တွင်းနေရပ်စွန့်ခွာ သူများ ပြန်လည်နေရာချထားရေး နှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်း ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာ ဗျူဟာဖြစ်ပေါ်လာပုံနှင့် ဆောင်ရွက် ရမည့် လုပ်ငန်းကဏ္ဍများ၊ အလေး ထားဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး ယာယီခိုလှုံရာစခန်း သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ပြန်လည်နေရာချထားမည့် လျာထား မြေနေရာအခြေအနေ၊ ရေထုတ်ပြွန် နှစ်လုံးနှင့် ရေငန်တား တာပေါင် ဆည်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြ ကြသည်။

**တွေ့ဆုံဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တစ်လုံး ယာယီခိုလှုံရာစခန်းရှိ ကော်မတီ အဖွဲ့ဝင်များ၊ ပြည်တွင်းနေရပ်စွန့်ခွာ သူများနှင့် တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စု ဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်း ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစား ပေး ကြိုးပမ်းလျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ နေရာတစ်နေရာ တွင် မငြိမ်းချမ်းပါက တစ်နိုင်ငံလုံး ငြိမ်းချမ်းသည်ဟု မဆိုနိုင်ပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးသည် ဆက်စပ်နေ ပါကြောင်း၊ မိမိတို့ စတင်တာဝန်ယူ စဉ်ကပင် ရခိုင်ပြည်နယ်၏ တည်ငြိမ် အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကို အလေးထားပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှု တိုးတက်ရေး အကောင်အထည် ဖော်ရေးဗဟိုကော်မတီကို ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရား ဥပဒေစိုးမိုးရေးလုပ်ငန်း၊ နိုင်ငံသား စိစစ်ရေးလုပ်ငန်း၊ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းနှင့် ကုလသမဂ္ဂအဖွဲ့အစည်း များ၊ နိုင်ငံတကာအဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း စသည့် လုပ်ငန်းကော်မတီ လေးခုဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများကို အစိုးရတစ်ခု တည်းက ဆောင်ရွက်၍မရနိုင်ပါ သဖြင့် လူမှုအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်ပါကြောင်း၊ ၂၀၁၇ခုနှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့သောကိစ္စ များကြောင့် လုပ်ငန်းဆောင်ရွက် ချက်များတွင် နှောင့်နှေးမှုများ ကြုံတွေ့ခဲ့ရပါကြောင်း၊ ယာယီခိုလှုံရာ စခန်းများသည် ယာယီသာဖြစ်သင့် ပြီး ကာလကြာရှည်ပါက ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးကို ထိခိုက်မည်ဖြစ် ကြောင်း၊ မိမိတို့၏ ဆောင်ရွက်မှု များသည် ရေရှည်တည်ငြိမ်အေးချမ်း ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှု သဟဇာတဖြစ်ရေးကို ဦးတည်လျက် ရှိရာ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ မဟာ ဗျူဟာများဖြင့် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုအခါ ပြည်တွင်း နေရပ်စွန့်ခွာသူများ၏ စခန်းများကို ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီ ခိုလှုံရာစခန်းများ ပိတ်သိမ်းရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ ကို ဖော်ဆောင်ပြီးဖြစ်ရာ လုပ်ငန်းစဉ် များချမှတ်ပြီး အကောင်အထည် ဖော်နိုင်ရေးအတွက် အကောင်းဆုံး မျှော်မှန်း၍ ညှိနှိုင်းဆောင်ရွက်မှုများ မှ ရရှိလာသည့် အကောင်းဆုံးအဖြေ များကိုလက်ခံပြီး ပူးပေါင်းဆောင်ရွက် ပေးကြစေလိုကြောင်းနှင့် ဆောင်ရွက် ကြရာတွင် တည်ငြိမ်အေးချမ်းမှုကို ရှေးရှုကြစေလိုကြောင်း ပြောကြား သည်။

**ဆွေးနွေးပြောကြား**

ထို့နောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက ကျောက် တစ်လုံး ယာယီခိုလှုံရာစခန်းအတွင်း ၌ နေထိုင်လျက်ရှိကြသော ပြည်တွင်း နေရပ်စွန့်ခွာသူများအား ပြန်လည် နေရာချထားရေးနှင့် စခန်းပိတ်သိမ်း ရေးဆိုင်ရာ လုပ်ငန်းများတွင် ညီညွတ် စွာ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေး အတွက် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စခန်းရှိပြည်တွင်း နေရပ်စွန့်ခွာသူများက ပညာသင်ကြား ရေး၊ စားဝတ်နေရေး၊ လွတ်လပ်စွာ သွားလာခွင့်နှင့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တွေ့ကြုံရသည့် အခက်အခဲများ၊ ဖြည့်ဆည်းပေးလိုသည့် အချက်များ ကို ဆွေးနွေးပြောကြားကြရာ ဒုတိယ ဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိ သူများက ပြန်လည်ညှိနှိုင်းဆွေးနွေး ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဖြူ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန

*စာမျက်နှာ ၉ သို့*

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ


နေပြည်တော်ကောင်စီဝင် ဦးညီထွန်း ဖြေကြားစဉ်။


မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော် မေးမြန်းစဉ်။


ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း ဖြေကြားစဉ်။


အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုး မေးမြန်းစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော်၏ **မောင်တောမြို့ (၄)မိုင် ရပ်ကွက်သို့ မြကန်သာကန်တော်ကြီးမှ သောက်သုံးရေ ဖြန့်ဝေပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် မောင်တောမြို့၊ ဗောဓိကုန်းဆည်မှ မြကန်သာဆည်အထွက် ပိုက်အထိ အချင်း ၁၀ လက်မရှိ PVC Pipe ၄ ဒသမ ၅ ကီလိုမီတာကို ခွင့်ပြုငွေကျပ်သန်း ၂၉၀ ဖြင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းအား ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ မောင်တောမြို့၊ (၄)မိုင်ရပ်ကွက်သို့ မြကန်သာကန်တော်ကြီးမှ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ ပဲခူးတိုင်းဒေသကြီးအတွင်း တည်ဆောက်ပေးခဲ့သော Type- C ယာယီကျောင်းဆောင်များကို အပြီးသတ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လွှတ်တော်ကိုယ်စားလှယ်မေးသည့် မေးခွန်းတွင်ပါသည့်အတိုင်း မေးခွန်းတင်ပြချိန်နှင့် ယခု ဖြေကြားချိန်သည် အချိန်များစွာ ကွာဟနေကြောင်းကို တင်ပြသွားပါကြောင်း၊ ကွာဟနေသည့် အချိန်အတွင်းတွင် ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်မှုများစွာရှိခဲ့ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)တွင် ကျန်ရှိသည့် ကျောင်း ၅၅ ကျောင်း၊ ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)တွင် ကျန်ရှိသည့်ကျောင်း ၃၂ ကျောင်း စုစုပေါင်း ၈၇ ကျောင်း ရှိပါကြောင်း၊ အခြေခံပညာဦးစီးဌာနအနေဖြင့် Type (A) အဖြစ် အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသည့် အခြေခံပညာကျောင်းပေါင်း ၈၇ ကျောင်းအတွက် ရန်ပုံငွေ ငွေကျပ် ၁၃၅၇ ဒသမ ၄၂၅ သန်း ကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် လုပ်ငန်းများဆောင်ရွက်ရန် ခွဲဝေဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## သင်ရိုးသစ်အတန်းများအတွက် Digital Text များ အသင့်ရှိနေပြီဖြစ်

အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၏ **မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်မြှင့်တင်နိုင်စေရန် သတ်မှတ်ပေးထားသည့် ပညာရေးအသုံးစရိတ်များ စနစ်တကျသုံးစွဲစေရန်နှင့် ပြဋ္ဌာန်းသင်ရိုးညွှန်းတမ်းများကို ပုံနှိပ်စာအုပ်များ ရိုက်နှိပ်ဖြန့်ဝေမည့်အစား Digital Text များအဖြစ် ပြောင်းလဲဖြန့်ဝေသုံးစွဲနိုင်ရန် မူဝါဒအစီအမံများ စတင်ရေးဆွဲပြီး အဆင့်လိုက် အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက KG+ 12 အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှုတွင် သင်ရိုးသစ် Grade -1, Grade-2, Grade-3 နှင့် Grade-6 အတန်းများအတွက် ကျောင်းသုံးစာအုပ်များနှင့် ဆရာကိုင်လမ်းညွှန်များကို Digital Format များဖြင့် ပြုစု၍ Soft Copy များကို ပြန်ကြားရေးဝန်ကြီးဌာနသို့ ပုံနှိပ်ရန် ပေးပို့ဆောင်ရွက်လျက်ရှိပြီး သင်ရိုးသစ်အတန်းများအတွက် Digital Text များ အသင့်ရှိနေပြီဖြစ်ပါကြောင်း။

၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် စတင်အသုံးပြုမည့် Grade-4, Grade-7 နှင့် Grade-10 အတန်းများအတွက် ကျောင်းသုံးစာအုပ်များနှင့် ဆရာကိုင်လမ်းညွှန်များကိုလည်း Digital Format ဖြင့် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် အတန်းများအတွက် သင်ခန်းစာများကိုလည်း Digital Format များရှိနေပြီဖြစ်သဖြင့် Tablet များတွင် ထည့်သွင်းအကောင်အထည်ဖော်ရန် အသင့်ရှိနေပြီဖြစ်ပါကြောင်း။

အခြေခံပညာဦးစီးဌာန၏ DBE Box ဆောင်ရွက်ရာတွင် ရှေ့ပြေးအစီအစဉ်အဖြစ် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၀ စုစုပေါင်း ကျောင်းပေါင်း ၆၀ တို့တွင် တပ်ဆင်အသုံးပြုနေပြီဖြစ်ပါကြောင်း၊ အင်တာနက်ဆက်သွယ်ရေးကောင်းမွန်မှုမရှိသော၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲရှိသော ကျောင်းများကိုလည်း ဦးစားပေးအစီအစဉ်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

## ရေရှည်အစီအမံများအဖြစ် တိုးချဲ့ဆောင်ရွက်သွားမည်

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆရာ၊ ဆရာမများအနေဖြင့် ဘာသာရပ်ဆိုင်ရာသင်ခန်းစာများနှင့် သင်ကြားသင်ယူရေး အရင်းအမြစ်များအား Touch Screen ဖုန်းများ၊ Tablet များဖြင့် အလွယ်တကူ လေ့လာကြည့်ရှုအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ စမ်းသပ်တပ်ဆင်ထားသည့် ကျောင်းများ၏ နေ့စဉ်အသုံးပြုမှုအခြေအနေများကို စစ်တမ်းကောက်ယူခြင်း၊ သုံးစွဲစဉ်တွေ့ကြုံရသည့် အခက်အခဲများနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များကို ပြန်လည်စိစစ်ခြင်း၊ နိုင်ငံတော်အစိုးရမှ ပညာရေးဝန်ကြီးဌာနအတွက် ချမှတ်ပေးသည့် ဘဏ္ဍာရန်ပုံငွေ အပေါ်မူတည်၍ Digital Text စီမံကိန်းကို တစ်နိုင်ငံလုံးအနေဖြင့် နှစ်စဉ်အလိုက် ရေရှည်အစီအမံများအဖြစ် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၏ **မကွေးတိုင်းဒေသကြီး၊ ဆောမြို့နှင့် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့ ထွက်ပေါက်လမ်းပေါ်နှင့် ဆောမြို့နယ်၊ ကံကြီးရွာ-မင်းတပ်-မတူပီ ထွက်ပေါက်လမ်းပေါ်တို့တွင် ဝါးတားဂိတ်ပြုလုပ်၍ ခတ်သတ္တုခွန်ကောက်ခံခြင်းဟုဆိုကာ မကွေးတိုင်းဒေသကြီးမှ ကန်ပက်လက်မြို့၊ မင်းတပ်မြို့ အဝင်အထွက်ကားများကို မောင်းတံဂိတ်များ ဖွင့်လှစ်ကောက်ခံစစ်ဆေးခြင်းကို ရပ်သိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ကန်ကြီးထောင့် မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင်၏ **ကန်ကြီးထောင့်မြို့ တည်ထောင်ခဲ့သည်မှာ ၂၄ နှစ်ကြာပြီဖြစ်သော်လည်း မြေပေးမိန့်ရရှိချိန်မှစ၍ ယနေ့အထိ နှစ်ပေါင်း ၂၀ အတွင်း နေအိမ်ဆောက်လုပ်နေထိုင်မှုမရှိသေးသော မြေကွက်ရယူထားသူများအား တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရန်နှင့် မြေပေးမိန့်မချရသေးသော မြေကွက်များစွာ ကျန်ရှိရာ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များအား ပြည်ထောင်စုအစိုးရမှ ဖိတ်ခေါ်လမ်းညွှန်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းကလည်းကောင်း၊ မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု (ခ) ဦးတင်နုအောင်၏ **မာန်အောင်မြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းများတွင် တိုင်းရင်းသားဘာသာ စာပေသင်ကြားရန် လိုအပ်လျက်ရှိသော ဆရာ၊ ဆရာမများအား ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို၏ **ပခုက္ကူမြို့နယ်၊ တင်းဂေါ်တ်ကျေးရွာအုပ်စု၊ ထနောင်းကုန်း အခြေခံပညာမူလတန်းလွန်ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ်သို့ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အမီ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းကလည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးဉာဏ်လင်းက **နိုင်ငံတော်၏ မျိုးဆက်သစ်လူငယ်များအား ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ခိုင်မြဲစွာ ရရှိစေရန်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်၏ အခြေခံနှင့် အဆင့်မြင့်ပညာရေးကျောင်းများတွင် အခြေခံအသင်းအဖွဲ့များ သတ်မှတ်ဖွဲ့စည်း၍ အသင်းအဖွဲ့အလိုက် အတန်းကိုယ်စားလှယ်များ၊ ကျောင်းကိုယ်စားလှယ်များမှသည် ကျောင်းကောင်စီအထိ ဒီမိုကရေစီနည်းကျ အဆင့်ဆင့်ရွေးချယ်ဖွဲ့စည်း၍ ကိုယ်တိုင်ပါဝင်ဆောင်ရွက်သည့် စနစ်တစ်ရပ်ကို ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှစ၍ အကောင်အထည်ဖော်စီမံဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို** တင်သွင်းရာတွင် မိမိတို့သည် ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတော်ကို တည်ဆောက်လျက်ရှိသော်လည်း ၁၉၆၂ ခုနှစ်မှစ၍ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ဒီမိုကရေစီစနစ် ပျက်သုဉ်းပြီးနောက် နှစ် ၅၀ ခန့်အကြာမှသာ သမိုင်းသင်ခန်းစာများကိုရယူ၍ ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတော်ကို တစ်ဖန်ပြန်လည်တည်ဆောက်နေရသောကြောင့် စိန်ခေါ်မှုများ၊ အခက်အခဲများစွာကို ကြုံတွေ့နေကြရသဖြင့် ထပ်မံ၍ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်မှ ဆန့်ကျင်ဘက်သို့ပြောင်းလဲမသွားစေရန် မျိုးဆက်သစ်လူငယ်များအား ဒီမိုကရေစီအလေ့အကျင့်ကောင်းများ စွဲမြဲခိုင်မာအားကောင်းစွာ ရရှိစေရန်အတွက် ပြုစုပျိုးထောင်လေ့ကျင့်ပေးရန် အထူးလိုအပ်လျက်ရှိပါကြောင်း။

## ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ရရှိနိုင်မည်

ထို့ပြင် နိုင်ငံတော်၏ အခြေခံနှင့် အဆင့်မြင့်ပညာသင်ကျောင်းများတွင် ဝါ၊ စိမ်း၊ နီ၊ ပြာ သို့မဟုတ် အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗိုလ်တေဇ (သို့မဟုတ်) အောင်ဆန်း စသည်ဖြင့် အသင်းအဖွဲ့(၄)ဖွဲ့ကို စုဖွဲ့ပြီး အတန်းအလိုက် အသင်းအဖွဲ့တစ်ဖွဲ့လျှင် ခေါင်းဆောင်တစ်ဦးစီကို ရွေးချယ်ပြီး တစ်ကျောင်းလုံးရှိ အတန်းလိုက် အသင်းအဖွဲ့ခေါင်းဆောင်များသည် မိမိ၏ အသင်းအဖွဲ့အလိုက်စုဝေးကာ အသင်းအဖွဲ့ တစ်ဖွဲ့လျှင် သုံးဦးစီကို ကျောင်းကောင်စီဝင်များအဖြစ် ရွေးချယ်၍ ကျောင်းကောင်စီဝင်များ၏ လျှို့ဝှက်မဲဖြင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ စသည်တို့ကို ရွေးချယ်ဆောင်ရွက်စေခြင်း၊ ကျောင်း၏အရေးကြီးတာဝန်အရပ်ရပ်ကို ဆောင်ရွက်ရာတွင် ကောင်စီဝင်များ ဆွေးနွေးတိုင်ပင်ပြီး သဘောထားကွဲလွဲမှုရှိပါက လျှို့ဝှက်ဆန္ဒမဲဖြင့် အများစု၏ ဆန္ဒသဘောထားနှင့်အညီ လိုက်နာဆောင်ရွက်ရသည့် ဒီမိုကရေစီနည်းလမ်းကို သတ်မှတ်ရွေးချယ်ဆောင်ရွက်စေရန် အဓိကတာဝန်ယူထားသည့် ကောင်စီဝင်အားလုံးက ကျောင်းသားထုတစ်ရပ်လုံးကို စည်းရုံး၍ ဒီမိုကရေစီနည်းကျ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပါက မျိုးဆက်သစ်လူငယ်များသည် ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့ပြောင်းလဲကျင့်သုံးနေသော ပညာရေးစနစ်သည် ဆရာဗဟိုပြု ပညာရေးစနစ်မဟုတ်ဘဲ ကျောင်းသားဗဟိုပြုပညာရေးစနစ်ဖြစ်၍ ကျောင်းသား ကိုယ်တိုင်ဖွဲ့စည်းဆောင်ရွက်မည့် စနစ်သစ်ကို ဒီမိုကရေစီအလေ့အကျင့်ကောင်းများရရှိအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက နိုင်ငံတော်အတွက် ဒီမိုကရေစီနည်းကျတည်ဆောက်ရာတွင် ပိုမိုအကျိုးပြုမည်ဖြစ်ပါကြောင်း ရှင်းတင်းတင်ပြသည်။

ယင်းနောက် ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်းက အဆိုကို ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ ဆန္ဒရယူရာ သဘောတူသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အမျိုးသားလွှတ်တော်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်များအတိုင်းထားရှိမည့် အချက် ၅၈ ချက်နှင့် ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်က လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် ၅၈ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း ထားရှိရန်တို့ကို တင်ပြကြရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဥပဒေကြမ်းကော်မတီနှင့် ပညာရေးဝန်ကြီးဌာနတို့၏ သဘောထားရယူပြီး လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က သဘောကွဲလွဲသည့် အချက် ၅၈ ချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က တင်ပြခဲ့သည့် အချက် ၅၈ ချက်နှင့် စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# မလှိုင်မြို့နယ်၌ ဓာတ်အားခွဲရုံသစ် တည်ဆောက်မည်

**မိတ္ထီလာ ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်စေရန် ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ မလှိုင်ဓာတ်အားခွဲရုံသစ်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း မိတ္ထီလာခရိုင် လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

မလှိုင်မြို့ပေါ် ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိ နိုင်ငံတော်လျှပ်စစ်ဓာတ်အားစနစ်မှ ဓာတ်အားရယူအသုံးပြုလျက်ရှိသည့် ကျေးရွာများတွင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ရရှိအသုံးပြုနိုင်စေရန်နှင့် လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများသို့လည်း ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက ကြီးကြပ်ပြီး JICA အစီအစဉ်ဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူ၍ မူလဓာတ်အားခွဲရုံနေရာအနီးမှာပင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ခရိုင်လျှပ်စစ်မန်နေဂျာ ဦးယုမော်က ပြောကြားသည်။

ယခုလက်ရှိ အသုံးပြုနေသော မလှိုင်ဓာတ်အားခွဲရုံရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ နှစ်လုံးမှ မြို့ပေါ်ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိ ကျေးရွာ ၂၄၇ ရွာအနက် ကျေးရွာ ၁၄၀ သို့ ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိရာ အဆိုပါ ထရန်စဖော်မာနှစ်လုံးမှာ အသုံးပြုသည့် ဝန်အားနှင့် ကိုက်ညီမှုမရှိတော့သည့်အတွက် ယခု မလှိုင်ဓာတ်အားခွဲရုံသစ်ကို ထပ်မံတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

**နေပြည်တော်  ဖေဖော်ဝါရီ  ၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၏ **ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်၊ ကျိုင်းတုံဟော်လုံ(ဟော်နန်း) မြေနေရာကို ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်က ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းထားသည့် မြေနေရာသည် ဌာနအမည်ပေါက် မြေလွှဲရရှိထားပြီး အဆိုပါမြေပေါ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင် နှစ်ဦးကို နှစ်(၇၀)နှစ်ရှည်ငှားရမ်းထားသော ဟိုတယ်များ ဆောက်လုပ်တည်ရှိနေ၍ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိနေပါကြောင်း၊ ထို့ကြောင့် ဌာနကတရားဝင်အငှားချထားသည့် စာချုပ်များ သက်တမ်းကုန်ဆုံးခြင်း မရှိသေးပါသဖြင့် ယင်းစာချုပ်များ သက်တမ်းကုန်ဆုံးချိန်တွင် ပြည်သူပိုင်သိမ်းအဆောက်အအုံများကို မူလပိုင်ရှင်နှင့် ပိုင်ရှင်၏ဆက်ခံသူများက ပြန်လည်လျှောက်ထားသည့် ကိစ္စများနှင့်စပ်လျဉ်း၍ လိုက်နာရမည့် ညွှန်ကြားချက်များနှင့်အညီ စဉ်းစားဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့တွင်း မြို့ရှောင်လမ်း ၁၈ ပေအကျယ်မှ ပေ၅၀ အကျယ် တာချဲ့ခြင်းကို ၂၀၂၀ – ၂၀၂၁ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ဆမီးမြို့တွင်း မြို့ရှောင်လမ်းကို ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစွာသွားလာနိုင်ရန်အတွက် မူလလမ်းအကျယ် ၁၈ ပေမှ ၃၄ ပေ အကျယ် လမ်းတာချဲ့ခြင်းလုပ်ငန်းကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင်၏ **ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ရွှေကျီးနားရပ်ကွက်မှ စင့်ကင်ကျေးရွာသို့ တာပိန်ချောင်းကို ဖြတ်၍ ရာသီမရွေးသွားလာနိုင်သည့် ကွန်ကရစ်တံတား ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ** သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက တာပိန်မြစ်ကူးတံတားသည် ချဉ်းကပ်လမ်းအပါအဝင် စုစုပေါင်း အရှည်ပေ ၂၀၀၀ ခန့် တည်ဆောက်ရမည်ဖြစ်သည့်အတွက် လာမည့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျွမ်းကျင်ပညာရှင်များဖြင့် တံတားတည်ဆောက်ရန်အတွက် Feasibility Study ကို ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်၏ နောက်ပိုင်းကာလများတွင် ရန်ပုံငွေများတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## မျက်နှာပြင်ညှိလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၏ **ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်မြို့ရှောင် ကတ္တရာလမ်းအရှည်(၁)မိုင် (၇)ဖာလုံကို ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် လမ်းနယ်ကျူးကျော်အဆောက်အအုံများကို စနစ်တကျ ဖယ်ရှားပေးနိုင်ခြင်း ရှိ/မရှိ** သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ ထောက်ကြန့်မြို့ရှောင်လမ်းကို ၂၄ ပေ အကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့် နှစ်စဉ်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စတုရန်းပေ ၂၀၀၀၀ ကို ကတ္တရာကွန်ကရစ်ဖြင့် လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းနှင့် ကျောက်ကတ္တရာဖြင့် စတုရန်းပေ ၃၁၆၈၀ ကို မျက်နှာပြင်ညှိလွှာခင်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်အထိ စတုရန်းပေ ၄၀၀၀ နှင့် စတုရန်းပေ ၅၇၆၀ တို့ လုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း။

ထောက်ကြန့်မြို့ရှောင်လမ်း မိုင်တိုင်(၀/၀)မှ (၀/၄)အကြား လမ်းဘေးဝဲ/ယာရှိ လမ်းနယ် ပေ ၃၀၀ တွင် ကျူးကျော်နေသည့် အဆောက်အအုံ ၄၄ လုံးကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် ပထမအကြိမ်၊ ဒီဇင်ဘာ ၃ ရက်တွင် ဒုတိယအကြိမ် Notice စာပေးပို့ထားပြီး ဖြစ်ပါကြောင်းနှင့် ဒီဇင်ဘာ ၂၄ ရက်တွင် ကျူးကျော်နေသူများကို တတိယအကြိမ် သတိပေးအကြောင်းကြားစာပေးပို့ပြီးဖြစ်၍ ဖယ်ရှားရှင်းလင်းပေးခြင်းမရှိပါက လမ်းမကြီးများဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လမ်းနယ်အတွင်း ကျူးကျော်ဝင်ရောက်မှုများကို ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးပါက ထောက်ကြန့်မြို့ရှောင်လမ်းကို ပိုမိုအဆင်ပြေချောမွေ့စွာ သွားလာအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ အမ်း – တပ်တောင်လမ်းတွင် လမ်းချဲ့ရန် ကျန်ရှိနေသည့် ၂ မိုင် ၂ ဖာလုံနှင့် လမ်းခင်းရန်ကျန်ရှိနေသော ၂ မိုင် ၃ ဖာလုံ၊ လုပ်ငန်းကျန် Over Lay ၄ ဖာလုံကို လာမည့်ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်ဆောင်ရွက်ပေးရန်နှင့် အမ်းမြို့နယ်အတွင်း ၂၀၁၅ – ၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ လမ်းဦးစီးဌာနမှ နှစ်စဉ် ဘဏ္ဍာငွေ(ပြည်ထောင်စုနှင့် ပြည်နယ်ဘဏ္ဍာငွေ)မည်မျှသုံးစွဲခဲ့သည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင် အတွင်းရှိ အမ်း – တပ်တောင်လမ်း အရှည် (၂၁)မိုင် (၃)ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း (၁၈)မိုင် (၄)ဖာလုံနှင့် ကျောက်ချောလမ်း (၂)မိုင် (၇)ဖာလုံ ဖြစ်ပါကြောင်း၊ အဆိုပါ လမ်း၏ (၁)မိုင် (၄ ဒသမ ၅)ဖာလုံကို ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း၊ (၁)မိုင်ကို ပေ ၄၀ အကျယ် မြေသားတာပေါင်ချဲ့ခြင်း၊ (၃)ဖာလုံကို ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် အရှည်ပေ ၅၀ အထက် (တည်ဆောက်ဆဲ) တံတား လေးစင်းတို့ကို ၂၀၁၉ – ၂၀၂၀ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ (ငွေလုံးငွေရင်း/ ပြင်ဆင်ထိန်းသိမ်းခြင်း) ရန်ပုံငွေကျပ် ၁၁၃၈ ဒသမ ၂၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ရန် ကျန်ရှိနေသည့် (၁)မိုင် ၂ ဒသမ ၅ ဖာလုံကို ပေ ၄၀ အကျယ် မြေသားတာပေါင်ချဲ့ခြင်းနှင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခြင်း လုပ်ငန်းများကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ငွေလုံးငွေရင်း ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ကာ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

အမ်းမြို့နယ်အတွင်းရှိ မင်းဘူး – အမ်း – စစ်တွေလမ်းအရှည် (၆၄)မိုင် (၆)ဖာလုံ၊ အမ်း – တပ်တောင်လမ်းအရှည် (၂၁)မိုင် (၃)ဖာလုံ၊ အမ်း – ပဒဲကြော–မအီလမ်း အရှည် (၃၆)မိုင် (၅)ဖာလုံ၊ ညောင်ချောင်း – တပ်တောင်လမ်းအရှည် (၇)မိုင်၊ အမ်းမြို့တွင်း လမ်းအရှည် (၁)မိုင် (၃)ဖာလုံနှင့် တပ်တောင် – ရှူး – တမန်းဒူးလမ်းအရှည် (၂၆) မိုင် (၁)ဖာလုံ စုစုပေါင်းလမ်း ငါးလမ်းအတွက် အရှည်(၁၅၇)မိုင် (၂)ဖာလုံသည် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းပိုင်းများဖြစ်ပါကြောင်း။

## လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

အမ်းမြို့နယ်အတွင်းရှိ အဆိုပါလမ်းပိုင်းများအတွက် ၂၀၁၅ – ၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေကျပ် ၁၇ ဒသမ ၅ ဘီလီယံနှင့် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၁၈ ဒသမ ၄၁၅ ဘီလီယံ စုစုပေါင်း ရန်ပုံငွေကျပ် ၃၅ ဒသမ ၉၁၅ ဘီလီယံရရှိခဲ့ပြီး မြေစီခင်းခြင်း (၃)ဖာလုံ၊ ကွန်ကရစ် လမ်းခင်းခြင်း (၆)ဖာလုံ၊ ကတ္တရာလမ်းခင်းခြင်း (၁၃)မိုင်၊ ၁၈ ပေနှင့်အထက် ကတ္တရာလမ်းချဲ့ခြင်း (၁၀)မိုင် ၆ ဒသမ ၅ ဖာလုံ၊ ကျောက်ချောလမ်းနှင့် အမာခံလမ်းခင်းခြင်း (၁၈)မိုင် ၁ ဒသမ ၅ ဖာလုံ၊ မြေသားတာပေါင်တည်ဆောက်ခြင်း (၄၂)မိုင် ၇ ဒသမ ၅ ဖာလုံ၊ မြေထိန်းနံရံတည်ဆောက်ခြင်း ပေ ၆၇၆၀၊ ပေ (၁၈၀)အောက် တည်ဆောက်ပြီး တံတား (၆၄)စင်းနှင့် တည်ဆောက်ဆဲတံတား သုံးစင်း၊ ပေ ၁၈၀ အထက် တည်ဆောက်ပြီး တံတားတစ်စင်းနှင့် တည်ဆောက်ဆဲတံတား နှစ်စင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် နှစ်စဉ် လမ်း၊ တံတားများကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်း၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပလက်ဝ – အဘောင်သား – ခဝဲ ကားလမ်းပေါ်ရှိ ရပ်ချောင်းကြိုးတံတားဟောင်းကို အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားသည့် ရပ်ချောင်း ကြိုးတံတားသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့်(၃) လမ်းပေါ်တွင် တည်ရှိသော တံတားဖြစ်သည့်အတွက် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေးက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ စိုးဝင်းထွန်း**




ဒုတိယဝန်ကြီး ဦးတင်လတ် ဖြေကြားစဉ်။



ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာ စိုင်းဆိုင်ကျော်ဆမ် မေးမြန်းစဉ်။



ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ဖြေကြားစဉ်။



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက် မေးမြန်းစဉ်။



ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီသို့ အစ်ကို ဦးခင်မောင်ကြီး(ဦးခင်ကြီး)၊ အစ်ကို ဦးသိန်းမြင့်၊ အစ်မ ဒေါ်အေးအေးသစ်တို့အား ရည်စူး၍ ဦးစိုးဝင်း–ဒေါ်မာမာဆွေ မိသားစုက အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းစဉ်။

သတင်းစဉ်

## ညအပူချိန်များ အနည်းငယ်လျော့နည်းမည်

**နေပြည်တော်  ဖေဖော်ဝါရီ  ၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၅ / ၂၀၂၀**
**၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မှန်ကင်းကျေးရွာနေ ဒေါ်ထွေးရင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း | ၂၇-၁-၂၀၂၀ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ မှန်ကင်းကျေးရွာနေ ဒေါ်ထွေးရင်(၅၃)နှစ်၊ (ဘ) ဦးသိန်းမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် သားဖြစ်သူ ချစ်သူ (၁၉) နှစ်၊ (ဘ) ဦးမောင်ဆိုင်တို့ (၂) ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးတုံ) မယ(ပ) ၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ဖုန်ကုန်းလေးကျေးရွာနေ သိန်းမော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁-၂၀၂၀ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ မြတောင်စံပြကျေးရွာ သွားလမ်းပေါ်၌ ဖုန်ကုန်းလေးကျေးရွာနေ သိန်းမော် (၄၅) နှစ်၊ (ဘ) ဦးအောင်ရှိန် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ထီးချိုင့်) မယ(ပ)၅/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၆(ဂ)ဖြင့်အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြိတ်တောင်နယ်မြေ၊ မွန်စုရပ်ကွက်နေ သားကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁-၂၀၂၀ ရက်နေ့တွင် မြိတ်မြို့၊ မြိတ်တောင်နယ်မြေ၊ မွန်စုရပ်ကွက်နေ သားကြီး (ခ) သိန်းထွန်းဦး (၂၈) နှစ်၊ (ဘ)ဦးသန်းထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မြိတ်) မယ(ပ)၁၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၆ (ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ တောင်ငယ်ကျေးရွာနေ နိုင်ငယ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁-၂၀၂၀ရက်နေ့တွင်ဘုတ်ပြင်းမြို့နယ်၊ တောင်ငယ်ကျေးရွာနေ နိုင်ငယ် (ခ) နိုင်လင်း (၃၁) နှစ်၊ (ဘ) ဦးထွန်းမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မဏ္ဍိုင်) မယ(ပ) ၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်နေ မနီနီဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၁-၂၀၂၀ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၁၉) ရပ်ကွက်နေ မနီနီဝင်း(၂၄)နှစ်၊ (ဘ)ဦးစိုးသိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူတစ်ရပ်ကွက်တည်းနေ မကျော်ဇေယျ(ခ)မမဲလုံး(၁၅) နှစ်၊ (ဘ) ဦးလှမျိုးဝင်းတို့ (၂) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လှိုင်သာယာ) မယ(ပ)၁၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနား(အနောက်)ရပ်ကွက်နေ မိနီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၊ နေသိဒ္ဓိလမ်းပေါ်၌ ၎င်းလမ်းနေ မိနီ (ခ) မနီနီလွင်(၄၃)နှစ်၊ (ဘ)ဦးကျော်သိန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်) မယ(ပ)၁၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်နေ မိခိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁-၂၀၂၀ရက်နေ့တွင်မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်နေ မိခိုင် (ခ) ခိုင်သန္တာဦး (၃၅) နှစ်၊ (ဘ) ဦးမြင့်ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့်မမစ (မြောက်ဥက္ကလာပ) မယ(ပ)၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၆(ဂ)ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁-၂-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၉၆၄) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၂၄၀)ဦး၊ မ(၂၄၉) ဦး၊ ပေါင်း(၁၄၈၉)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၇၅၀၂.၃၈၁၄) ဂရမ်၊ ICE(၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၀၃၃၉.၀၂၁၆၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၁.၂၇)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၂၄၂.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား (၄၆၃၄၃၂) ပြား၊ ဆေးခြောက် (၁၀၃၁၀.၄၂) ဂရမ်၊ ဘိန်းရည် (၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈) ဂရမ်၊ဘိန်းစေ့(၆၀)ဂရမ်၊စိတ်ကြွ ဆေးပြားအကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasyအကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၉) လက်၊ ကျည်မျိုးစုံ (၂၅၇) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့်မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**
**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၅၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၅၉၀၂၃၃
**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

*စာမျက်နှာ ၆ မှ*

ညှိရိပ်သာခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောက်ဖြူမြို့နယ်ရှိ ဒေသခံမြို့မိမြို့ဖများ၊ ကျောက်ဖြူ ကျောက်တစ်လုံး ယာယီစခန်းရှိ စခန်းတာဝန်ခံနှင့် ကိုယ်စားလှယ်များကို တွေ့ဆုံကာ ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍ သဘောထား အမြင်များကို ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းများ ပြုလုပ်ကြသည်။

ယင်းနောက် ကျောက်ဖြူမြို့နယ် ဒေသခံမြို့မိမြို့ဖများက ကျောက်တစ်လုံး ယာယီခိုလှုံရာ စခန်းကို ပြန်လည်နေရာချထားပေးမည့် လျာထားမြေနေရာ အခြေအနေများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ ကျောက်ဖြူခရိုင်အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်ဖြူ ကျောက်တစ်လုံးစခန်း၏ ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍ ကျောက်ဖြူမြို့နယ် ဒေသခံ မြို့မိမြို့ဖများ၏ သဘောထားများ၊ စခန်းတာဝန်ခံနှင့် ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားများကို ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ UEHRD ကော်မတီ၏ ညှိနှိုင်းရေးမှူးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ကျောက်တစ်လုံး IDP စခန်းရှိ နေရပ်စွန့်ခွာသူများကို ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အမျိုးသားအဆင့် မဟာဗျူဟာနှင့်အညီ ဆောင်ရွက်နိုင်ရန် ဆက်လက်ညှိနှိုင်းသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

ဖေဖော်ဝါရီ ၂ ရက်က မန့်ဟီးရိုးမြို့ရှိ နှစ်နိုင်ငံ အဝင်/အထွက်ဂိတ်နှင့် နမ့်ခမ်းမြို့ရှိ မန့်ဟောင်းဂိတ်နှင့် နောင်တိန်းဂိတ်တို့ကို ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ရာ၌ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုအထောက်အကူပြု ပစ္စည်း ကိရိယာများကို လှူဒါန်းသည်။ ဆက်လက်ပြီး ဇန်နဝါရီ ၃ ရက်တွင် မူဆယ်ခရိုင် ပန်ဆိုင်း (ကြူကုတ်) မြို့ရှိ နှစ်နိုင်ငံ အဝင်/အထွက်ဂိတ်ဖြစ်သည့် ဝမ်တိန်ဂိတ်ကို စစ်ဆေးပြီး နယ်စပ်ဂိတ်တွင် လိုအပ်သည့် စက်ကိရိယာများလှူဒါန်းခြင်း၊ မူဆယ်မြို့ မုံးကိုးမြို့နှင့် ပန်ဆိုင်းမြို့တို့အတွက် Royal Loisamship ကုမ္ပဏီလီမိတက်မှ နှာခေါင်းစည်း စုစုပေါင်းငါးထောင်ကို မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးထံမှတစ်ဆင့် လှူဒါန်းသည်။

ဆက်လက်၍ ခရိုင်၊ မြို့နယ်အလိုက် ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့အစည်းများ၊ ကြက်ခြေနီအသင်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားခြင်းမရှိစေရန် ပညာပေးဆွေးနွေးသည်။

**နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ**

မူဆယ်ခရိုင်အတွင်းရှိ နယ်စပ်ဂိတ်များတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခြင်းမှ ကြိုတင်ကာကွယ်ဆောင်ရွက်ခြင်းအပေါ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး (လားရှိုး) ဒေါက်တာတင်မောင်ညွန့်က "မူဆယ်ခရိုင်ဂိတ်တွေမှာ ကျန်းမာရေးစစ်ဆေးမှုတွေကို ဌာနဆိုင်ရာ၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပရဟိတတွေ ပူးပေါင်းပြီး လုပ်ဆောင်ချက်တွေဟာ ကျေနပ်စရာကောင်းတယ်။ အသိပညာပေးတာတွေ၊ နှာခေါင်းစည်း အခမဲ့ဖြန့်ဝေပေးတာတွေကအစ ကျေနပ်အားရတယ်။ လက်ရှိအချိန်ထိ ရှမ်းပြည်နယ် (မြောက်ပိုင်း) မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူနဲ့ သံသယရှိတဲ့လူနာ မတွေ့ရှိသေးဘူး" ဟု ပြောကြားသည်။

**ကျန်းမာရေးစစ်ဆေးချက်အဆင့်ဆင့်ဆောင်ရွက်**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ယနေ့တိုင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူမရှိသေးခြင်းသည် ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့များနှင့် ပြည်သူတစ်ရပ်လုံးပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ပြီး မူဆယ်မြို့မှ မြန်မာနိုင်ငံအနှံ့သို့ သွားလာနေသည့် ခရီးသည်များထံမှလည်း ကူးစက်လာခြင်း မရှိစေရန် နယ်စပ်ဂိတ်များအပြင် မူဆယ်မြို့ အဝေးပြေးယာဉ်လိုင်းများ၊ မူဆယ်မြို့တွင်းများ၊ အခြေခံကျောင်းများနှင့် မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့တို့တွင် ကျန်းမာရေးစစ်ဆေးချက်များအဆင့်ဆင့် ဆောင်ရွက်ထားကြောင်း မူဆယ်မြို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၏ ပြောကြားချက်အရ သိရသည်။

**ဆလိုင်းဗန်ရိုးထန် (ပြန်/ဆက်)**

## ကချင်အမျိုးသားပါတီ (Kachin National Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၄၃/၂၀၂၀)**
**၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)**

**ကချင်အမျိုးသားပါတီ (Kachin National Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက် (၁)၊ အေးချမ်းသာယာလမ်းသွယ် (၂)၊ နယ်မြေ(၇)၊ အိမ်အမှတ်(၁၈၈) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကချင်အမျိုးသားပါတီ (Kachin National Party)** ကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ကချင်အမျိုးသားပါတီ (Kachin National Party)** ၏ မှတ်ပုံတင်အမှတ်သည် (၁၂၅) ဖြစ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# 2019 Novel Coronavirus (2019-nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီအစည်းအဝေး ပထမအကြိမ်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

2019 Novel Coronavirus (2019–nCoV) ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ဗဟိုကော်မတီဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ပူးတွဲဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့ ဦးဆောင်၍ ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ပြည်နယ် (၃) ခုနှင့် တိုင်းဒေသကြီး (၃)ခုတို့၏အစိုးရအဖွဲ့များမှ ဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် 2019 Novel Coronavirus (2019–nCoV) ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## ဆိုက်ရောက်ဗီဇာ ထုတ်ပေးခြင်းကို ယာယီရပ်ဆိုင်းထား

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ယနေ့အစည်းအဝေးတွင် ဗဟိုကော်မတီအတွက် ချမှတ်ထားသော လုပ်ငန်းတာဝန်များနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ပြီးစီးမှုများ၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကိုအခြေခံ၍ ရေရှည်ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းသွားကြရန် ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးမတိုင်မီ ကနဦး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၁ ရက်တွင် မိမိမှဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးအကြံပြုချက်များအရ ဗဟိုကော်မတီအနေဖြင့် ပြီးခဲ့သည့် နှစ်ရက်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ပြောကြားလိုပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်ကြေညာချက် ထုတ်ပြန်ခဲ့မှုအရသော်လည်းကောင်း၊ လတ်တလော အခြေအနေများအရ ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှု အထူးစိုးရိမ်ဖွယ်ရာ အခြေအနေသို့ ရောက်ရှိလာပြီး မြန်မာပြည်သူပြည်သားများ၏ ကျန်းမာရေးအတွက် ယင်းကူးစက်ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက်လည်းကောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ကမ္ဘာလှည့်ခရီးသွားများအား ဆိုက်ရောက်ဗီဇာ(Visa on Arrival) ထုတ်ပေးခြင်းကို ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ယာယီရပ်ဆိုင်းထားရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဝူဟန်မြို့၌ ပိတ်မိနေသော မြန်မာပညာသင် ၆၃ ဦးအနက် ၅၉ ဦးကိုလည်း ဖေဖော်ဝါရီ ၂ ရက်တွင် ဝူဟန်မြို့မှ မန္တလေးမြို့သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပါကြောင်း၊ အဆိုပါခရီးစဉ် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဘက်ဘက်မှ ပူးပေါင်းကူညီ ဆောင်ရွက်ပေးခဲ့သော ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးတို့မှ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လိုအပ်သည့် ကူညီပံ့ပိုးမှု အစီအမံများကို ဆောင်ရွက်ပေးလျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြို့တော်ဝန်တို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ခရီးစဉ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် ကျောင်းသားမိဘများနှင့် ပြည်သူပြည်သားများ၏ စိုးရိမ်သောကများကို လျော့နည်းစေသည်သာမက ပြည်ပရောက် မိမိနိုင်ငံသားများ၏အကျိုးကို အလေးအနက်ထား ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည် ဆိုသည့် ပုံရိပ်ကောင်းကို နိုင်ငံတကာမျက်နှာစာတွင် မှတ်ကျောက်တင်လိုက်ခြင်းပင် ဖြစ်ပါကြောင်း ပြောကြားသည်။

## ဆက်သွယ်မှုလမ်းကြောင်းကို ရှင်းလင်းစွာ ချမှတ်ဆောင်ရွက်ရန် အထူးအရေးကြီး

ထို့နောက် ဗဟိုကော်မတီ ပူးတွဲဥက္ကဋ္ဌ ဒေါက်တာမြင့်ထွေးက 2019–nCoV အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါသည် ဗိုင်းရပ်စ်ပိုးအသစ်ကြောင့်ဖြစ်ပွားသည်ဖြစ်၍ ရောဂါဖြစ်ပေါ် ပြောင်းလဲမှုသဘောသဘာဝဖြစ်စဉ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆက်လက်လေ့လာလျက်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဤရောဂါဖြစ်ပွားပျံ့နှံ့နေမှုသည် နေ့စဉ် ဆက်လက်မြင့်မားနေပြီး အခြားနိုင်ငံများသို့လည်း ကူးစက်ပျံ့နှံ့နေသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့အနေဖြင့် ဝန်ကြီးဌာနများအကြား စနစ်တကျ ချိန်သားကိုက် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှု (systematic and synchronized coordination and collaboration) များ ကောင်းမွန်စွာဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများအကြား ဆက်သွယ်မှုလမ်းကြောင်းကို တိကျရှင်းလင်းပြတ်သားစွာ ချမှတ်ဆောင်ရွက်ရန်လည်း အထူးအရေးကြီးပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၊ ရေဆိပ်များ၊ နယ်စပ်ဝင်၊ ထွက်ပေါက်များတွင် ကိုယ်ခန္ဓာအပူချိန်တိုင်း ကိရိယာများ အသုံးပြု၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း။

## ကျန်းမာရေး အသိပေးနှိုးဆော်မှုများ ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိ

ဟိုတယ်များနှင့် တည်းခိုခန်းများမှ တာဝန်ရှိသူများ၊ ခရီးသွားလမ်းညွှန်များ၊ အငှားကား၊ ဘတ်(စ်)ကားနှင့် အဝေးပြေးယာဉ် မောင်းနှင်သူများနှင့် ယာဉ်နောက်လိုက်များ အနေဖြင့် နိုင်ငံတကာခရီးသည်များတွင် ရောဂါဖြစ်ပွားမှု သံသယရောဂါလက္ခဏာများ တွေ့ရှိရခြင်း၊ နာမကျန်းဖြစ်ခြင်းတို့ကို တွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း တယ်လီဖုန်းဖြင့် အကြောင်းကြားပေးရန်မှာ အရေးကြီးပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဤရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးအသိပညာများ၊ အသိပေးနှိုးဆော်မှုများကို ဘက်ပေါင်းစုံမှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ် ဝင်/ထွက်ပေါက်များ တစ်လျှောက်ရှိနေသည့် မြို့များမှ ပြည်သူများ အဆိုပါ ကျန်းမာရေးအသိပညာဗဟုသုတများ ရရှိစေရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆက်စပ်ဝန်ကြီးဌာနများက အထူးကိစ္စရပ်အနေဖြင့် ပူးပေါင်းပံ့ပိုး ဆောင်ရွက်ပေးစေလိုပါကြောင်း။

## ကောလာဟလသတင်းတုများကို ထုတ်ပြန်သောသတင်းများနှင့် စိစစ်

လူမှုကွန်ရက် စာမျက်နှာများတွင် ကောလာဟလသတင်းများ ဖြန့်ဝေနေမှုများကို ချေဖျက်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) မှ ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအသီးသီးအနေဖြင့်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာမှ ရောဂါနှင့် ပတ်သက်သည့် အကြောင်းအရာ၊ သတင်းအချက်အလက်များကို ပုံမှန်ကြည့်ရှုစေလိုပြီး ကောလာဟလသတင်းတုများကို မိမိတို့ဝန်ကြီးဌာနမှ ထုတ်ပြန်သောသတင်းများနှင့် တိုက်ဆိုင်စိစစ်စေလိုပါကြောင်း၊ အထူးသဖြင့် နယ်စပ် ဝင်/ ထွက်ပေါက် ကုန်းလမ်းမှ ဝင်ရောက်လာသူများကို ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ပတ်သက်၍ ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ဝေဘာဂီအထူးကုဆေးရုံတို့တွင် ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရှိမှုများကို သွားရောက်ကြည့်ရှုခဲ့ရာ ကျေနပ်ဖွယ်ရှိပါကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခြင်း၊ သံသယလူနာများအား စောစီးစွာ ထောက်လှမ်းခြင်း၊ သံသယလူနာ/အတည်ပြုလူနာများအား အခြားသူများနှင့် မထိတွေ့စေဘဲ သီးခြားခန်းတွင် ထားရှိကုသမှုပေးခြင်း၊ သံသယလူနာ/လူနာနှင့် အနီးကပ် ထိတွေ့ဆက်ဆံဖူးသူများကို ထောက်လှမ်း၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါထပ်မံပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်ခြင်းနှင့်

*စာမျက်နှာ ၁၁ သို့*

❍ ဟိုတယ်များနှင့် တည်းခိုခန်းများမှ တာဝန်ရှိသူများ၊ ခရီးသွားလမ်းညွှန်များ၊ အငှားကား၊ ဘတ်(စ်)ကားနှင့် အဝေးပြေးယာဉ်မောင်းနှင်သူများနှင့် ယာဉ်နောက်လိုက်များအနေဖြင့် နိုင်ငံတကာခရီးသည်များတွင် ရောဂါဖြစ်ပွားမှု သံသယရောဂါလက္ခဏာများ တွေ့ရှိရခြင်း၊ နာမကျန်းဖြစ်ခြင်းတို့ကို တွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း တယ်လီဖုန်းဖြင့် အကြောင်းကြားပေးရန်မှာ အရေးကြီး

❍ လူမှုကွန်ရက်စာမျက်နှာများတွင် ကောလာဟလသတင်းများ ဖြန့်ဝေနေမှုများကို ချေဖျက်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) မှ ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိ

*စာမျက်နှာ ၁၀ မှ*

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် သတင်းအချက်အလက်များ အပြန်အလှန်ဝေမျှခြင်းတို့ကို လုပ်ဆောင်ရန် တိုက်တွန်းခဲ့ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရောဂါကူးစက်ပျံ့နှံ့ဖြစ်ပွားမှုကို အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် မကြေညာမီကတည်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ယခုလည်း အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ လစ်ဟင်းမှုမရှိဘဲ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန်အတွက် ဗဟိုအဆင့် အစည်းအဝေးကို နေ့စဉ်ကျင်းပဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးသည်။

### ကျန်းမာရေးအသိပညာပေးခြင်း လူထုအတွင်းရောက်ရှိစေရန် ဆောင်ရွက်

ဆက်လက်၍ ဗဟိုကော်မတီအတွင်းရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက 2019 Novel Coronavirus (2019–nCoV) ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် မြန်မာနိုင်ငံက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာတွင် ရောဂါဖြစ်ပွားမှုသတင်းများကို ပြည်သူလူထုမှ သတင်းပေးပို့နိုင်ရန်အတွက် Hotline ထားရှိ သတင်းရယူမှု၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ဟိုတယ်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူ ဝန်ထမ်းများအား ကျန်းမာရေး ပညာပေးနိုင်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ဝူဟန်မြို့မှ ပြန်လည်ရောက်ရှိလာသော မြန်မာပညာတော်သင်များ၊ အနီးကပ်ထိတွေ့ခဲ့သူ ကျန်းမာရေးဝန်ထမ်းများ၊ လေယာဉ်မှူးအဖွဲ့များနှင့် လေယာဉ်အမှုထမ်းများအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လိုအပ်သော ရောဂါကာကွယ်ရေး ပစ္စည်းများနှင့် ဆေးနှင့် ဆေးပစ္စည်းများ စုစည်းထားရှိမှု။

### အဖျားရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှု

စောင့်ကြည့် လူနာများအား ဆေးကုသခြင်းနှင့် ၎င်းတို့ထံတွင် ရောဂါဖြစ်ပွားလာပါက ရောဂါဆက်လက်ပြန့်ပွားမှု မရှိစေရေးအတွက် ရောဂါပိုးထိန်းချုပ်မှု၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ထွက်ပေါက်များတွင် အဖျားရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှု၊ သံသယလူနာတွေ့ရှိပါက သီးခြားထားရှိ ကုသမှုပေးနိုင်ရန် ရန်ကုန်မြို့ ဝေဘာဂီ အထူးကုဆေးရုံကြီး၊ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် နေပြည်တော် ခုတင် (၁၀၀၀) အထွေထွေရောဂါကု ဆေးရုံကြီးတို့အား ကြိုတင်ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေး အသိပညာပေးခြင်းများ ကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေရန် ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။

### မှန်ကန်သောသတင်းများ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေနိုင်ရေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက 2019 Novel Corona Virus ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများတွင် ဝန်ကြီးဌာန အချင်းချင်းသော်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်များတွင် သက်ဆိုင်ရာဌာနများ အချင်းချင်းသော်လည်းကောင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ခရီးသွားဧည့်သည်များ တည်းခိုသည့် ဟိုတယ်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ သံသယလူနာတွေ့ရှိပါက သတင်းပေးပို့ခြင်း၊ ညွှန်းပို့ကုသမှုပေးခြင်းနှင့် ဟိုတယ်ဝန်ထမ်းများနှင့် မိသားစုများသို့ ရောဂါကူးစက်မှုမရှိစေရေး ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်သူလူထုနှင့် ခရီးသွားဧည့်သည်များအား အသိပညာပေးရေး ၊ သတင်းထုတ်ပြန်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် မီဒီယာများမှ တိကျမှန်ကန်သောသတင်းများကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေနိုင်ရေးဆောင်ရွက်နေမှုများ၊ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ နယ်စပ်ဝင်ထွက်ပေါက် များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို ဆောင်ရွက်နေမှုအခြေအနေများ၊ ရောဂါကာကွယ်ကုသရန် လိုအပ်သော ဆေးနှင့် ဆေးပစ္စည်း (Personal Protective Equipment and masks များ အပါအဝင်) ခတ်ခွဲခန်းသုံးပစ္စည်းများကို တင်သွင်းနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ စသည်တို့အပေါ် ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

### မလိုအပ်ဘဲ ကန့်သတ်ခြင်းမပြုရန်နှင့် အဓိက ရောဂါထိန်းချုပ်ရေးဆောင်ရွက်

ယင်းနောက် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးကျော်တင်က နိဂုံးချုပ်စကားပြောကြားရာတွင် 2019 Novel Coronavirus ပြင်းထန်အဆုတ်ရောင်ရောဂါဆက်လက် မပြန့်ပွားစေရေးနှင့် ရောဂါထိန်းချုပ်ရေးအတွက် တရုတ်နိုင်ငံအစိုးရ၏ ဆောင်ရွက်မှုအစီအမံများကို အသိအမှတ်ပြုပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ရောဂါပြန့်ပွားမှုကို ပြန်လည်တုံ့ပြန်ရာတွင် အားနည်းမှုရှိပြီး ထိခိုက်နိုင်ခြေများသည့်နိုင်ငံများအတွက် စိုးရိမ်ပူပန်သောကြောင့် ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ်ကြေညာခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်မှုတွင် ခရီးသွားလာမှု၊ ကုန်သွယ်မှုများကို မလိုအပ်ဘဲ ကန့်သတ်ခြင်းမပြုရန်နှင့် အဓိကအားဖြင့် ရောဂါထိန်းချုပ်ရေးကို ဆောင်ရွက်ရန် တိုက်တွန်းထားကြောင်း၊ မိမိတို့အနေဖြင့်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် International Civil Aviation Organization (ICAO) တို့၏ စည်းမျဉ်းစည်းကမ်းများ၊ နှစ်နိုင်ငံ ချစ်ကြည်ရေး၊ မြန်မာနိုင်ငံ ပြည်သူ ပြည်သားများ၏ ကျန်းမာရေးအတွက် ယင်းကူးစက်ရောဂါကို ကာကွယ်ထိန်းချုပ်ရန် အစရှိသည်တို့ကို ဘက်ပေါင်းစုံမှ စဉ်းစားသုံးသပ်၍ ဟန်ချက်ညီမျှသည့် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စွမ်းရည်မြှင့်သင်တန်း(၁/၂၀၂၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်သင်တန်းကျောင်း၌ ကျင်းပသည်။




ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယခုသင်တန်းသည် ၂၀၂၀ ပြည့်နှစ်၏ ပထမဆုံးသင်တန်းဖြစ်ပြီး သင်တန်းရည်ရွယ်ချက်များနှင့် ပို့ချမည့် သင်ခန်းစာများသည် ယနေ့ခေတ်၏ မီဒီယာဆိုင်ရာ လိုအပ်ချက်များကို အထောက်အကူပြုသည့်အတွက် ကောင်းမွန်ပါကြောင်း၊ ဝန်ကြီးဌာန၏ တာဝန်များမှာ ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ဖြစ်ပြီး ပြည်သူများသို့ ပြန်ကြားပေးရန် တာဝန်သည် များစွာအရေးကြီးပါကြောင်း၊ ပြည်သူများကို အသိပညာပေးနိုင်ရန်အတွက် နေ့စဉ်ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာစောင့်ကြည့်ရမည်ဖြစ်ပြီး အချိန်နှင့်တစ်ပြေးညီ မှန်ကန်သည့် သတင်းအချက်အလက်များကို ပြည်သူများသိရှိအောင် လျင်မြန်စွာ ဖြန့်ဖြူးပေးနိုင်ရန် အရေးကြီးပါကြောင်း၊ ယခုသင်တန်းတွင် ဌာနဆိုင်ရာ ကိစ္စရပ်များနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများအပြင် စာကြည့်တိုက်လုပ်ငန်းနှင့် Media Information ဆိုင်ရာများ ပါဝင်၍ သင်တန်းမှ ပို့ချပေးမှုများကို သင်တန်းသားများက သေချာလေ့လာသင်ယူကြရန် လိုအပ်ကြောင်း။

သင်တန်းသားများအနေဖြင့် သင်ခန်းစာများကို နားလည်တတ်ကျွမ်းအောင် ကြိုးစားသင်ယူကြရန် လိုအပ်ပြီး တာဝန်ကျရာနေရာများသို့ ရောက်ရှိပါက ယခုသင်တန်းမှ သင်ခန်းစာများကို ပြန်လည်အသုံးချကြရမည့်အပြင် သင်တန်းမတက်ရသေးသည့် ဝန်ထမ်းများအား ပြန်လည်မျှဝေပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့် ဦးစီးဌာန၏ လုပ်ငန်းများကို စွမ်းဆောင်ရည်မြင့်မားစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ကျွမ်းကျင်သည့် ဝန်ထမ်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ စွမ်းရည်မြှင့်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မြို့နယ်ဦးစီးမှူးအဆင့် သင်တန်းသား သင်တန်းသူ ၃၅ ဦးက ဖေဖော်ဝါရီ ၂၈ ရက်အထိ တက်ရောက်ကြမည်ဖြစ်သည်။

**သတင်းစဉ်**

# တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဘူးသီးတောင်မြို့နယ် ကင်းတောင်ကျေးရွာနှင့် သိန်းတန်ကျေးရွာ၌ ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များနှင့် ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြုလုပ်သည်။

သတင်းစာရှင်းလင်းပွဲတွင် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက ဘူးသီးတောင်မြို့နယ် ကင်းတောင်ကျေးရွာအတွင်းသို့ ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် AA အဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် ရွာသားနှစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်နှင့် ပတ်သက်၍လည်းကောင်း၊ သိန်းတန်ကျေးရွာရှိ အမျိုးသမီးများအား အကြမ်းဖက်မှုကျူးလွန်ရန် လုပ်ဆောင်ခဲ့ပြီး ကျေးရွာအား ခြိမ်းခြောက်ခဲ့မှုဖြစ်စဉ်နှင့် ပတ်သက်၍လည်းကောင်း သက်သေအထောက်အထား ဗီဒီယိုမှတ်တမ်းများ၊ ဓာတ်ပုံများ၊ ဖြစ်စဉ်နေရာပြ မြေပုံများဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသည့် သတင်းဌာနအသီးသီးတို့က သိရှိလိုသည်များကို မေးမြန်းရာ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်း/ပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်သတင်းရယူခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုင်းတာခြင်း အခြေခံသင်တန်းဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ဒိန်းမတ်နိုင်ငံသံရုံး၊ UNODC တို့၏ ကျွမ်းကျင်မှုနည်းပညာအကူအညီဖြင့် အဂတိလိုက်စားမှုတိုင်းတာခြင်း အခြေခံသင်တန်း (Training on Measuring Corruption) ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင်များ၊ UNODC မှကျွမ်းကျင်သူများနှင့် ကော်မရှင်ရုံးမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းက ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို မဟာဗျူဟာစီမံချက်၊ နှစ်စဉ်လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရာတွင် နိုင်ငံအတွင်း ဖြစ်ပေါ်နေသော အဂတိလိုက်စားမှု အခြေအနေအရပ်ရပ်နှင့် ပြည်သူလူထုသဘောထားအမြင်နှင့် စပ်လျဉ်းသည့် ဆွေးနွေးသည့်သတင်းအချက်အလက်များကို အခြေခံရေးဆွဲရသဖြင့် စစ်တမ်းတိုင်းတာခြင်းသည် အရေးပါကြောင်း၊ စစ်တမ်းကောက်ယူ၍ ရရှိလာသောအချက်အလက်များအပေါ် မူတည်၍ အဂတိလိုက်စားနိုင်ခြေရှိသည့် ကိစ္စရပ်များအား Corruption Risk Assessment–CRA နည်းလမ်းဖြင့် သုံးသပ်နိုင်ကြောင်း၊ တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးပြုနိုင်ခြင်းစသည့် မျှော်မှန်းရလဒ်များ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် UNODC မှ Programme Manager Ms.Marie Pegie Cauchoics က အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အန္တရာယ်ရှိသော ကပ်ရောဂါဆိုးကြီးတစ်ခုဖြစ်ကြောင်း၊ အဂတိလိုက်စားမှုကို တိုင်းတာခြင်း မပြုလုပ်နိုင်လျှင် အဂတိလိုက်စားမှုအပေါ် စီမံခန့်ခွဲရန် မလွယ်ကူကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် စွမ်းဆောင်ရည် နည်းပညာအထောက်အကူဖြစ်စေရန် သတင်းအချက်အလက်များ တိုင်းတာခြင်းကို သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၄ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၂၅ ဦး တက်ရောက်ကြသည်။

**သတင်းစဉ်**

# အကျိုးရှိအောင် အသုံးပြုရမည့် လူထုအခြေပြုဗဟိုဌာန (Community Center)

## ခင်ရတနာ

အမှတ်မထင် တွေ့မြင်လိုက်ရသည့် အဆောက်အဦသည် ယခင်တွေ့နေကျ ရုံးဌာနများ၏ပုံသဏ္ဌာန်နှင့်မတူဘဲ တစ်မူထူးခြားနေသည်။ နိုင်ငံတကာအဆင့်မီ အများပြည်သူနှင့် သက်ဆိုင်သည့် ဌာနတစ်ခုပုံစံဖြင့် ဆွဲဆောင်မှု ရှိလှသည်။ မြေညီထပ်အဝင်ဝတွင် ကလေးများအတွက် ခေတ်မီကစားကွင်းတစ်ခုရှိသည်။ ကလေးကစားကွင်း နှင့်အတူ ကလေးများအတွက် စိတ်ဝင်စားဖွယ် သပ်ရပ် လှပပြီး ကလေးစာဖတ်ခန်းဟူသည့် ခေါင်းစဉ်နှင့်ပန်းရ သည့် စာကြည့်ခန်းတစ်ခုကိုလည်း မြင်တွေ့ရသည်။ တစ်ဆက်တည်းတွင် လူငယ်၊ လူကြီးများအတွက် ကြံ့ခိုင်ရေးလုပ်ရန် စက်ကိရိယာများ ခင်းကျင်းထားသည့်အခန်းကိုလည်း တွေ့ရသည်။ ပထမထပ်တွင် ဗဟုသုတရဖွယ် ပြတိုက်ငယ်နှင့် အစည်းအဝေးခန်းမ၊ ပင်မစာကြည့်တိုက်ကြီးတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ နောက်တစ်ထပ်တွင် လက်ပ်တော့ကွန်ပျူတာ ၂၅ စုံ ခင်းကျင်းထားသည့် သင်တန်းခန်းမနှင့် ဆွေးနွေးပွဲများ၊ အခမ်းအနားများ၊ စကားဝိုင်းများ ကျင်းပနိုင်ရန် ပြင်ဆင်ထားသည့် ဘက်စုံသုံး ခန်းမကြီး။ ထို့နောက် အပေါ်ဆုံးထပ် (Roof Top) ဘယ်၊ ညာမှာတော့ စာပေစကားဝိုင်းများ ကျင်းပရန်၊ လူထုအားကစားလှုပ်ရှားမှုများ လုပ်ဆောင်ရန် စသည့်ရည်ရွယ်ချက်အမျိုးမျိုးဖြင့် အများသူငါ အသုံးပြုနိုင်မည့် လသာဆောင်များကို မြင်တွေ့ရသည်။



ဗဟန်းလူထုအခြေပြုဗဟိုဌာန (Community Center –Bahan) အဆောက်အဦ ဒီဇိုင်းကို တွေ့ရစဉ်။

ထိုအဆောက်အဦသည် ဗဟန်းလူထုအခြေပြုဗဟိုဌာန (Community Center –Bahan) ဖြစ်ပြီး ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်မှ ငွေကျပ် ၄၈၄ ဒသမ ၁ သန်း အကုန်အကျခံကာ နိုင်ငံတကာအဆင့်မီ တည်ဆောက်ပေးထားခြင်း ဖြစ်သည်။ ယခုလဆန်းမှာပင် ပြည်သူများအသုံးပြုနိုင်ရေးအတွက် စတင်ဖွင့်လှစ်တော့မည်ဟု သိရှိရပါသည်။

"လူထုအခြေပြုဗဟိုဌာနတွေမှာ ပြည်သူတွေ အသုံးပြုပြီး ဆွေးနွေးတာတွေရှိတယ်။ စာအုပ်စာစောင်တွေ လာဖတ်ရှုကြတာရှိတယ်။ ကွန်ပျူတာသင်တန်းတွေနဲ့ အခြားသင်တန်းတွေလည်း ဖွင့်လှစ်ပေးတယ်။ Community Center အသီးသီးမှာ ပြည်သူလူထုဟာ ပုံစံအမျိုးမျိုးနဲ့ အသုံးပြုလို့ရတယ်ဆိုပြီး ကျွန်မ နားလည်ပါတယ်။ ဒီကနေ့ပဲ ကျွန်မ ဆော်ဩတိုက်တွန်းလိုပါတယ်။ အသုံးပြုကြပါ။ ဒါဟာ ပြည်သူလူထုအတွက် ထူထောင်ထားတဲ့ ဌာနတွေဖြစ်ပါတယ်။ ပြည်သူလူထု အသုံးပြုမှုလည်း ကျွန်မတို့ ထူထောင်ရကျိုးနပ်မှာပါ။ ဒီနေရာတွေမှာ အားလုံးက လေ့လာဆည်းပူးရုံမျှမက တစ်ဦးနဲ့တစ်ဦး အမြင်ဖလှယ်ဖို့ နေရာတစ်ခုလို့ ကျွန်မတို့က သတ်မှတ်ထားပါတယ်။ အခုနောက်ပိုင်းမှာ ပြတိုက်ငယ်တွေအထိ ခင်းကျင်းပြသထားတယ်ဆိုပြီးတော့လည်း ကျွန်မတို့သိရပါတယ်။ လူငယ်လူရွယ်တွေအနေနဲ့ ယဉ်ကျေးမှုပစ္စည်းတွေကို တန်ဖိုးထားပြီး အသုံးပြုတတ်လာဖို့နဲ့ အလေ့အထကောင်းတွေနဲ့ ထိန်းသိမ်းစောင့်ရှောက်တတ်လာဖို့ ဆိုပြီးတော့ အခုလို ပြတိုက်ငယ်ကလေးတွေ လုပ်လာနိုင်လို့လည်း ကျွန်မ အင်မတန်ဝမ်းသာပါတယ်" ဟု ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့အကြား လူထုအခြေပြုဗဟိုဌာနများ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးခြင်းနှင့် ယာဉ်နှင့်စက်ကိရိယာပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လူထု အခြေပြုဗဟိုဌာနများနှင့် ပတ်သက်၍ ပြည်သူလူထု အသုံးပြုလာစေရေးအတွက် တိုက်တွန်းပြောကြားထားသည်။

### လူထုအခြေပြုဗဟိုဌာနများ

ဒေသတစ်ခုတွင် ပြည်သူများစုပေါင်းတွေ့ဆုံရာ၊ ဆွေးနွေးဖလှယ်ရာ၊ နှီးနှောတိုင်ပင်ရာစသည့် ရပ်ရွာအကျိုး၊ တိုင်းပြည်အကျိုး ဆောင်ရွက်မှုများအတွက် လူထုအခြေပြု ဗဟိုဌာနဟု ခေါ်တွင်သည့် Community Center များသည် နိုင်ငံတော်အစိုးရသစ်တာဝန်ယူပြီးနောက် ပြန်ကြားရေးဝန်ကြီးဌာန၏ စီမံဆောင်ရွက်မှုဖြင့် စတင်သန္ဓေတည်ခဲ့ပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းကာ မွေးဖွားရှင်သန်လာခဲ့ခြင်း ဖြစ်သည်။

❒ ဒေသတစ်ခုတွင် ပြည်သူများစုပေါင်းတွေ့ဆုံရာ၊ ဆွေးနွေးဖလှယ်ရာ၊ နှီးနှောတိုင်ပင်ရာစသည့် ရပ်ရွာအကျိုး၊ တိုင်းပြည်အကျိုးဆောင်ရွက်မှုများအတွက် လူထုအခြေပြုဗဟိုဌာနဟုခေါ်တွင်သည့် Community Center များသည် နိုင်ငံတော်အစိုးရသစ်တာဝန်ယူပြီးနောက် ပြန်ကြားရေးဝန်ကြီးဌာန၏ စီမံဆောင်ရွက်မှုဖြင့် စတင်သန္ဓေတည်ခဲ့ပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းကာ မွေးဖွားရှင်သန်လာခဲ့ခြင်း ဖြစ်သည်။

မကြာမီဖွင့်လှစ်တော့မည့် နိုင်ငံတကာအဆင့်မီ ဗဟန်းမြို့နယ် လူထုအခြေပြု ဗဟိုဌာနအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ ခရိုင်နှင့်မြို့နယ်ရုံးများကို ၂၂ ခုအထိ အဆင့်မြှင့်တင်ပြီး ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်သည်။ ထိုအနက် ၁၆ ခုကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အတူ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းအကောင်အထည်ဖော်ခဲ့ကြခြင်းဖြစ်ပြီး ငါးခုမှာ စေတနာရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

### ၂၉ နှစ်တိုင် တာဝန်ကျေပွန်ခဲ့သည်

လူထုအခြေပြုဗဟိုဌာနများအပြင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းကဏ္ဍများကား အလွန်များပြားလှသည်။ ယခင်က ပြည်သူ့ စာကြည့်တိုက်များအဖြစ် စာဖတ်ခန်းများသာ ရှိခဲ့သည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများသည် ယခုအခါ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၏ ဆောင်ရွက်မှုများတွင် ကဏ္ဍစုံမှတက်ကြွစွာ ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်ကို ဝမ်းမြောက်ဖွယ် မြင်တွေ့ရသည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၄ ရက်နေ့ သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စတင် တည်ထောင်ဖွင့်လှစ်ခဲ့သည့် ၂၉ နှစ်မြောက် နှစ်ပတ်လည်နေ့ ဖြစ်သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းဆောင်တာများ အားလုံးသည် အစိုးရနှင့် ပြည်သူအကြား ကောင်းမွန်သည့်ဆက်ဆံရေးများ တည်ဆောက်နိုင်ရန်အတွက် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ အပေါ်တွင် အခြေခံကာ ပြည်သူ့စာကြည့်တိုက်များဖြင့် ပြည်သူများ အသိပညာမြင့်မားရေးအတွက် စာပေနှင့် အသိပညာဗဟုသုတများကို မျှဝေခြင်း၊ အစိုးရနှင့် ပြည်သူအကြား သတင်းများ အပြန်အလှန် စီးဆင်းနိုင်စေရေးအတွက် သတင်းအချက်အလက် ထုတ်ပြန်ပေးခြင်းတို့ ဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။ သို့သော် ပြန်/ဆက်ရုံးနှင့် ပြန်/ဆက် ဝန်ထမ်းများသည် ရှေးရိုးအစဉ်အလာအတိုင်း စာအုပ်စာစောင်များ ငှားရမ်းခြင်း၊ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်းတို့ကို အဓိကထား ဆောင်ရွက်သည်တော့မဟုတ်။ ပြောင်းလဲ လာသည့် နိုင်ငံ၏အခြေအနေ၊ ဒီမိုကရေစီလမ်းစဉ်များအတိုင်း ပြည်သူအားလုံး စိတ်ဝင်တစား ပူးပေါင်းပါဝင် လာစေရေးအတွက် အသွင်သစ်၊ အမြင်သစ်ဖြင့် အားသွန်ကြိုးပမ်းဆောင်ရွက် ပေးနေကြခြင်း ဖြစ်သည်။

### ပြည်သူများအတွက် နေရာတစ်ခု

နိုင်ငံတော်အစိုးရသစ် တာဝန်ယူပြီးနောက် ၂၀၁၆ ခုနှစ် မေလ ၂၅ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများနှင့်တွေ့ဆုံစဉ် မူဝါဒတစ်ရပ်ချမှတ်ပြီး စတင်ဆောင်ရွက်ခဲ့ရာမှ ပြောင်းလဲမှုများကို ထင်ရှားစွာ တွေ့မြင်လာရသည်။

"ကျွန်တော်တို့ရဲ့ အနယ်နယ်အရပ်ရပ်မှာရှိတဲ့ ရုံးများနဲ့ စာကြည့်တိုက်များဟာ ပြည်သူကို မျက်နှာမူတဲ့ မူဝါဒနဲ့အညီ လုပ်ကိုင်ဆောင်ရွက်နေတာတွေလည်း ပြောင်းဖို့ လိုပါတယ်။ တချို့စာကြည့်တိုက်တွေကို Community Center လို့ခေါ်တဲ့ ပုံစံအသစ်ပြောင်းလဲဖို့ ရှိပါတယ်။ ကျွန်တော်တို့ ရုံးတွေ၊ စာကြည့်တိုက်တွေကို ရပ်ရွာပြည်သူလူထုက စိတ်ဝင်စားတဲ့၊ ရပ်ရွာရဲ့အရေးကိစ္စတွေကို လာရောက်ဆွေးနွေး တိုင်ပင်နှီးနှောနိုင်တဲ့၊ အကူအညီတောင်းခံနိုင်တဲ့ နေရာဌာနတွေ ဖြစ်အောင် လုပ်ဖို့လိုပါတယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် ကျွန်တော်တို့ ရုံးများ၊ စာကြည့်တိုက်များဟာ ရပ်ရွာအတွက် အသုံးဝင်သော နေရာဌာနတစ်ခု ဖြစ်လာပါလိမ့်မယ်" ဟု လမ်းညွှန်မှာကြားမှုနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြရာ ယခုအခါ ပြန်/ဆက်ရုံးများကို ပြည်သူများ ယခင်ကထက် ပိုမိုဝင်ထွက် အသုံးပြုလာကြပြီဖြစ်သည်။

ထိုကဲ့သို့ ပြည်သူများအသိပညာနှင့် သတင်းအချက်အလက်များ ရှာမှီးနိုင်စေရေး၊ ရပ်ရွာအကျိုး၊ တိုင်းပြည်အကျိုး ဆွေးနွေးတိုင်ပင်စေရေး၊ ပြည်သူများ အပန်းဖြေနိုင်စေရေးတို့အတွက် ပေါ်ထွက်လာခဲ့သည့် Community Center များတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် လက်တွဲကာ အင်္ဂလိပ်စာ၊ ကွန်ပျူတာနှင့် အခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာ၊ ဘာသာစကားဆိုင်ရာ၊ အတတ်ပညာဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။ စင်တာများတွင် ကဏ္ဍအလိုက် ကျွမ်းကျင်သူများ၊ သက်ဆိုင်သူများနှင့် ပါဝင်ပတ်သက်သူများ၏ စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပမှုကိုလည်း မြင်တွေ့ရသည်။

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

### နယ်လှည့်စာကြည့်တိုက်တွေလာပြီ

ရွေ့လျားစာကြည့်တိုက်များသည် စာကြည့်တိုက်များသို့ တကူးတက မလာရောက်နိုင်သည့် ပြည်သူများအတွက် နယ်လှည့်သမားတော်ကဲ့သို့ပင် အကျိုးရှိစေလှသည်။ ရွေ့လျားစာကြည့်တိုက်များတွင် သုတ၊ ရသ စသည်ဖြင့် စာအုပ်စာပေစုံလင်လှသကဲ့သို့ ကလေးများအတွက်လည်း ရုပ်ပြများ၊ ပုံပြင်များ၊ အသိပညာပေး စာစောင်များအထိ ပါဝင်သည်ကို မြင်တွေ့ရသည်။ ဝန်ကြီးဌာနများ၏ ရုံးများ၊ စာသင်ကျောင်းများနှင့် ဈေးများစသည့် အနီးအနားတွင်လည်း မကြာမကြာ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်များကို မြင်တွေ့ရသည်မှာ အားရဖွယ်ကောင်းသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ အသိပညာမြင့်မားရေးအတွက် ခရိုင်နှင့်မြို့နယ် ရုံးများတွင်လည်း Book Club များ ဖွဲ့စည်းပေးပြီး စာပေချစ်သူများစုစည်းကာ စာပေအသိုက်အဝန်းတစ်ခုဖြစ်ပေါ်လာစေရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်ကို မြင်တွေ့ရသည်။ စာပေချစ်သူများ၏ စာဖတ်ဝိုင်းများသည် စာဖတ်သူများ၏ အတွေးအမြင်များ ဖလှယ်ရာနေရာတစ်ခုဖြစ်ပြီး ယင်းမှသည် ဆွေးနွေးအဖြေရှာတတ်သည့် လူငယ်များ မွေးထုတ်ပေးနိုင်ခြင်း၊ စာအုပ်ကောင်းများကို ဖတ်ရှုနိုင်ရန် မျှဝေပေးနိုင်ခြင်း၊ စာပေမှတစ်ဆင့် ဆင်ခြင်တုံ တရားနှင့် ဝေဖန်ပိုင်းခြားနိုင်သည့် စွမ်းရည်များ ထွက်ပေါ်လာနိုင်ခြင်းတို့ ရရှိလာမည်ဟု ယုံကြည်သည်။ ၂၀၁၉ ခုနှစ် အတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်နှင့်မြို့နယ်ရုံး ၄၀၉ ရုံးတွင် လှုပ်ရှားမှုမှတ်တမ်းများအရ Book Club ပေါင်း ၃၀၄ ဖွဲ့ ဖွဲ့စည်းနိုင်ခဲ့ပြီး စာဖတ်ဝိုင်းပေါင်း ၂၄၀၃ ကြိမ်အထိ စီစဉ်ကျင်းပပေးနိုင်ခဲ့သည်ကိုလည်း သိရှိရသည်။

### ဗလငါးတန်ဖွံ့ဖြိုးရေး ဦးစားပေးထမ်းဆောင်

စာကြည့်တိုက်ယဉ်ကျေးမှုသည် လွန်ခဲ့သည့် နှစ်ပေါင်း ထောင်ချီကတည်းကပင် စတင်ခဲ့သည်။ ဘေဘီလုံနီးယားပြည် မြို့ဟောင်းတစ်ခုတွင် ရှေးဟောင်း အဆောက်အဦများကို တူးဖော်ရာ ဘီစီ ၂၅၀၀ ပြည့် ဝန်းကျင်က တည်ဆောက်ခဲ့ဟန်ရှိသည့် စာကြည့်တိုက် တစ်ခုကို တွေ့ရှိခဲ့ကြသည်။ စာကြည့်တိုက်များသည် ပညာဖြင့် ဦးဆောင်ပြီး ယဉ်ကျေးမှုကို ရှေ့တန်းထားသည့် နိုင်ငံကြီးသားများ၏ ပြယုဂ်အဖြစ် သတ်မှတ်ကြသည်။ ယခုခေတ် နိုင်ငံတကာ စာကြည့်ခန်းများ၊ စာကြည့်တိုက်များသည် မည်သူမဆို လွတ်လပ်စွာ ဝင်ရောက်ဖတ်ရှုနိုင်ပြီး ဟောပြောပွဲများ၊ စာအုပ်ပြပွဲများ၊ ဆွေးနွေးပွဲများကိုလည်း မကြာခဏ ကျင်းပနေကြသည်။ မြန်မာနိုင်ငံတွင်လည်း ရှေးမြန်မာမင်းများ လက်ထက်ကတည်းက စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားခဲ့သည်ကို သမိုင်းမှတ်တမ်းများအရ သိရှိနိုင်ပါသည်။

ဗလငါးတန်ဖြစ်သည့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလဟူသည် စာဖတ်ခြင်းနှင့် ကောင်းမွန်သည့် လူ့အသိုက်အဝန်းကြားတွင် ဖြတ်သန်း ရှင်သန်ခြင်းဖြင့်သာ ရရှိနိုင်မည်ဖြစ်သည်။ ပြည်သူများ ကျန်းမာရေးဗဟုသုတ၊ အသိဉာဏ်ပညာ၊ အကျင့်စာရိတ္တနှင့် ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ပြည့်စုံမှု၊ ကြီးပွားရာ ကြီးပွားကြောင်း ရှာဖွေတတ်မှုဟူသည့် ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် စာပေဖတ်ရှုသည့် အလေ့အထများ အားကောင်းစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဆောင်ရွက်ပေးမှုများသည် များစွာအကျိုးကျေးဇူးရရှိကြမည် ဖြစ်ပါသည်။

ပြည်သူများ စာပေဖတ်ရှုလေ့လာရေးအတွက် အခြေခံသည် ကလေးများပင် ဖြစ်သည်။ ကလေးစာပေ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ကလေးများ စာဖတ်ခြင်းအလေ့အထကို မွေ့လျော်ခြင်းသည် ကလေးများ၏ အနာဂတ်ကို အရောင်တင်ပေးခြင်း တစ်နည်းဆိုသော် ကလေးများကို စိတ်ဓာတ်အာဟာရ ဖြည့်တင်းပေးခြင်းပင် ဖြစ်သည်။ ကလေးများက စာပေကို စိတ်ဝင်တစား ဖတ်ရှုခြင်းသည် မိဘများနှင့်ဆရာများကိုလည်း ဆွဲဆောင်ပြီးသားဖြစ် သကဲ့သို့ အနာဂတ်အတွက်လည်း အားသစ်လောင်းသည့် ဆောင်ရွက်ချက်ပင် ဖြစ်သည်။

### ကလေးများရဲ့စာပေပွဲတော်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဂုဏ်ယူဖွယ်ရာဆောင်ရွက်ချက်များအနက် ကလေးစာပေပွဲတော်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းသည် လည်း တစ်မူထူးခြားသည်။

နိုင်ငံတော်အဆင့် ကလေးစာပေပွဲတော်များအဖြစ် ၂၀၁၉ ခုနှစ်အတွင်းမှာပင် ကချင်ပြည်နယ် မြစ်ကြီးနား တက္ကသိုလ်နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးတက္ကသိုလ်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်ကို မြင်တွေ့ရသည်။ ကလေးများအတွက် စာအုပ်စာပေများ ဖတ်ရှုရခြင်း၊ ပျော်ရွှင်စရာ ကစားနည်းများ ပါဝင်ကစားရခြင်းနှင့် သုတ၊ ရသပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ခြင်းသည် အမှတ်ရစရာ နေ့စွဲများအဖြစ် သူတို့သမိုင်း တစ်လျှောက်တွင် စွဲကျန်နေမည်မှာ အသေအချာပင် ဖြစ်သည်။ ခရိုင်အဆင့် ကလေးစာပေပွဲတော်များကိုလည်း ရှမ်းပြည်နယ် တာချီလိတ်မြို့၊ လွိုင်လင်မြို့၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ မကွေးတိုင်းဒေသကြီး သရက်မြို့၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းနှင့် အလုံမြို့နယ်တို့တွင် ကျင်းပပေးခဲ့ပြီး များပြားလှစွာသော မြို့နယ်အသီးသီးတွင်လည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် သက်ဆိုင်ရာဌာနအသီးသီး၊ အဖွဲ့အစည်းအသီးသီးတို့နှင့်ပူးပေါင်းကာ ကျင်းပပေးနိုင်ခဲ့သည်။ ယခုအခါ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ကလေး စာပေပွဲတော်များကို နိုင်ငံတော်အဆင့် ကိုးကြိမ်၊ ခရိုင်အဆင့် (၄၃) ကြိမ်၊ ဒေသအစီအစဉ်ဖြင့် (၂၆) ကြိမ် စုစုပေါင်း (၇၈) ကြိမ် ကျင်းပနိုင်ခဲ့ကာ ဆက်လက်ပြီး ကျင်းပလျက်ရှိနေသည်ကိုလည်း သိရှိရပါသည်။

### လူငယ်များရဲ့အနာဂတ်ဆီသို့

အခြေခံပညာကျောင်းများမှ ကလေးများကို အခြေခံကာ ကလေးစာပေပွဲတော်များကို ကျင်းပနိုင်ခဲ့သည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် လူငယ်များအတွက်လည်း တက္ကသိုလ်ကြီးများကို အခြေခံသည့် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးပွဲတော်များကို ကျင်းပဆောင်ရွက်ပေးခဲ့ပါသည်။

**“စာကြည့်တိုက်ယဉ်ကျေးမှုသည် လွန်ခဲ့သည့် နှစ်ပေါင်း ထောင်ချီကတည်းကပင် စတင်ခဲ့သည်။ ဘေဘီလုံနီးယားပြည် မြို့ဟောင်းတစ်ခုတွင် ရှေးဟောင်း အဆောက်အအုံများကို တူးဖော်ရာ ဘီစီ ၂၅၀၀ ပြည့် ဝန်းကျင်က တည်ဆောက်ခဲ့ဟန်ရှိသည့် စာကြည့်တိုက် တစ်ခုကို တွေ့ရှိခဲ့ကြသည်။ စာကြည့်တိုက်များသည် ပညာဖြင့် ဦးဆောင်ပြီး ယဉ်ကျေးမှုကို ရှေ့တန်းထားသည့် နိုင်ငံကြီးသားများ၏ ပြယုဂ်အဖြစ် သတ်မှတ်ကြသည်။ ယခုခေတ် နိုင်ငံတကာ စာကြည့်ခန်းများ၊ စာကြည့်တိုက်များသည် မည်သူမဆို လွတ်လပ်စွာ ဝင်ရောက်ဖတ်ရှုနိုင်ပြီး ဟောပြောပွဲများ၊ စာအုပ်ပြပွဲများ၊ ဆွေးနွေးပွဲများကိုလည်း မကြာခဏ ကျင်းပနေကြသည်။ မြန်မာနိုင်ငံတွင်လည်း ရှေးမြန်မာမင်းများ လက်ထက်ကတည်းက စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားခဲ့သည်ကို သမိုင်းမှတ်တမ်းများအရ သိရှိနိုင်ပါသည်။”**

၂၀၁၉ ခုနှစ်တွင် မကွေးတက္ကသိုလ်တွင် ကျင်းပနိုင်ခဲ့ရာ ယခင်ကျင်းပခဲ့သည့် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ အပါအဝင် တက္ကသိုလ်သုံးခုတွင် ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ လူငယ်များ၏ အနာဂတ်၊ လူငယ်များ၏ မျှော်လင့်ချက်နှင့် စိတ်ကူး အိပ်မက်တို့သည် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များမှတစ်ဆင့် ရှင်သန်ပေါက်ဖွားခွင့် ရရှိနိုင်ခဲ့ပြီဟုပင် ဆိုနိုင်ပါသည်။

“မြန်မာနိုင်ငံလူဦးရေရဲ့ ၃၃ ဒသမ ၈ ရာခိုင်နှုန်းဟာ အသက် ၁၅ နှစ်မှ ၃၅ နှစ် အကြားရှိတဲ့ လူငယ်တွေ ဖြစ်ပါတယ်။ ဒီလူငယ်တွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်သလို အနာဂတ်နိုင်ငံတော်ရဲ့ ခေါင်းဆောင်မှု အခန်းကဏ္ဍကိုလည်း လက်ဆင့်ကမ်းအမွေရယူကြရမယ့်သူတွေလည်း ဖြစ်ပါတယ်။ နိုင်ငံရဲ့ အနာဂတ်ဟာ လူငယ်တွေရဲ့ လက်ဝယ်မှာရှိပါတယ်။ လူငယ်တွေရဲ့ လေ့လာအားထုတ်မှု၊ အကြားအမြင်ဗဟုသုတကြွယ်ဝမှု၊ ထူးချွန်ထက်မြက်မှု၊ ရိုးသားပွင့်လင်းမှု၊ အများအကျိုးသယ်ပိုးလိုမှုနဲ့ တက်ကြွလှုပ်ရှားမှုများဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်ပါတယ်” ဟု ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့က မကွေးတက္ကသိုလ်၌ ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိနစ်ခွန်းတစ်ရပ်အတွင်း လူငယ်မောင်မယ်များကို ဦးတည်ပြောကြားခဲ့ဖူးသည်။

ဘာသာစကားစွမ်းရည် ဖော်ထုတ်ပွဲများ ကျင်းပခြင်း၊ လူငယ်ရေးရာဖျူဟာများအကြောင်း ဟောပြောဆွေးနွေးခြင်း၊ လူငယ်စွန့်ဦးတီထွင်သူများ၏ အတွေ့အကြုံများ ဖလှယ်ခြင်းနှင့် နည်းပညာဆိုင်ရာ ဆွေးနွေးဟောပြောခြင်းများအပြင် လူငယ်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှု၊ လူငယ်နှင့် အနာဂတ်ဘဝလမ်းကြောင်း ရွေးချယ်မှုစသည့် အကြောင်းအရာများအပေါ် ဆွေးနွေးကြမှုများသည် လူငယ်များအတွက် များစွာအထောက်အကူရရှိကြမည် ဖြစ်ပါသည်။ ထို့အပြင် ပြခန်းများ အသီးသီးပြသထားရာ နည်းပညာဆိုင်ရာ ပြခန်းများ၊ တက္ကသိုလ်အသီးသီးမှ ထူးချွန်သူတို့၏ တီထွင်ဆန်းသစ်မှု ပြခန်းများ၊ ဘာသာရပ်အသီးသီးမှ ပြခန်းများကြောင့် လူငယ်များအဖို့ ယုံကြည်မှုနှင့် တန်ဖိုးထားမှုများ မြင့်မားလာစေသည့် အပြင် ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဖော်ထုတ်မှုများသည်လည်း မျိုးဆက်သစ် လူငယ်များ၏ စိတ်နှလုံးကို ဖမ်းစားနိုင်မည် ဖြစ်ပါသည်။

### ကျယ်ပြန့်သည့် သတင်းကွန်ရက်

ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်သုံးရပ်ဖြစ်သည့် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် ဟူသည့်အတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူနှင့် အစိုးရအကြား ပေါင်းကူးပေးသည့် မီဒီယာလုပ်ငန်းကိုလည်း အားဖြည့်ဆောင်ရွက်ပေးလျက်ရှိသည်ကို မြင်တွေ့ရသည်။ သတင်းအချက်အလက် ထုတ်ပြန်ခြင်း ဆောင်ရွက်မှုများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြန်/ဆက်ဝန်ထမ်းများက ထမ်းဆောင်လျက်ရှိပါသည်။ ဦးစီးဌာန၏ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲတွင် ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့မှစတင်ကာ သတင်းခန်း (News Room) ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး သတင်းလွှင့်တင်မှုပုံစံကို ပြည်သူများစိတ်ဝင်စားသည့် ပုံသဏ္ဌာန်နှင့် အနှစ်သာရတို့ဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ ပြည်သူများအနေဖြင့် သိရှိလိုသည့် သတင်းအချက်အလက်များကို လူမှုကွန်ရက် စာမျက်နှာမှတစ်ဆင့် ပြန်ကြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်သို့ အလွယ်တကူဝင်ရောက်ဖတ်ရှုနိုင်ရန် အတွက် ပြောင်းလဲလွှင့်တင်ခဲ့သည်ကိုလည်း မြင်တွေ့ရသည်။ Ministry of Information ၏ လူမှုကွန်ရက်စာမျက်နှာနှင့် ဝက်ဘ်ဆိုက်တို့တွင် တစ်နိုင်ငံလုံးမှ ထူးခြားသည့်သတင်းဖြစ်စဉ်များ၊ အခမ်းအနားများအပြင် အစိုးရနှင့် ပြည်သူများအကြား အပြန်အလှန် သတင်း စီးဆင်းနိုင်ရေးအတွက် နေ့စဉ်အချိန်မဆိုင်းဘဲ တင်ဆက်ပေးလျက်ရှိသည်ကို မြင်တွေ့ရသည်။

ပြန်ကြားရေးဝန်ကြီးဌာနရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအပါအဝင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ ကြေးမုံ၊ မြန်မာ့အလင်းနှင့် သည်ဂလိုဘယ်လ်နယူးလိုက်အော့ဖ် မြန်မာသတင်းစာများတွင်လည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ အနယ်နယ်အရပ်ရပ်မှ ပေးပို့သော သတင်းများကို နေ့စဉ်နှင့်အမျှ ဖော်ပြတင်ဆက်နိုင်ခဲ့ခြင်းကြောင့် သတင်းကွန်ရက်အားကောင်းသည့် ပြည်သူ့သတင်းဝန်ဆောင်မှုဌာနအဖြစ် ငွားငွားစွင့်စွင့် ရပ်တည်လျက်ရှိနေပါသည်။

### စာပေလောကအတွက် တာဝန်ကျေ

စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်ထောင့်တစ်နေရာမှ အားဖြည့်ပေးလျက်ရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းဖြစ်သည့် ကျေးလက်ပြည်သူများ အသိပညာ ဗဟုသုတရရှိစေရေးအတွက် ဒို့ကျေးရွာ ဂျာနယ်ကို တစ်ကြိမ်လျှင် စောင်ရေသုံးသောင်းခွဲခန့်ဖြင့် တစ်လလျှင် နှစ်ကြိမ် စီစဉ်ထုတ်ဝေလျက်ရှိသည်။

ထို့ပြင် သုတေသနစာတမ်းများပြုစုခြင်း၊ မြန်မာ့အရေး၊ တိုင်းရင်းသားအရေးနှင့် ကမ္ဘာ့အရေးများကို လေ့လာပြုစု သုံးသပ်ရေးသားလျက်ရှိရာ မြန်မာ့ရေးရာဂျာနယ်ကို သုံးလတစ်ကြိမ်၊ တိုင်းရင်းသားရေးရာ ဂျာနယ်ကို လေးလတစ်ကြိမ်နှင့် ကမ္ဘာ့ရေးရာဂျာနယ်ကို နှစ်လတစ်ကြိမ် ထုတ်ဝေဖြန့်ချိ နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်အတွင်းမှာပင် ကျွမ်းကျင်ပညာရှင်များ ဖြင့် သုတေသနစာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲပေါင်း ၂၁ ကြိမ်တိတိ ကျင်းပနိုင်ခဲ့ကြောင်း ဦးစီးဌာန၏ နှစ်ပတ်လည် အစီရင်ခံစာမှ လေ့လာမှတ်သားရသည်။

မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့်အညီ လုပ်ငန်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ယခုအခါ ပုံနှိပ်ခြင်းလုပ်ငန်း ခွင့်ပြုမှု ၁၆၁၆ ဦး၊ သတင်းစာ ၄၇ စောင်၊ ဂျာနယ် ၅၇၇ စောင်၊ မဂ္ဂဇင်း ၄၈၉ စောင်၊ အထွေထွေထုတ်ဝေခွင့် ၁၆၁၈ ဦး၊ သတင်းအေဂျင်စီ ၂၇၂ ခုတို့အား လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။

နိုင်ငံ၏ နေ့ထူးနေ့မြတ်များနှင့် အထိမ်းအမှတ်နေ့များတွင်လည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ကမ်းစာစောင်များကို အများပြည်သူများအတွက် ဖြန့်ဝေပေးလျက်ရှိသည့် အစဉ်အလာနှင့်အညီ ၂၀၁၉ ခုနှစ်အတွင်း လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့၊ အမျိုးသားအောင်ပွဲနေ့များတွင် တစ်ကြိမ်လျှင် လက်ကမ်းစာစောင် နှစ်သိန်းစီ ရိုက်နှိပ်ဖြန့်ဝေနိုင် ခဲ့သည်ဟု သိရှိရပြီး အာဇာနည်နေ့အထိမ်းအမှတ် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အကြောင်းနှင့် သမိုင်းဝင်ဖြစ်ရပ်ကို နှောင်းလူတို့ သတိပြုအောက်မေ့ဆင်ခြင်ဖွယ် အထိမ်းအမှတ် လက်ကမ်းစာစောင် ငါးသောင်း ကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

### လှုပ်ရှားလာသော ရုပ်ရှင်အနုပညာရပ်ဝန်း

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ရုပ်ရှင်ဖွံ့ဖြိုးရေးစင်တာ (Film Development Center) ကိုလည်း ရုပ်ရှင်လောကသားများ စုဝေးရာနေရာ ရုပ်ရှင်အနုပညာရပ်ဝန်းတစ်ခုအဖြစ် ပြန်လည်အသက်သွင်းနိုင်ခဲ့သည်ကို တွေ့မြင်ရသည်။ ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ဖွင့်လှစ်ခဲ့သည့် ယင်းစင်တာသည် ရုပ်ရှင်လောကသားများ အားလုံးနှင့် အကျိုးဝင်သက်ဆိုင်မှုရှိလာပြီး ကျွမ်းကျင်ပညာရှင်များ၏ ဆွေးနွေးခြင်းအစီအစဉ်များ၊ ရုပ်ရှင်ဇာတ်ညွှန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင် ဇာတ်ကားများအား ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အစီအစဉ်များအပြင် ရုပ်ရှင်နှင့်ပတ်သက်သည့် သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်းများစသည့် အထွေထွေလှုပ်ရှားမှုပေါင်း ၄၂ ခုအထိ ကျင်းပဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ်အတွင်းမှာပင် ရုပ်ရှင်ရိုက်ကူးနိုင်ရန် ပြင်ဆင်ပေးထားသည့် စတူဒီယိုများတွင်လည်း အကြိမ်ပေါင်း ၁၅၀ ခန့် ငှားရမ်းရိုက်ကူးလာသောကြောင့် ရုပ်ရှင်လောကသားများဖြင့် သက်ဝင်လှုပ်ရှားလာခဲ့ပြီဖြစ်သည်။

### ပြည်သူ့အတွက် ခရီးဆက်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံး ၁၅ ရုံးအပြင် ခရိုင်၊ မြို့နယ် အဆင့်အထိ ရုံးခွဲပေါင်း ၄၃၄ ရုံးရှိရာ အဆောက်အဦများ အားလုံးကို အဆင့်မမြှင့်နိုင်သေးသော်လည်း Community Center များအဖြစ် လုပ်နိုင်သမျှ၊ ဖြစ်နိုင်သမျှ၊ တတ်စွမ်းသမျှဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေကြသည်မှာလည်း ဒေသအသီးသီးရှိ ပြည်သူများအသိပင် ဖြစ်ပါသည်။ လာမည့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရခိုင်ပြည်နယ် သံတွဲမြို့၌လည်း ဗဟန်းမြို့နယ် လူထုအခြေပြု ဗဟိုဌာနကဲ့သို့ လူထုအခြေပြုဗဟိုဌာန အဆောက်အဦတည်ဆောက်ကာ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကိုလည်း သိရှိရသည်။

ချမ်းချမ်းစီးစီးနှင့် နှင်းမှုန်များအကြားက ပြည်သူများ ထံအရောက် ခြေဆန့်ရန်ပြင်နေသည့် ရွေ့လျားစာကြည့်တိုက်ယာဉ်လေးများနှင့် ဟားခါးခရိုင် ပြန်/ဆက်ရုံး၊ ငွေတောင်ပြည်၏ လွမ်းမောဖွယ် လေနုအေးနှင့်အတူ လှုပ်ရှားတက်ကြွနေသည့် ဒီးမော့ဆိုခရိုင်ရုံး၊ လူငယ်များအတွက် သင်တန်းကျောင်းများကဲ့သို့ပင် အားထားရသည့် ပျဉ်းမနားခရိုင် ပြန်/ဆက်ရုံး အစရှိသည့် မြို့နယ်၊ ခရိုင် အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများ အားလုံးမှသည် အလွန်ခံ့ညားထည်ဝါစွာ ပေါ်ထွက်လာတော့မည့် ဗဟန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Center) အပါအဝင် ပြည်သူလူထု အသုံးပြုရန်၊ ရပ်ရွာအတွက် အသုံးဝင်သည့် မရှိမဖြစ် လိုအပ်သည့်နေရာများအဖြစ် ပေါ်ထွန်းလာစေရန် စနစ်တကျဖော်ဆောင်လျက်ရှိသလို ပြည်သူများကလည်း ပူးပေါင်းပါဝင် အားဖြည့်ကြမည်ဆိုပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၂၉) နှစ်ပြည့်မြောက်မှုမှ သည် နောင်နှစ်ပေါင်းများစွာထိတိုင် ပြည်သူ့အတွက် အောင်မြင်စွာ ခရီးဆက်နိုင်မည်ဟု ယုံကြည်မိပါတော့သည်။ ။

# ကူးစက်မြန် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၃၆၀ ကျော်သွားပြီဖြစ်

**ပေကျင်း ဖေဖော်ဝါရီ ၃**

တရုတ်နိုင်ငံ၌ ကူးစက်မြန် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးရသူ ၅၀ ကျော် ထပ်မံတိုးလာသည့်အတွက် သေဆုံးသူအရေအတွက် ၃၆၁ ဦးအထိ ရှိလာခဲ့သည်။ ယခုအခါ နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးရသူအရေအတွက်မှာ ၂၀၀၃ ခုနှစ် ဆားစ်ရောဂါဖြစ်ပွားမှုထက် သေဆုံးသူအရေအတွက် ပိုမိုမြန်ဆန်လာနေကြောင်း သိရသည်။

ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်မှာလည်း ၃၀၀၀ ခန့် ထပ်မံတိုးပွားလာခဲ့ရာ တရုတ်ပြည်မကြီး၌ ကူးစက်ခံရသူအရေအတွက် ၁၇၀၀၀ ကျော်ဖြစ်လာခဲ့သည်။ တရုတ်နိုင်ငံအတွင်းရှိ အချို့နေရာများတွင် လိုအပ်သည့် အခြေခံလူသုံးကုန်ပစ္စည်း ပြတ်လပ်မှုကို ရင်ဆိုင်နေရကြောင်း သိရသည်။ အဆိုပါ ပြဿနာကို ပြေလည်အောင် အတတ်နိုင်ဆုံး မြန်မြန်ဆန်ဆန်ဖြေရှင်းပေးမည်ဖြစ်ကြောင်း တရုတ်အစိုးရအာဏာပိုင်တစ်ဦးက အလေးအနက် ပြောကြားခဲ့သည်။

ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ဆောင်ရွက်နိုင်ရန်အတွက် ဝူဟန်မြို့လယ်ကောင်တွင် ဆေးရုံသစ်ကြီးတစ်ခုကို ရက်အနည်းငယ်အတွင်း တည်ဆောက်ခဲ့သည်။

ဆင်ဟွာ



နိုဗယ်ကိုရိုနာဗိုင်းရပ်စ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ ထုတ်လုပ်နေမှုကို တွေ့ရစဉ်။

# အီးယူသံတမန် အီရန်သို့ ရောက်ရှိ

**တီဟီရန် ဖေဖော်ဝါရီ ၃**


ဥရောပသမဂ္ဂ (အီးယူ)မှ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒပိုင်းဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် ဂျိုဆက်ဘော်ရယ်သည် အီရန်အဆင့်မြင့်အရာရှိကြီးများနှင့် ဆွေးနွေးရန် အီရန်နိုင်ငံသို့ ရောက်ရှိလာကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အဘတ်စ်မိုဆာဗီက ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားခဲ့သည်။

ဂျိုဆက်ဘော်ရယ်သည် အီရန်သမ္မတ၊ နိုင်ငံခြားရေးဝန်ကြီး၊ ပါလီမန်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံကာအီရန် နျူကလီးယားအစီအစဉ်အပါအဝင် အခြားသောကိစ္စများကို ဆွေးနွေးသွားမည်ဖြစ်သည်။ ထိုသို့တွေ့ဆုံစဉ် အီရန်နှင့် အီးယူဆက်ဆံရေး၊ ဒေသတွင်းကိစ္စရပ်များကိုပါ ဆွေးနွေးသွားမည်ဟု မိုဆာဗီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မစ္စတာဘော်ရယ်သည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ရာထူးဆက်ခံချိန်မှစတင်ကာ အီရန်နိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် လာရောက်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းတွင် မီးတောင်ပေါက်ကွဲ



မီးတောင်ပေါက်ကွဲမှုမှ မီးခိုးများ ထွက်ပေါ်နေစဉ်။

**တိုကျို ဖေဖော်ဝါရီ ၃**

ဂျပန်နိုင်ငံ ကာဂိုရှီးမားစီရင်စုတောင်ပိုင်းတွင် ဖေဖော်ဝါရီ ၃ ရက် အစောပိုင်းက မီးတောင်တစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားခဲ့သည်။ လတ်တလောတွင် မီးတောင်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ရှိ မရှိ သတင်းဖော်ပြခြင်း မရှိသေးပေ။

ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကူချီနိုအီရာဘူကျွန်းပေါ်ရှိ ရှင်ဒိတ်မီးတောင်သည် ဒေသစံတော်ချိန် နံနက် ၅ နာရီခွဲတွင် ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့သည်။ မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်ဝမှ ချော်ရည်ပူများ အနောက်တောင်ဘက် မီတာ ၉၀၀ အကွာအဝေးအထိ စီးဆင်းရောက်ရှိခဲ့ကြောင်း သိရသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် မီးခိုးပြာများထွက်ပေါ်လာခဲ့ကာ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၇၀၀၀ ကျော်အထိ ရောက်ရှိခဲ့ပြီး ကျောက်တုံးကျောက်စိုင်များလည်း အမြင့်မီတာ ၆၀၀ အထိ လွင့်စဉ်ခဲ့ကြောင်း မိုးလေဝသအေဂျင်စီက ပြောကြားခဲ့သည်။ ဒေသခံပြည်သူများနေထိုင်သည့် ဧရိယာများတွင် ထိခိုက်မှုမရှိခဲ့ကြောင်း ဖော်ပြထားသည်။

မိုးလေဝသအေဂျင်စီက မီးတောင်ပေါက်ကွဲမှု သတိပေးချက်အဆင့်ကို အဆင့် ၃ တွင် ဆက်လက်ထားရှိခဲ့ပြီး တောင်တက်သမားများ အဆိုပါတောင်ပေါ် မသွားကြရန် သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# နိုဗယ်ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်သည့် သတင်းအမှားများ နှိမ်နင်းနိုင်ရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆောင်ရွက်

**ဂျီနီဗာ ဖေဖော်ဝါရီ ၃**

အင်တာနက်နှင့် ဆိုရှယ်မီဒီယာတို့တွင် ပျံ့နှံ့နေသည့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်သည့် သတင်းအမှားများကို နှိမ်နင်းနိုင်ရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆောင်ရွက်လျက်ရှိသည်ဟု ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်သည့် သတင်းအမှားများ၊ ကောလာဟလများ ပျံ့နှံ့မှုသည် အန္တရာယ်များကြောင်းကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏အကြီးအကဲဖြစ်သူ တက်ဒ်ရို့စ်အက်ဒ်ဟန်နိုဂတ်ဗရီဆက်က သတိပေးပြောကြားခဲ့သည်။

ကိုရိုနာ ဗိုင်းရပ်စ်နှင့် ပက်သက်သည့် သတင်းများ လူအများရှာဖွေသည့်အခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်သည့် သတင်းများကို ထိပ်ဆုံးမှမြင်ရစေရန် လုပ်ဆောင်ပေးရေးအတွက် ဂူဂဲလ်နှင့်အတူ အလုပ်လုပ်ကိုင်ခဲ့ကြောင်း ဂျီနီဗာမြို့တွင် ပြုလုပ်သည့် ကုလသမဂ္ဂကျန်းမာရေးအေဂျင်စီ အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးတွင် တက်ရို့စ်က ပြောကြားခဲ့သည်။

လူမှုကွန်ရက်မီဒီယာများဖြစ်သည့် ဖေ့စ်ဘွတ်၊ တွစ်တာ၊ တစ်တော့တို့တွင် ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်သည့်သတင်းအမှားများဖြန့်ဝေမှုကို ကန့်သတ်ရန်လည်း လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူဦးရေမှာ တရုတ်နိုင်ငံတွင် ၃၆၀ အထိ မြင့်တက်လာပြီး ၂၀၀၂-၂၀၀၃ ခုနှစ်က ဖြစ်ပွားခဲ့သည့် ဆားစ်ရောဂါကြောင့် သေဆုံးရသူထက် ကျော်လွန်သွားပြီဖြစ်ကြောင်း သိရသည်။

အေအက်ဖ်ပီ

# ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေးစာချုပ် ချုပ်ဆိုရာတွင် ကနေဒါပုံစံအတိုင်း ပြုလုပ်ရန် ဗြိတိန်မျက်စိကျ

**လန်ဒန် ဖေဖော်ဝါရီ ၃**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေးစာချုပ် ချုပ်ဆိုရာ၌ ကနေဒါပုံစံအတိုင်းပြုလုပ်ရန် နည်းလမ်းများ ရှာဖွေလျက်ရှိသည်။ ကနေဒါပုံစံ ကုန်သွယ်ရေးစာချုပ်မှာ ဥရောပသမဂ္ဂ၏ စည်းမျဉ်းများကိုရှောင်ရှားပြီး ဈေးကွက်ဖွင့်ပေးသည့် ပုံစံပင်ဖြစ်သည်။

မစ္စတာဂျွန်ဆင်သည် ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားသည့် မိန့်ခွန်း၌ ဥရောပသမဂ္ဂနှင့် အနာဂတ်ဆက်ဆံရေးနှင့် ပတ်သက်ပြီး ၎င်း၏အမြင်ကို ထုတ်ဖော်ပြသရန် ဗြိတိန်နိုင်ငံအနေဖြင့် လူမှုရေးဆိုင်ရာ ကာကွယ်မှုများ၊ အခြားမူဝါဒပိုင်းဆိုင်ရာ ကိစ္စများကို အဆင့်အမြင့်ဆုံး ဆက်လက်ထိန်းသိမ်းသွားနိုင်ရန် ဗြိတိန်ဝန်ကြီးချုပ်ဘက်မှ လိုလားလျက်ရှိသည်။

ဥရောပသမဂ္ဂ၏ စည်းမျဉ်းစည်းကမ်းများအတိုင်း မဟုတ်ဘဲ အခွန်စည်းကြပ်မှုအများစုကို ဖယ်ရှားပေးရေးကိုလည်း ဗြိတိန်ဝန်ကြီးချုပ်က မျှော်လင့်လျက်ရှိသည်။ ဥရောပသမဂ္ဂအဖွဲ့ကြီးနှင့် ကနေဒါတို့ လက်မှတ်ရေးထိုးထားသည့် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီမှုကဲ့သို့ ပြုလုပ်လိုခြင်းဖြစ်သည်။



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် အစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်လာစဉ်။

ကူးပြောင်းရေးကာလမှာ ဒီဇင်ဘာ ၃၁ ရက်ဟု သတ်မှတ်ထားရာ ယင်းမတိုင်မီ ဥရောပသမဂ္ဂနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ရေး ဗြိတိန်အစိုးရဘက်မှ မျှော်လင့်လျက်ရှိသည်။

ယင်းကာလအတွင်း ဥရောပသမဂ္ဂ၏ စည်းမျဉ်းစည်းကမ်းများမှာ ဆက်လက် အသက်ဝင်နေဆဲဖြစ်သည်။ ၁၁ လတာ ကာလအတွင်း ကုန်သွယ်ရေးသဘောတူညီမှုများကို ညှိနှိုင်းနိုင်ရေး အခက်အခဲများရှိလိမ့်မည်ဟု ဥရောပသမဂ္ဂဘက်မှ ယူဆလျက်ရှိသည်။

ဆင်ဟွာ

# အမေရိကန်က ဖိအားပေးနေသော်လည်း နျူကလီးယားအစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်ရန် အီရန်အလေးပေး

**တီဟီရန် ဖေဖော်ဝါရီ ၃**

အမေရိကန်က ဖိအားပေးမှုများလုပ်ဆောင်နေသော်လည်း အီရန်သည် နိုင်ငံ၏ နျူကလီးယားအစီအစဉ်များကို ခိုင်မာသည့်ဆုံးဖြတ်ချက်ဖြင့် ပိုမိုတိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အီရန်အဏုမြူစွမ်းအင်အဖွဲ့ အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဘက်ရုကမယ်လ်ဗန်ဒီက ဇန်နဝါရီ ၂ ရက်တွင် ပြောကြားခဲ့မှုကို တီဟီရန်တိုင်းမ် နေ့စဉ်သတင်းစာက ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံသားများသည် အီရန်အပေါ် အကဲစမ်းသည့်အနေဖြင့် ဖိအားပေးသည့်နည်းလမ်းကို အသုံးပြုလျက်ရှိသော်လည်း အောင်မြင်မှုရရှိလိမ့်မည်မဟုတ်ကြောင်း မကြာသေးမီက အီရန်အဏုမြူစွမ်းအင်အဖွဲ့အစည်းမှ အကြီးအကဲဖြစ်သူ အလီအက်ကဘာဆာလီဟီအပေါ် အမေရိကန်က ပိတ်ဆို့ခဲ့မှုကို ရည်ညွှန်းပြောကြားခဲ့သည်။

ဆာလီဟီအပေါ် ချမှတ်လိုက်သည့် အမေရိကန်၏အရေးယူပိတ်ဆို့မှုများသည် ထိရောက်မှုမရှိဘဲ အချည်းနှီးသာဖြစ်ကြောင်း၊ အီရန်၏ နျူကလီးယားအစီအစဉ်အပေါ် အခြားနိုင်ငံများ၏ အရေးယူဆောင်ရွက်ချက်များနှင့် မူဝါဒများ လွှမ်းမိုးခြင်းကို ခံလိမ့်မည်မဟုတ်ကြောင်း၊ ကျွန်ုပ်တို့အနေဖြင့် အီရန်၏ အကျိုးစီးပွားအတွက် ဘာမဆိုလုပ်မည်ဖြစ်ကြောင်း ကမယ်လ်ဗန်ဒီက ပြောကြားခဲ့သည်။

အီရန်အဏုမြူစွမ်းအင်အဖွဲ့အစည်းနှင့် အဖွဲ့၏အကြီးအကဲအပေါ် အရေးယူ ပိတ်ဆို့မှုများ ချမှတ်လိုက်ပြီဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဌာနက ပြီးခဲ့သည့်ရက်သတ္တပတ်တွင် ကြေညာခဲ့သည်။

ဆင်ဟွာ

နိုင်ငံတကာ သတင်းတိုထွာ

## တူရကီတပ်ဖွဲ့များ လက်တုံ့ပြန်တိုက်ခိုက်မှုကြောင့် ဆီးရီးယားတပ်ဖွဲ့ဝင် ၃၀ ထက်မနည်းသေဆုံး

**အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၃**

တူရကီသမ္မတ ရီဆက်တေးရစ် အာဒိုဂန်သည် ဆီးရီးယားနိုင်ငံမြောက်ပိုင်း အီဒလစ်ပြည်နယ်တွင် တူရကီတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရမှုအတွက် ပြန်လည် လက်တုံ့ပြန်သွားမည်ဟု ဖေဖော်ဝါရီ ၃ ရက်က ပြောကြားခဲ့သည်။

အမြောက်များ၊ အက်ဖ် ၁၆ တိုက် လေယာဉ်များလည်း အသင့်ဖြစ်နေပြီဟု မစ္စတာအာဒိုဂန်က ရုပ်မြင်သံကြားမှ တစ်ဆင့်မိန့်ခွန်းပြောကြားခဲ့သည်။ ထို့နောက် တူရကီ၏ တန်ပြန်တိုက်ခိုက်မှုကြောင့် ဆီးရီးယားတပ်ဖွဲ့ဝင် ၃၀ ထက်မနည်း သေဆုံးခဲ့သည်ဟု မစ္စတာအာဒိုဂန်က ပြောကြားခဲ့သည်။

အီဒလစ်ပြည်နယ်တွင် ဆီးရီးယားတပ်ဖွဲ့၏ အမြောက်ပစ်ခတ်မှုကြောင့် တူရကီတပ်ဖွဲ့ဝင်လေးဦး သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ပြီးနောက် ယခုလို ပြန်လည် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု တူရကီကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ **ဆင်ဟွာ**

## လန်ဒန်မြို့လယ်၌ မီးလောင်မှုကြောင့် မီးသတ်သမား ၁၅၀ ခန့်ဖြင့် ငြှိမ်းသတ်ခဲ့ရ

**လန်ဒန် ဖေဖော်ဝါရီ ၃**

လန်ဒန်မြို့လယ်ရှိ ဟော်ဘုန်းအရပ်တွင် မီးလောင်မှုကြောင့် မီးသတ်ကား ၂၅ စီးနှင့် မီးသတ်သမား ၁၅၀ ကျော်တို့ဖြင့် ငြှိမ်းသတ်ခဲ့ရကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် ခြောက်ထပ်မြင့်သည့် ရုံးအဆောက်အအုံတစ်လုံး မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းမီဒီယာများ၌ ဖော်ပြကြသည်။

ဖေဖော်ဝါရီ ၁ ရက် ည ၁၀ နာရီ မိနစ် ၄၀ တွင် ဟော်ဘုန်းချန်ဆယ်ရီလမ်းသို့လာရောက်ရန် မီးသတ်တပ်ဖွဲ့ကို အကြောင်းကြားခဲ့သည်။ ခေါင်းမိုးအပေါ်မှစတင်ကာ မီးလောင်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ခေါင်မိုး ထပ်၊ ငါးလွှာ၊ သုံးလွှာနှင့် လေးလွှာ အထပ်များတွင် ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းအထိ မီးလောင်ခဲ့ကြောင်း အီးဗီးနင်းစတန်းဒက်သတင်းစာတွင် ဖော်ပြထားသည်။

အရေးပေါ် ကယ်ဆယ်ရေးများ မရောက်မီ လူ ၂၈ ဦး အဆောက်အအုံမှ ထွက်ခွာနိုင်ခဲ့သည်။ လူ ၁၁ ဦးကိုမူ ၎င်းတို့၏ တိုက်ခန်းများမှ ကယ်ထုတ်ခဲ့ရသည်။ မီးလောင်မှုဖြစ်ပေါ်ရသည့်အကြောင်းကို မသိရသေးသော်လည်း ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်းသိရသည်။ **ဆင်ဟွာ**

# အစ္စရေး- ပါလက်စတိုင်း ဆက်ဆံရေးပြတ်တောက်သွားခြင်း

**ကလျာမိုးမြင့်**

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ထုတ်ဖော်ကြေညာလိုက်တဲ့ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအစီအစဉ်ကို ပါလက်စတိုင်းက လက်မခံနိုင်ကြောင်း ငြင်းဆန်လိုက်ပြီးနောက်မှာ ပါလက်စတိုင်း အာဏာပိုင်တွေဟာ အစ္စရေးနဲ့ ဆက်ဆံရေးမှန်သမျှကို ဖြတ်တောက်လိုက်ရုံမက အမေရိကန်နဲ့ပါ ဆက်ဆံရေးဖြတ်တောက်လိုက်ပါတယ်။**

အစ္စရေးရဲ့လုံခြုံရေးဆိုင်ရာ လိုအပ်ချက်ပြည့်ဝစေဖို့အတွက် နယ်စပ်မှာ စစ်မဲ့ပါလက်စတိုင်းနိုင်ငံတစ်ခုထူထောင်ဖို့ တိုက်တွန်းတဲ့ အမေရိကန်ခေါင်းဆောင်ရဲ့ အဆိုပြုကမ်းလှမ်းချက်ကို လုံးဝအရေးမစိုက်ကြောင်း ဖော်ပြခဲ့ပြီးတဲ့နောက် ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်က အဲဒီနှစ်နိုင်ငံနဲ့ ဘယ်လိုဆက်ဆံရေးမှ ရှိတော့မှာမဟုတ်ကြောင်း ပြောကြားခဲ့တာဖြစ်ပါတယ်။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကန့်သတ်ခံရ**

သမ္မတထရမ့်ဟာ အရှေ့အလယ်ပိုင်းဒေသနဲ့ ပတ်သက်တဲ့ ၎င်းရဲ့ ငြိမ်းချမ်းရေးအစီအစဉ်ကို ပြီးခဲ့တဲ့အင်္ဂါနေ့က ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပြီး ဒီအစီအစဉ်အရ သိမ်းပိုက်ခံ အနောက်ဘက်ကမ်းဒေသမှာရှိတဲ့ အခြေချအိမ်ရာတွေ အားလုံး အစ္စရေးကို ကျူးကျော်သိမ်းပိုက်ခွင့်ပေးလိုက်ရုံသာမက အရှေ့ဂျေရုဆလင်ရဲ့ နယ်နိမိတ်အားလုံးနီးပါးကို ထိန်းချုပ်ဖို့ အခွင့်ပေးလိုက်ရာရောက်သွားပြီး ဒီအချိန်မှာ ပါလက်စတိုင်းပြည်သူတွေကတော့ သိမ်းပိုက်ခံအနောက်ဘက်ကမ်းရဲ့ အစိတ်အပိုင်းတွေမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကန့်သတ်ခံလိုက်ရမယ့်အခြေအနေမျိုးဖြစ်တယ်လို့ ပါလက်စတိုင်းအာဏာပိုင်တွေဘက်က ဝေဖန်ပြောဆိုထားပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၁ ရက်က အီဂျစ်နိုင်ငံ မြို့တော်ကိုင်ရိုမှာ ပြုလုပ်ခဲ့တဲ့ တစ်ရက်ကြာ အာရပ်အဖွဲ့ချုပ် အရေးပေါ် အစည်းအဝေးမှာ မစ္စတာအာဘတ်စ်က ကျွန်ုပ်တို့အနေနဲ့ အစ္စရေးနဲ့ရော အမေရိကန်နဲ့ပါ လုံခြုံရေးအရ ဆက်ဆံမှုအပါအဝင် ဘာဆက်ဆံရေးမှ မရှိတော့ဘူးဆိုတဲ့အကြောင်း အစ္စရေးဘက်ကို အသိပေးလိုက်ပြီလို့ ပြောကြားခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး လောလောဆယ်မှာတော့ အမေရိကန်နဲ့ အစ္စရေးအာဏာပိုင်တွေဆီက ဘာတုံ့ပြန်မှုမှ ပေါ်ထွက်မလာသေးပါဘူး။



သမ္မတထရမ့်၏ ငြိမ်းချမ်းရေးအစီအစဉ်ကို ဆန့်ကျင်သည့်အနေဖြင့် ပါလက်စတိုင်းပြည်သူများ ဆန္ဒပြနေစဉ်။

**ညှိနှိုင်းဖို့ အလိုမရှိ**

သမ္မတထရမ့်ရဲ့ဖုန်းခေါ်ဆိုမှု၊ မက်ဆေ့ပေးပို့မှုကအစ အဲဒီငြိမ်းချမ်းရေးအစီအစဉ်ဆိုတဲ့ မိတ္တူကိုတောင် လက်ခံဖို့အစီအစဉ် မရှိဘူး၊ ဘာကြောင့်လဲဆိုတော့ အဲဒီအရာတွေ အသုံးပြုပြီး ကျွန်ုပ်တို့ကို လာညှိနှိုင်းနေဦးမှာကို အလိုမရှိလို့ပဲလို့ မစ္စတာအာဘတ်စ်က ဆိုပါတယ်။ ပါလက်စတိုင်းအရေးကို ဒီနည်းနဲ့ ဖြေရှင်းလိုက်တာဟာ ကျွန်ုပ်တို့ဘယ်တော့မှ လက်ခံမှာမဟုတ်ဘူး။ ဂျေရုဆလင်မြို့ကို ရောင်းစားလိုက်တယ်ဆိုတာမျိုးကို ကျွန်ုပ်ရဲ့ သမိုင်းကြောင်းမှာ ဘယ်တော့မှ မှတ်တမ်းတင်ခံမှာမဟုတ်ဘူးလို့ မစ္စတာအာဘတ်စ်က ပြတ်ပြတ်သားသားဆိုခဲ့ပါတယ်။

ပါလက်စတိုင်းသမ္မတက ၎င်းအနေနဲ့ သိမ်းပိုက်ခံခဲ့ရတဲ့ ပါလက်စတိုင်းနယ်နိမိတ်ကို အစ္စရေးရဲ့ထိန်းချုပ်မှု အဆုံးသတ်ဖို့နဲ့ အရှေ့ဂျေရုဆလင်မှာ ပါလက်စတိုင်းမြို့တော်နဲ့တကွ နိုင်ငံတစ်ခုထူထောင်ရေး ဆက်လက်ကြိုးပမ်းမယ်လို့ အလေးအနက် ကတိပေးအပ်လိုက်ပါတယ်။ သို့သော်လည်းပဲ အစ္စရေးနဲ့ပြုလုပ်တဲ့ ဘယ်လိုညှိနှိုင်းဆွေးနွေးမှုမျိုးမှ အမေရိကန်ရဲ့ ကြားဝင်စေ့စပ်ညှိနှိုင်းမှုကို လက်ခံမှာ မဟုတ်ဘူးလို့ ထပ်လောင်းပြောဆိုထားပါသေးတယ်။

**သဘောထားဖော်ပြ**

ဒီကိစ္စနဲ့ပတ်သက်ပြီး ပါလက်စတိုင်းရဲ့ သဘောထားရပ်တည်ချက်ကို ဖော်ပြဖို့အတွက် မစ္စတာအာဘတ်စ်က ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ဒေသတွင်းအဖွဲ့အစည်းတွေအထိ တက်မယ်လို့ဆိုပါတယ်။ အာရပ်အဖွဲ့ချုပ်အကြီးအကဲ မစ္စတာ အာမက်အဘူလ်ဂိတ်က သမ္မတထရမ့်ရဲ့ အဆိုပြုချက်ဟာ အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခနဲ့ ပတ်သက်ပြီး အမေရိကန်ရဲ့ ကာလကြာတည်ရှိလာတဲ့ နိုင်ငံခြားရေးမူဝါဒကို ရုတ်ခြည်းပြောင်းလဲပစ်လိုက်တယ်ဆိုတာကို ပြသနေတယ်လို့ ဝေဖန်လျက်ရှိပါတယ်။

ဒီမူဝါဒအပြောင်းအလဲက ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်ဖို့ အကူအညီဖြစ်လာမှာမဟုတ်သလို အဖြေတစ်ခုလည်းမဟုတ်ဘူးလို့ ၎င်းက ပြောပါတယ်။ မစ္စတာအဘူလ်ဂိတ်က နှစ်ဖက်စလုံးအတွက် ကျေနပ်လက်ခံနိုင်လောက်တဲ့ အဖြေတစ်ခုရတဲ့အထိ နှစ်ဦးနှစ်ဖက်ညှိနှိုင်းကြဖို့လည်း တိုက်တွန်းနေပါတယ်။ ပြီးတော့သမ္မတထရမ့်ရဲ့ ငြိမ်းချမ်းရေးအစီအစဉ်ဟာဆိုရင်လည်း ဆယ်စုနှစ်သုံးခုကြာအောင် ငြိမ်းချမ်းရေးကြိုးပမ်းလာခဲ့သမျှကို နောက်ကြောင်းပြန်လှည့်သွားအောင်လုပ်လိုက်တဲ့ အစီအစဉ်တစ်ခုအဖြစ် အာရပ်အဖွဲ့ချုပ်က ထုတ်ပြန်ချက်တစ်စောင်ဖော်ပြခဲ့တာကို တွေ့ရပါတယ်။

**လိုလားချက်တွေနဲ့မကိုက်ညီ**

အမေရိကန်နဲ့ အစ္စရေးတို့လုပ်ဆောင်တဲ့ ဆယ်စုနှစ်သဘောတူညီမှုဆိုတဲ့အစီအစဉ်ကို အာရပ်နိုင်ငံခြားရေးဝန်ကြီးတွေက ပယ်ချခဲ့ရတဲ့အကြောင်းကတော့ ဒီအစီအစဉ်က ပါလက်စတိုင်းပြည်သူတွေရဲ့ အနိမ့်ဆုံးအခွင့်အရေးနဲ့ ပါလက်စတိုင်းပြည်သူတွေရဲ့ ပြင်းပြတဲ့ လိုလားချက်၊ ရည်မှန်းချက်တွေနဲ့ ကိုက်ညီမှုမရှိတဲ့အတွက်ကြောင့်ပါပဲ။

အစ္စရေး-ပါလက်စတိုင်းပဋိပက္ခကို အဖြေရှာဖို့ အာရပ်နိုင်ငံများအဖွဲ့က လက်ခံခဲ့တဲ့ ၂၀၀၂ ခုနှစ် ငြိမ်းချမ်းရေးကြိုးပမ်းမှုကို အာရပ်အဖွဲ့ချုပ်က ထောက်ပြခဲ့ပါတယ်။ အဲဒီအဆိုပြုချက်မှာ ၁၉၆၇ ခုနှစ်က ပါလက်စတိုင်းရဲ့ အချုပ်အခြာအာဏာပိုင်နယ်နိမိတ်ကို အစ္စရေးသိမ်းပိုက်ခဲ့မှုအတွက် တုံ့ပြန်မှုအနေနဲ့ အာရပ်နိုင်ငံတွေနဲ့ အစ္စရေးပုံမှန်ဆက်ဆံရေးတစ်ခုထားရှိဖို့ အဲဒီငြိမ်းချမ်းရေးကြိုးပမ်းမှုက အဆိုပြုခဲ့ပါတယ်။

**သိမ်းပိုက်ခွင့်ပေး**

ဝါရှင်တန်မှာပြုလုပ်ခဲ့တဲ့ ပူးတွဲသတင်းစာရှင်းလင်းပွဲအတွင်း သမ္မတထရမ့်က အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနဲ့အတူ ၎င်းရဲ့ ကာလရှည်စောင့်ဆိုင်းခဲ့ရတဲ့ ငြိမ်းချမ်းရေးအစီအစဉ်တစ်ရပ်ကို ထုတ်ဖော်ကြေညာခဲ့တာပါ။ အဲဒီအစီအစဉ်အရဆိုရင် ပါလက်စတိုင်းပြည်သူတွေနဲ့တကွ နိုင်ငံတကာအဖွဲ့အစည်းက တရားမဝင်ဘူးလို့ ယူဆထားကြတဲ့ အနောက်ဘက်ကမ်း အခြေချအိမ်ရာတွေအားလုံး အစ္စရေးကို သိမ်းပိုက်ခွင့်ပေးလိုက်သလိုဖြစ်သွားနိုင်ပြီး အနောက်ဘက်ကမ်းရဲ့ လေးပုံတစ်ပုံလောက်ပါဝင်နေတဲ့ ဂျော်ဒန်တောင်ကြားဒေသကိုပါ အစ္စရေးလက်ထဲရောက်သွားစေနိုင်တဲ့ အစီအစဉ်ဖြစ်သွားနိုင်တယ်လို့ သိရပါတယ်။

**လုယူမယ့် အစီအစဉ်**

ဒီတော့ အဲဒီအရာတွေအတွက် ပါလက်စတိုင်းဘက်က ဘယ်လိုအကျိုးခံစားခွင့်ရှိမှာလဲ။ ပါလက်စတိုင်းပြည်သူတွေအနေနဲ့ ဂါဇာဒေသ၊ အနောက်ဘက်ကမ်းရှိ နေရာအများအပြားနဲ့ ဂျေရုဆလင်မြို့စွန်ရှိ အိမ်နီးချင်းနယ်မြေအချို့တွေမှာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုထူထောင်နိုင်မယ်။ အဲဒါတွေအားလုံးကို လမ်းတွေ၊ တံတားတွေ၊ မြေအောက်ဥမင်တွေနဲ့ ကွန်ရက်အသစ်တစ်ခု ချိတ်ဆက်ထားမယ်လို့ ဆိုပါတယ်။

အစ္စရေးက နိုင်ငံရဲ့နယ်စပ်တွေ၊ လေပိုင်နက်တွေနဲ့ လုံခြုံရေးဆိုင်ရာ လုပ်ပိုင်ခွင့်တွေအားလုံးကို ထိန်းချုပ်မှာဖြစ်တယ်လို့ သိရပါတယ်။ ဒီတော့ သမ္မတထရမ့်ရဲ့ အဲဒီအစီအစဉ်က ပါလက်စတိုင်းရဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံကို လုယူလိုက်တာကလွဲပြီး ဘာမှထူးခြားမသွားဘူးလို့ ဝေဖန်ရေးသမားတွေက ပြောကြပါတယ်။

ပြီးတော့ ၁၉၄၈ ခုနှစ်စစ်ပွဲမှာ အိုးအိမ်ပျောက်ကွယ်ခဲ့ရတဲ့ ပါလက်စတိုင်း ဒုက္ခသည်တွေ နေရပ်ပြန်လာဖို့ အခွင့်အရေးကိုလည်း အဲဒီအစီအစဉ်က ဖျက်ဆီးပစ်လိုက်နိုင်ပါတယ်။ အလုံးစုံသဘောတူညီမှုရရှိဖို့ကတော့ ဂါဇာမှာရှိတဲ့ ဟားမားစ်အဖွဲ့ အုပ်ချုပ်သူတွေနဲ့ တခြားလက်နက်ကိုင်အဖွဲ့ရဲ့ သဘောထားအပေါ်မှာ မူတည်နေပါတယ်။ အမေရိကန်နဲ့ မဟာမိတ်ဖြစ်တဲ့ ဆော်ဒီ၊ အီဂျစ်နဲ့ အာရပ်နိုင်ငံတချို့ကတော့ အစ္စရေး- ပါလက်စတိုင်းအရေးကိစ္စမှာ သမ္မတထရမ့်ရဲ့ ကြိုးပမ်းမှုကို အသိအမှတ်ပြုခဲ့ပြီး ညှိနှိုင်းဆွေးနွေးမှုတွေ အသစ်ပြန်စဖို့ တိုက်တွန်းလျက်ရှိပါတယ်။ ။

**ကိုးကား-The Indepenent**

**“သမ္မတထရမ့်ရဲ့ဖုန်းခေါ်ဆိုမှု၊ မက်ဆေ့ပေးပို့မှုကအစ အဲဒီငြိမ်းချမ်းရေးအစီအစဉ်ဆိုတဲ့ မိတ္တူကိုတောင် လက်ခံဖို့အစီအစဉ် မရှိဘူး၊ ဘာကြောင့်လဲဆိုတော့ အဲဒီအရာတွေ အသုံးပြုပြီး ကျွန်ုပ်တို့ကို လာညှိနှိုင်းနေဦးမှာကို အလိုမရှိလို့ပဲလို့ မစ္စတာအာဘတ်စ်က ဆိုပါတယ်”**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ ရွှေပေါက်ကံဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

# နတ်မောက်မြို့နယ် လတံခွန်တိုင်ကျေးရွာတွင် အထက်တန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**နတ်မောက် ဖေဖော်ဝါရီ ၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လတံခွန်တိုင် ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အထက်တန်းကျောင်းဆောင်သစ် (သဇင်ဆောင်) လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာနှင့် ဒု-ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာ ခင်မောင်အေး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေ၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဒေါ်ခင်သန်းဦးနှင့် အလှူရှင်ဦးအောင်ငြိမ်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီအောင်က ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းသမိုင်းကို ရှင်းလင်းပြီး အထက်တန်းကျောင်းဆောင်သစ် (သဇင်ဆောင်)နှင့် ပတ်သက်၍ စာရွက်စာတမ်းများကို အလှူရှင်ဦးအောင်ငြိမ်းက ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းအတွက် အားကစားပစ္စည်းများ ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူသည်။ အဆိုပါကျောင်းဆောင်သစ်မှာ ငွေကျပ်သိန်း ၈၀၀ RC တစ်ထပ်သွပ်မိုး၊ အုတ်ညှပ်ဖြစ်ကြောင်း သိရသည်။ **သင်းသင်းဝေ**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများ အထက်တန်းကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

# ရွှေပေါက်ကံမြို့သစ်၌ ရွှေပေါက်ကံဝန်ထမ်းအိမ်ရာ လေးခန်းတွဲ သုံးထပ်တိုက် အဆောက်အအုံသစ်ဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းတို့သည် ယမန်နေ့က မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် ၁၉ ရပ်ကွက်ရှိ အဆိုပါ ဝန်ထမ်းအိမ်ရာသစ်၌ ကျင်းပသည့် တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရွှေပေါက်ကံဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဖွင့်ပွဲ တက်ရောက်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ အစိုးရရုံးဌာနများတွင် အလုပ်လုပ်ကိုင်နေကြသော ဝန်ထမ်းများ၏ လူမှုဘဝကို မြှင့်တင်ပေးရန်နှင့် ဝန်ထမ်းများ၏ ဘဝလုံခြုံစိတ်ချရပြီး နေထိုင်နားခိုစရာအဖြစ် ယခုလို ဝန်ထမ်းအိမ်ရာများကို တစ်ဆင့်ချင်း ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရွှေပေါက်ကံဝန်ထမ်း အိမ်ရာလေးခန်းတွဲ သုံးထပ်တိုက် အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြပြီး အဆောက်အအုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြကာ ဝန်ထမ်းအိမ်ရာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ရွှေပေါက်ကံဝန်ထမ်းအိမ်ရာ လေးခန်းတွဲ သုံးထပ်တိုက်အဆောက်အအုံအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေကျပ် ၂၆၄ ဒသမ ၉၃ သန်းဖြင့် အကုန်အကျခံ၍ ATY Co., Ltd. မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဆန်းကျော်ဦး (ပြန် /ဆက်)**

# ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

**ပုသိမ် ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံးနှင့် ဂျပန်ဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသော ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးခြင်းကို ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ယမန်နေ့က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ၂၀၀၈ ခုနှစ် မေ ၂ ရက် တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် သေဆုံးသူဦးရေ ၁၃၈၃၆၆ ဦး၊ ထိခိုက်ဒဏ်ရာ ရရှိသူဦးရေ ၁၁ သန်းရှိခဲ့ပြီး ပျက်စီးဆုံးရှုံးမှုပမာဏ အားဖြင့် အစိုးရ ၃ ဒသမ ၄ ထရီလီယံနှင့် ပုဂ္ဂလိက ၈ ဒသမ၄ ထရီလီယံ စုစုပေါင်း ၁၁ ဒသမ ၈ ထရီလီယံ ဆုံးရှုံးခဲ့ရကြောင်းနှင့် ယခုအခမ်းအနားကိုကလေးသူငယ်များအတွက်သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေးဆိုင်ရာ အသိပညာဗဟုသုတ ရရှိစေရန် ရည်ရွယ်ပြီး ကျင်းပရခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာ စာသင်ကျောင်းများတွင် ကလေးငယ်များအတွက် ယင်းအစီအစဉ်ကို အကြိမ်(၄၀) ပြုလုပ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၇၅၆၅ ဦးအား အသိပညာဗဟုသုတ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

အခမ်းအနား၌ ခရိုင်၊ မြို့နယ်များရှိ အခြေခံပညာကျောင်းများနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် စုစုပေါင်း မီးသတ်ဆေးဘူး ၃၆ ဘူးအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်ခဲ့ကြောင်း သိရသည်။ **မင်းထွန်းဇော်**



ဖေဖော်ဝါရီ ၂ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က စုပေါင်း ထမနဲထိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(အဆိုပါ စုပေါင်းထမနဲထိုးပွဲတွင် ဌာနဆိုင်ရာ ၁၄ ခုမှ ထမနဲထိုး၍ တောင်ကြီးမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများသို့ ဆက်ကပ်လှူဒါန်းဖြစ်ကြောင်း သိရသည်။)

မောင်မောင်သန်း(တောင်ကြီး)

# "သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀" တိုင်းရင်းသားချစ်ကြည်ရေး ဖိတ်ခေါ်အသင်းလိုက် တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

"သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀" တိုင်းရင်းသားချစ်ကြည်ရေး တိုက်ကွမ်ဒိုပြိုင်ပွဲကို တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အချင်းချင်း ပိုမိုရင်းနှီးချစ်ကြည်လာစေရန်၊ လူငယ်များ၊ ကလေးငယ်များ၏ ကာယဉာဏဖွံ့ဖြိုးမှုများအတွက် အထောက်အကူဖြစ်စေရန်၊ "သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀" ၏ လှုပ်ရှားမှုပုံရိပ်များတွင် အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားလူငယ်များ ကိုယ်တိုင် ပါဝင်ဆင်နွှဲနိုင်စေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် တိုင်းရင်းသားချစ်ကြည်ရေး ဖိတ်ခေါ်အသင်းလိုက် တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း ဘူရောင်းတိုက်ကွမ်ဒို အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းဆို၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကိုးရီးယားနိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြဟန်နှင့်တာဝန်ရှိသူများ၊ တိုက်ကွမ်ဒိုကစားသမား လူငယ်မောင်မယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် က "သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀" တိုင်းရင်းသားချစ်ကြည်ရေး ဖိတ်ခေါ်တိုက်ကွမ်ဒိုပြိုင်ပွဲအား ကျင်းပပေးသည့် ကယားပြည်နယ်မှ ဒေါ်စိုးစိုးမြနှင့် တိုက်ကွမ်ဒိုအသင်းဥက္ကဋ္ဌတို့ကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် များစွာတိုးတက်လာကြောင်း၊ အားကစားမောင်မယ်များအနေဖြင့် ထူးချွန်ထက်မြက်သူများဖြစ်အောင် တာဝန်ရှိသူများက ပံ့ပိုးပေးသည့် အနေအထားတစ်ရပ်လည်း ရှိပါကြောင်း၊ လူငယ်များအနေဖြင့် ကြိုးစားလိုစိတ်များ ရင်ထဲကိန်းအောင်းသွားအောင် သက်ဆိုင်ရာတာဝန်ရှိသူများက ဖြည့်ဆည်းပံ့ပိုးပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ပြည်နယ်ကိုလည်း အလားတူ ဖြစ်ပေါ်လာအောင် ကြိုးပမ်းလျက်ရှိကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော ပြိုင်ပွဲဝင်အားကစားသမား ၂၁၀ တို့အတွက် ငွေကျပ် ၂၁ သိန်းအား ထောက်ပံ့ပေးအပ်ခဲ့ပြီး ပြည်နယ်မှ သွားရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဝင် ၂၄ ဦးတို့နှင့် ကြီးကြပ်သူ ၆ ဦး အတွက် ငွေကျပ် ၃ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ထောက်ပံ့ပေးအပ်ခဲ့သည်။

**ထွန်းလေး (ပြန်/ဆက်)**

# Singapore Festival 2020 ပွဲတော်ဖြင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်း အရှိန်မြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၃**



စင်ကာပူပွဲတော်တွင် ချင်းချောင်းနန်းတော်အပေါ်ထပ်၌ ပြသထားမှုကို တွေ့ရစဉ်။

စင်ကာပူနိုင်ငံ၏ပုံရိပ်တို့ကို ထင်ဟပ်စေမည့် ပြခန်းများနှင့် နာမည်ကျော် အစားအစာများ၊ အနုပညာလက်ရာများကို ရန်ကုန် မြို့ ဗဟန်းမြို့နယ်ရှိ ချင်းချောင်းနန်းတော်တွင် ဖေဖော်ဝါရီ ၂ ရက်အထိ ကျင်းပခဲ့ရာ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းကို ပိုမိုအရှိန်မြှင့် တင်ရန်ရည်ရွယ်ချက်ဖြင့် ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ် ၅၀ မှ စ၍ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ နှစ်နိုင်ငံချစ်ကြည်ရေးကို တည်ဆောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းပိုမို အားကောင်းလာသော မြန်မာနိုင်ငံ၌ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်မှုနှင့်အတူ မြန်မာနိုင်ငံမှစင်ကာပူနိုင်ငံသို့ ၂၀၁၈ ခုနှစ်တွင် ၁၄၀၀၀၀ ကျော်နှင့် ၂၀၁၉ ခုနှစ်တွင် ၁၄၂၀၀၀ ကျော် လည်ပတ်ခဲ့သည်။ မြန်မာနိုင်ငံတွင် စင်ကာပူနိုင်ငံမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှုနှင့်အတူ နိုင်ငံခြားခရီးသွားများစွာ လာရောက်လည်ပတ်ခဲ့ရာ ထိုသို့ အပြန်အလှန် ခရီးသွားကဏ္ဍ မြှင့်တင်ရေးတွင် အထောက်အကူဖြစ်စေမည့် Singapore Festival 2020 ကို ကျင်းပခြင်းဖြစ်ကြောင်းနှင့် ၂၀၁၈ ခုနှစ်တွင်လည်း ဘိုကလေးဈေး လမ်း၌ ပထမဆုံး အကြိမ် ကျင်းပခဲ့ကြောင်း သိရသည်။

ချင်းချောင်းနန်းတော် အဝင်လမ်းတစ်လျှောက်တွင် နှစ်နိုင်ငံ အနုပညာရှင်တို့၏ စိတ်ဝင်စားဖွယ် လက်ရာတို့ကို ပုံဖော်ထားပြီး စင်ကာပူနိုင်ငံမှ နာမည်ကြီးအစားအသောက်များကို ဖွင့်လှစ်ပြသထားသည်။ ချင်းချောင်းနန်းတော် အဆောက်အအုံ ဝင်ပေါက်အတွင်းပိုင်းတွင် စင်ကာပူနိုင်ငံမှ visual အနုပညာရှင် Urich Lau ၏လက်ရာဖြစ်သော နံရံနှင့် မျက်နှာကြက်တို့တွင် ရုပ်ပုံနှင့်အသံတို့ကိုဖန်တီးပြသထားပြီး ချင်းချောင်းနန်းတော်အလယ်၌ စင်ကာပူမှ ပန်းချီပညာရှင်နှင့် မြန်မာနိုင်ငံမှ ပန်းပုပညာရှင်တို့၏ လက်ရာများကို ပြသထားကာ မြန်မာအနုပညာ ကျောင်းမှ ကျောင်းသား ကျောင်းသူများတီထွင်ပြသထားသော ယနေ့ကမ္ဘာတွင်အချိန်သည် အရေးကြီးလာပုံကို စင်ကာပူမှ နာရီလက်တံများနှင့် မြန်မာပြည်မှ ဒေသထွက် သနပ်ခါး၊ ခရေပန်းတို့ဖြင့် နာရီ ရှစ်လုံးကို သရုပ်ဖော်ပြသထားသည်။ စင်ကာပူမှ အနုပညာရှင်နီကိုလာအန်တိုနီက ကဗျာများကို မီးပန်းဆိုင်းများပမာ ချိတ်ဆွဲပြသထားပြီး နန်းတော်ဗဟိုခန်းမကြီးတွင် စင်ကာပူမှ အနုပညာရှင် မာ့ခ်နှင့် မြန်မာနိုင်ငံမှ ကိုမောင်ဒေးတို့က ဓာတ်ပုံ၊ ကဗျာများကိုလည်းကောင်း၊ တစ်ဖက်ခန်းတွင် တီဗွီဖန်သားပြင်ပေါ်၌ ကမ္ဘာအနှံ့မှပုံများကို အချိန်တစ်မိနစ်တွင် ကြည့်ရှုလေ့လာနိုင်ရန် လည်းကောင်း၊ နန်းတော်အပေါ်ထပ်၌ ယနေ့ကမ္ဘာကြီးတွင် သစ်ပင်၊ သစ်တောနှင့် တောရိုင်းတိရစ္ဆာန်များ ထာဝရရှင်သန်နိုင်စေရန် အရုပ်များဖြင့် သရုပ်ဖော်ထားလျက် တစ်ဆက်တည်းတွင် စင်ကာပူနိုင်ငံမှ အဝတ်အထည်၊ အလှကုန်ပစ္စည်း မျိုးစုံကိုလည်း ပြသထားသည်။

Singapore Festival 2020 တွင် စင်ကာပူနိုင်ငံ၏ ဂီတ၊ အနုပညာ၊ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းတို့ကိုပြသခဲ့ပြီး စင်ကာပူနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့မှ နှစ်နိုင်ငံခရီးသွားလုပ်ငန်း အရှိန်ပိုမိုမြှင့်တင်နိုင်ရန် ဦးဆောင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# ရန်ကုန်အမျိုးသားသွေးလှူဘဏ်၌ သွေးလှူရှင် ၃၀၀ ကျော် စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်မြို့ရှိ ဗဟိုအမျိုးသားသွေးလှူဘဏ်၌ သွေးလှူရှင် ၃၀၀ ကျော်က ဇန်နဝါရီ ၂၆ ရက်တွင် စုပေါင်းသွေးလှူဒါန်းကြသည်။ အဆိုပါ သွေးလှူဒါန်းပွဲကို စူပရင်းသွေးလှူရှင်များ မိသားစုက ဦးဆောင်၍ ရန်ကုန်မြို့နှင့် အနယ်နယ် အရပ်ရပ်မှ သွေးလှူအဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့များ၊ တစ်ဦးချင်း ပါဝင်လှူဒါန်းလိုသူ သွေးလှူရှင် ၃၀၀ ကျော် လှူဒါန်းခဲ့ကြသည်။

သွေးလှူဒါန်းပွဲ၌ စူပရင်းသွေးလှူရှင်များ မိသားစုက သွေးလှူဒါန်းပွဲ ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးသည့် ရန်ကုန်အမျိုးသားသွေးလှူဘဏ်နှင့် သွေးလှူအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ ပါဝင်အားဖြည့်ပေးကြသော သွေးလှူရှင်များအတွက် ငွေကျပ် ၁၀ သိန်း တန်ဖိုးရှိ အာဟာရဖြည့်စွက်အစားအစာများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြသည့်အပြင် ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့သည်။**(အောက်ပုံ)**

စူပရင်းသွေးလှူရှင်များ မိသားစုအနေဖြင့် ရန်ကုန်အမျိုးသားသွေးလှူဘဏ်သို့ ယခုအကြိမ်အပါအဝင် (၁၇)ကြိမ်တိုင် သွေးလှူဒါန်းလိုသူ အလှူရှင် ၃၀၀၀ ကျော်ကို စုစည်းပေးနိုင်ခဲ့သည့်အပြင် ပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးဒဏ်ခံစားခဲ့ရသော ဒေသများ၏ ပြန်လည်ထူထောင်ရေး၊ ရေရှားပါးသည့်ဒေသများတွင် သောက်သုံးရေဖူလုံစွာရရှိရေး အစရှိသည့် လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးအောင်**



# ဥပဒေဆိုင်ရာ အထောက်အကူပေးရေး တွေ့ဆုံဆွေးနွေး

**မော်လမြိုင် ဖေဖော်ဝါရီ ၃**

မွန်ပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ တွေ့ဆုံပွဲကို ဇန်နဝါရီလနောက်ဆုံးပတ်က မော်လမြိုင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး(ပဠမထပ်)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌဦးခင်အောင်က ဥပဒေ၏ရည်ရွယ်ချက် အခြေခံမူများကိုလည်းကောင်း၊ အတွင်းရေးမှူးဦးမျိုးမြင့်အောင်က ဥပဒေပြဋ္ဌာန်းချက်များကို လည်းကောင်း၊ အဖွဲ့ဝင် ဦးစစ်ထွန်းက နည်းဥပဒေများကိုလည်းကောင်း၊ အဖွဲ့ဝင်ဦးလှခိုင်က ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ ညွှန်ကြားချက်များကိုလည်းကောင်း၊ အဖွဲ့ဝင်ဒေါ်စန္ဒာသိန်းက ပြည်နယ်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုလတ်က ဌာနဆိုင်ရာများ ပူးပေါင်းကူညီဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်နယ်ရုံးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အိအိခိုင်က ရုံးလုပ်ငန်းနှင့် ဘတ်ဂျက်ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရဲတပ်ဖွဲ့အတွက် ဥပဒေ၊ နည်းဥပဒေစာအုပ်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညီညီတို့အား ပေးအပ်ခဲ့သည်။

**လက်ကမ်းစာစောင်များဖြန့်ဝေ**

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို အဖွဲ့ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသူ ၁၅၀ ခန့်အား ဥပဒေအထောက်အကူတောင်းခံခွင့်ရှိသူများ အကူအညီပေးမည့် ပြစ်မှုအမျိုးအစား၊ ကူညီမည့်နည်းလမ်း၊ ကူညီတောင်းခံနိုင်သည့် ၁၀ မြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံးများ၏ လိပ်စာများပါဝင်သော ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃-၂-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀/၉၀၀ ကျပ် | ၈၈၀/၉၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၅၀/၉၁၀ ကျပ် | ၈၉၀/၉၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၄၀/၈၀၅ ကျပ် | ၈၁၀/၈၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၆၀/၉၁၀ ကျပ် | ၉၁၀/၉၆၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၅၇ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၂ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၅ . ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၁၀ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၄၁ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၄ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၇ . ၆၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၃၆၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၀၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၄ . ၁၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၈၅၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၆၇၀ | ၇၇၀၅၀၀၀ |
| MTSH | ၄၀၀၀ | ၃၉၅၀ | ၇၄၀၈ | ၂၉၂၅၉၁၀၀ |
| MCB | ၈၄၀၀ | ၈၂၀၀ | ၂၂ | ၁၈၀၄၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၅၀၆ | ၁၁၆၃၈၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၁၈၄၄ | ၅၂၆၂၉၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# (၈) ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကျင်းပ ဖေဖော်ဝါရီ ၁၇၊ ၁၈ ရက်နေ့များတွင် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးခေါ်ယူရန် သဘောတူညီမှုရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

(၈) ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးအတွက် အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကိုယ်စားလှယ်များ (NCA–S EAO) ၏ နှစ်ဖက် အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။



(၈)ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

### ရလဒ်ကောင်းများရရှိ

JICM အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးအတွက် နှစ်ရက်တာ ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးအပြီးတွင် သဘောတူညီချက် (၃) ချက်နှင့် မှတ်တမ်းနှစ်ချက်တို့ကို ရလဒ်ကောင်းများအဖြစ် ရရှိခဲ့ကြောင်း ယနေ့ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

NCA–S EAO ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် "ဒီနှစ်ရက်တာ အစည်းအဝေးမှာ သဘောတူညီချက် (၃) ချက်နဲ့ မှတ်တမ်း (၂) ချက်တို့ကို ရရှိအောင် စိတ်ရှည်စွာ ဆွေးနွေးညှိနှိုင်းပေးခဲ့ကြတဲ့ အစိုးရနဲ့ NCA–S EAO နှစ်ဖက်ခေါင်းဆောင်ကိုယ်စားလှယ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ JICM အစည်းအဝေးရဲ့ သဘောတူညီချက် (၈) ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစဉ်တွေ၊ လုပ်နည်းလုပ်ဟန်တွေ၊ အချိန်ဇယားတွေကို ဒီအစည်းအဝေးမှာ ချမှတ်နိုင်ခဲ့ခြင်းဟာ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ထားရှိတဲ့ သန္နိဋ္ဌာန်ခိုင်မာမှုကို ပြသခြင်းပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအတွက် ထားရှိတဲ့ ကတိကဝတ်တွေကို အလေးထားလိုက်နာဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။

ထို့အတူ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် သဘောတူညီခဲ့ကြသလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ EAO များ ပိုမိုပါဝင်လာရေးကိစ္စကို ဝိုင်းဝန်းနည်းလမ်းရှာနိုင်ခဲ့ပြီး လက်တွေ့ဆောင်ရွက်သွားဖို့ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပနိုင်ရေးအတွက် လိုအပ်တဲ့ အစည်းအဝေးတွေ၊ လုပ်ငန်းဆောင်တာ အစီအစဉ်တွေကို ဆက်တိုက်ဆောင်ရွက်သွားဖို့ နှစ်ဖက်သဘောတူခဲ့ပါတယ်" ဟု ထည့်သွင်းပြောကြားခဲ့သည်။

### ဆက်လက်ညှိနှိုင်းဆွေးနွေးရန် သဘောတူညီ

အစိုးရနှင့် NCA–S EAO ညှိနှိုင်းရေးအဖွဲ့ ကိုယ်စားလှယ်များသည် (၈) ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက် (၈) ချက်အနက် ဆက်လက်ညှိနှိုင်းဆွေးနွေးရန် ကျန်ရှိနေသေးသည့် အချက်များကို ဖေဖော်ဝါရီ ၁၇၊ ၁၈ ရက်နေ့များတွင် ဒုတိယအကြိမ်အစည်းအဝေးခေါ်ယူ၍ ဆက်လက်ညှိနှိုင်းဆွေးနွေးရန် သဘောတူညီခဲ့ကြကြောင်း ယနေ့ကျင်းပသည့် အစည်းအဝေးမှ သိရသည်။

ဆက်လက်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် "ကျွန်တော်တို့ နှစ်ဖက်ညှိနှိုင်းအဖွဲ့များအနေနဲ့ JICM တုန်းက သဘောတူညီခဲ့တဲ့ အချက် (၈) ချက်ကိုဆက်ပြီး အကောင်အထည်ဖော်မယ့် အစီအစဉ်တွေကို ဆွေးနွေးခဲ့ပါတယ်။ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်တွေနဲ့ စပ်လျဉ်းပြီးတော့လည်း ကျွန်တော်တို့နှစ်ဖက် မူဘောင်လုပ်ငန်းစဉ်တွေကို အစည်းအဝေးမှာ တင်ပြဆွေးနွေးခဲ့ကြပြီး နောက်တစ်ကြိမ် အစည်းအဝေးမှာ ဒီမူဘောင်တွေပေါ်မှာ ဆွေးနွေးလိုတဲ့ အချက်တွေကို သဘောတူညီမှု ရရှိတဲ့အပေါ် အသေးစိတ် ဆက်ဆွေးနွေးဖို့လည်း သဘောတူညီနိုင်ခဲ့ပါတယ်။ နောက်တစ်ကြိမ် နှစ်ဖက်ညှိနှိုင်းအစည်းအဝေးကိုလည်း ၁၇၊ ၁၈ ရက်မှာ ဒုတိယအကြိမ် အစည်းအဝေးခေါ်ယူဖို့ နှစ်ဖက်သဘောတူညီနိုင်တဲ့အတွက် ကျွန်တော်တို့ရဲ့ အစည်းအဝေးက အင်မတန်မှ ထိရောက်တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဧပြီလ မကုန်ခင်မှာ ညီလာခံကြီး ကျင်းပနိုင်ဖို့ အတွက်လည်း UPDJC၊ JMC၊ နောက်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေ အချိန်မီ ကျင်းပနိုင်ဖို့ နှစ်ဖက်ဆွေးနွေးမှုတွေ ပြုလုပ်နိုင်ခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို (ခ) ဦးငွေဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး NCA–S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေး အဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှငွေ၊ စောမြရာဇာလင်း၊ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ဆလိုင်းထလာ ဟေး၊ စောစိန်ဝင်း၊ ပဒိုစောတာဒိုမူး၊ ပဒိုစောအယ်ကလူ ဆေး၊ စောကျော်ညွှန့်၊ ဆော်လမွန်၊ နိုင်အောင်မငေး၊ ခွန်မြင့်ထွန်း၊ ဒေါက်တာစိုင်းဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA–S EAO ကိုယ်စားလှယ် နိုင်အောင်မငေးတို့က သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ နှစ်ရက်တာ ကျင်းပခဲ့သည့် JICM အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေး နှစ်ဖက်အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားခဲ့ပြီး မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

**သတင်း–ရဲခေါင်ညွှန့်၊ ဓာတ်ပုံ–ဖိုးထောင်**

# ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ) စောင့်ကြည့်လူနာသုံးဦးကို ဗိုင်းရပ်စ်ပိုးတွေ့ရှိမှု မရှိသဖြင့် ဆေးရုံမှဆင်းခွင့်ပြု၊ ကျန်လူနာအချို့ကို ဆက်လက်စောင့်ကြပ် ကြည့်ရှုလျက်ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးကြောင့် ဖြစ်ပွားသည့် အဆုတ်ရောင်ရောဂါ ဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်လာသည့် China Southern လေကြောင်းခရီးစဉ်အမှတ် CZ 3055 ဖြင့် လိုက်ပါလာသော တရုတ်နိုင်ငံသား အမျိုးသားခရီးသည်တစ်ဦးတွင် ကိုယ်အပူချိန် အနည်းငယ်မြင့်မားခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်းနှင့် လည်ချောင်းနာခြင်း လက္ခဏာများ စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါခရီးသည်ကို ဝေဘာဂီအထူးကုဆေးရုံရှိ သီးသန့်ခန်းသို့ ပို့ဆောင်ခဲ့ပြီး လုပ်ငန်းလမ်းညွှန်၊ စံလုပ်ထုံးလုပ်နည်းများနှင့်အညီ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ထားရှိခဲ့ကာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ရှိ၊ မရှိကို အတည်ပြုနိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း။

ထို့အတူ အဆိုပါလေယာဉ်ဖြင့် လိုက်ပါလာသော မြန်မာနိုင်ငံသား အမျိုးသားခရီးသည်နှစ်ဦးတွင် ကိုယ်ပူခြင်း၊ ဖျားနာခြင်း စသည့်ရောဂါလက္ခဏာ တစ်စုံတစ်ရာ မရှိသော်လည်း ဝေဘာဂီအထူးကုဆေးရုံရှိ သီးခြားခန်းတွင် ထားရှိကာ ရောဂါကူးစက်မှု ရှိ၊ မရှိ စနစ်တကျစောင့်ကြပ်ကြည့်ရှုမှု ဆောင်ရွက်ခဲ့ကြောင်း။

အဆိုပါ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ထားရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံသား အမျိုးသားထံမှ နှာခေါင်းတို့ ဖတ်နမူနာများရယူပြီး ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခဲ့ရာ ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) ပိုး မရှိကြောင်း (မရှိကြောင်း) သိရပြီး ၎င်းအမျိုးသား၏ ကျန်းမာရေးအခြေအနေမှာလည်း ကောင်းမွန်လျက်ရှိသဖြင့် ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း။

ထို့အတူ ၎င်းနှင့်အတူ လေယာဉ်တစ်စင်းတည်း လိုက်ပါလာသော မြန်မာနိုင်ငံသား အမျိုးသားခရီးသည်နှစ်ဦးကိုလည်း ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိပြီး ရောဂါကူးစက်မှု ရှိ၊ မရှိ ဆက်လက်စောင့်ကြည့်ရန် မလိုအပ်တော့သဖြင့် ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ နံနက် ၁၁ နာရီ ၂၅ မိနစ်အချိန် ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ) စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ ည ၉ နာရီအချိန် ထုတ်ပြန်ချက်တွင် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၃၀ ရက်က ရောက်ရှိခဲ့သော အသက် (၃၂) နှစ်အရွယ် တရုတ်နိုင်ငံသား အမျိုးသားတစ်ဦးသည် ကိုယ်အပူချိန် အနည်းငယ်မြင့်မားခြင်းနှင့် လည်ချောင်းနာခြင်းတို့ ဖြစ်ပွားသဖြင့် ဖေဖော်ဝါရီ ၃ ရက်တွင် ပုဂ္ဂလိကဆေးခန်းတစ်ခုသို့ သွားရောက်ပြသခဲ့ရာ အဆိုပါဆေးခန်းမှ လှိုင်သာယာပြည်သူ့ဆေးရုံသို့ ညွှန်းပို့ခဲ့ရာ ဆေးရုံရှိ သီးသန့်ခန်းတွင်ထားရှိ၍ ရောဂါရာဇဝင်မေးမြန်းခြင်းနှင့် စမ်းသပ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း။

ယင်းနောက် ၎င်းအမျိုးသားအား လှိုင်သာယာ ပြည်သူ့ဆေးရုံမှ ဝေဘာဂီအထူးကုဆေးရုံသို့ စနစ်တကျလွှဲပြောင်း၍ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ထားရှိပြီး ဆေးရုံရှိ သီးသန့်ခန်းတွင် ထားရှိကုသပေးလျက်ရှိရာ လူနာ၏အခြေအနေမှာ (ယနေ့ ညနေ စစ်ဆေးချက်များအရ) တည်ငြိမ်ကောင်းမွန်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။

ထို့အတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ် ပန်ဝိုးကျေးရွာနေ အသက် (၄၅)နှစ် အရွယ် အမျိုးသားတစ်ဦးသည် ဇန်နဝါရီ ၂၅ ရက်မှစတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း စသည့်ရောဂါလက္ခဏာများ စတင်ခံစားခဲ့ရသဖြင့် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် နမ္မတူမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ဆေးကုသမှုခံယူခဲ့ရာ ဆေးရုံတွင် စမ်းသပ်တွေ့ရှိချက်များအရ ကိုယ်အပူချိန်မြင့်တက်လျက်ရှိပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာလက္ခဏာများ တွေ့ရှိရကြောင်း။

အဆိုပါ လူနာသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မုံးတိန်မြို့သို့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၈ ရက်အထိ သွားရောက်ခဲ့သည့် ခရီးသွားရာဇဝင်ရှိသဖြင့် စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးသန့်ခန်းတွင် ထားရှိကုသမှုပေးလျက်ရှိကြောင်း။

အဆိုပါ စောင့်ကြည့်လူနာထံမှ ဓာတ်ခွဲနမူနာများရယူ၍ ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်ပွားသော လတ်တလောအသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ ရှိ၊ မရှိ အတည်ပြုစစ်ဆေးနိုင်ရေးအတွက် ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရန် ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ည ၉ နာရီ မိနစ် ၄၀ အချိန် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) စောင့်ကြည့်လူနာနှင့် သံသယလူနာများ တွေ့ရှိပါက ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

# စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများကို ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးဆိုင်ရာ အသိပညာပေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများကို ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ Glorious Hotel ၌ ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းလွင်က ရောဂါစောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားကာ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဟိုတယ်ဝန်ထမ်းများ၊ စည်ပင်သာယာရေး လိုင်စင်ရ တည်းခိုခန်းပိုင်ရှင်များနှင့် ဝန်ထမ်းများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သန့်ဇော်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းရင်းသားထုတ်ကုန်များ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

တိုင်းရင်းသားဒေသထုတ်ကုန်များ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဗေလ၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့်(ခ) ဦးဒိတ်၊ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးယောဆက်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များက တိုင်းရင်းသားထုတ်ကုန်များ ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ခင်းကျင်းရောင်းချလျက်ရှိသည့် တိုင်းရင်းသားဒေသထုတ်ကုန်များ၊ တိုင်းရင်းသားရိုးရာအစားအသောက်များ၊ ရိုးရာယဉ်ကျေးမှု၊ အသုံးအဆောင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းပြခန်းများကို ကြည့်ရှုအားပေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ ရရှိစေရန်၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုများ တိုးတက်ဖြစ်ထွန်းစေရန်၊ ရိုးရာအစားအစာများနှင့် ယဉ်ကျေးမှုများ အချင်းချင်းဖလှယ်ကြရန် ရည်ရွယ်ပြုလုပ်သည့် တိုင်းရင်းသားများ၏ ရိုးရာအစားအစာများညှော့ခံပွဲသို့ တက်ရောက်ကြရာ "ဝ" တိုင်းရင်းသားများ၏ ရိုးရာအစားအစာများနှင့် တည်ခင်းညှော့ခံကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုက္ကဆံအားကစားကွင်းရှိ ဖျော်ဖြေရေးစင်မြင့်၌ တိုင်းရင်းသားအဆိုရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအကအလှ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

သွေးချင်းတို့ရဲ့ပွဲတော် (၂၀၂၀)ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် ကယားပြည်နယ် တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းတို့ ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ယနေ့ တတိယမြောက်နေ့တွင် ပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားပြည်သူများ စည်ကားသိုက်မြိုက်စွာ လာရောက်လည်ပတ်ကြပြီး ပွဲတော်သို့ လာရောက်လည်ပတ်သော မိဘပြည်သူများအား ကယားတိုင်းရင်းသားရိုးရာ တံခွန်တိုင်အကနှင့်အတူ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေကြသည်။

**သတင်းစဉ်**

# (၈) ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် နှစ်ဖက်ကိုယ်စားလှယ်များ ဆောင်ရွက်လျက်ရှိ

## နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA–S EAO ကိုယ်စားလှယ် နိုင်အောင်မငေး တို့ မီဒီယာများနှင့်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၃

**(၈) ကြိမ်မြောက် JICM အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးအတွက် အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်များ (NCA–S EAO) ၏ နှစ်ဖက်အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်က ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပခဲ့သည်။**



ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA–S EAO ကိုယ်စားလှယ် နိုင်အောင်မငေး တို့ မီဒီယာများနှင့် တွေ့ဆုံစဉ်။

အစည်းအဝေး အပြီးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA–S EAO ကိုယ်စားလှယ် နိုင်အောင်မငေး တို့က အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

နှစ်ရက်တာအစည်းအဝေးရလဒ်နှင့်ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "အစည်းအဝေးရဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့ ဇန်နဝါရီ ၈ ရက်မှာ ကျင်းပခဲ့တဲ့ (၈) ကြိမ်မြောက် JICM အစည်းအဝေးရဲ့ ဆုံးဖြတ်ချက်တွေ အကောင်အထည်ဖော်နိုင်ဖို့ ညှိနှိုင်းတဲ့ အစည်းအဝေး ဖြစ်ပါတယ်။ ဆွေးနွေးတဲ့အခါမှာ JICM အစည်းအဝေး ဆုံးဖြတ်ချက်တွေ အားလုံးဘယ်လို အကောင်အထည်ဖော်မလဲဆိုတာ ဆွေးနွေးတယ်။ ဆွေးနွေးပြီးတော့ သဘောတူညီချက် (၃) ချက် ရပါတယ်။

သဘောတူညီချက် သုံးချက်ကတော့ NCA အခန်း (၃)၊ အခန်း (၄)၊ အခန်း (၆) နဲ့ ပတ်သက်လို့ နှစ်ဖက်အလုပ်အဖွဲ့တွေ တွေ့ဆုံဖို့ ဖေဖော်ဝါရီ ၁၆ ရက်မှာတွေ့ဖို့ သဘောတူပါတယ်။ ပြီးရင် ဖေဖော်ဝါရီ ၁၇ ရက်နဲ့ ၁၈ ရက်မှာ ယခုတွေ့ဆုံတဲ့ အလုပ်အဖွဲ့ပဲ ပြန်ပြီးတွေ့ပါမယ်။

နောက်တစ်ခုကတော့ NCA နဲ့ ပတ်သက်လို့ ဝေါဟာရတွေနဲ့ နားလည်မှုတွေကို ဘုံအဓိပ္ပာယ်ဖွင့်ဆိုချက်တွေရရှိအောင် အလုပ်အဖွဲ့ကို JICM အစည်းအဝေးမတိုင်ခင်မှာ ကျွန်တော်တို့ တွေ့ဆုံဖို့ ဆိုပြီးတော့ သဘောတူညီနိုင်ခဲ့တယ်။ နောက်မှတ်တမ်းနှစ်ခုပေါ့။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထ အစည်းအဝေးကိုသွားတော့မယ်ဆိုရင် National Dialogue (အမျိုးသားအဆင့်နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲ) တွေ မလုပ်ရသေးတဲ့ အဖွဲ့တွေရှိတယ်။ ဒီအဖွဲ့တွေလုပ်ဖို့ ကျွန်တော်တို့ အဆိုပြုတယ်။ နောက်တစ်ချက် ကတော့ Public Consultation လုပ်ချင်တာတွေလည်း အဆိုပြုတယ်။ ဒါကတော့ EAOs တွေဘက်က အဆိုပြုတာပါ။ ဒါတွေကတော့ မှတ်တမ်းအနေနဲ့ ရလဒ်ရပါတယ်" ဟု ပြောသည်။

**အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ**

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထ အစည်းအဝေး မကျင်းပခင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲနှင့် လူထုတွေ့ဆုံမှုများ ဆောင်ရွက်သွားနိုင်မှုရှိ၊ မရှိမေးမြန်းမှုကို ဦးဇော်ဌေးက "ဒီနေ့ ဆွေးနွေးတာ အရင်တုန်းက အတိုင်း National Dialogue လုပ်ဖို့ သဘောတူထားတယ်။ အကြောင်းကြောင်းကြောင့် မလုပ်ဖြစ်ခဲ့တာ RCSS ရှိတယ်။ ကျွန်တော်တို့လင်းခေးမှာလုပ်ဖို့ သဘောတူထားပြီးပြီ။ ညီလာခံကို သွားမယ်ဆိုရင် RCSS အနေနဲ့ မဖြစ်မနေ လုပ်ရမယ့် သဘောရှိတယ်။ ကျွန်တော်တို့က JICM ဆုံးဖြတ်ချက်အရ ဒီနှစ် ပထမလေးလအတွင်းမှာပဲ ညီလာခံလုပ်ဖို့ သဘောတူထားတယ်။ ဒီညီလာခံရောက်ဖို့အတွက် National Dialogue ကို သူတို့ (RCSS) က ဘယ်အချိန်မှာလုပ်ဖို့အဆင်ပြေမလဲဆိုတာကို အဆိုပြုတယ်။ အခုကျင်းပတာ အလုပ်အဖွဲ့အစည်းအဝေး ဖြစ်တဲ့အတွက် National Dialogue နဲ့ဆိုင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲနဲ့ ဆိုင်တဲ့ ကိစ္စတွေကြရင် UPDJC မှာ တင်ပြီး ဆုံးဖြတ်ချက်ယူရမှာ ဖြစ်တယ်" ဟု ဖြေကြားသည်။

NCA–S EAO ကိုယ်စားလှယ် နိုင်အောင်မငေးက "National Dialogue ကိုတော့ မလုပ်ရသေးတဲ့ RCSS က ဦးဆောင်ပြီးလုပ်မယ်။ ကျန်တဲ့ အဖွဲ့အစည်းတွေမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ပြီးတဲ့ အဖွဲ့အစည်းတွေရှိတယ်။ ဒါကိုလည်း ကျွန်တော်တို့ တစ်မျိုးသားလုံးဆိုင်ရာ သဘောထား စုစည်းချက်အနေနဲ့ ကိုယ့်ဒေသမှာ လုပ်ဖို့တော့ အဆိုပြုထားပါတယ်။ ကိုယ့်ဒေသ၊ ကိုယ့်နေရာ၊ ကိုယ့်ဝန်းကျင်မှာလုပ်ဖို့ စဉ်းစားထားတာပေါ့။ ဒါကတော့ အဆိုပြုချက်ပါ" ဟု ပြောသည်။

**လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကို အစိုးရအနေဖြင့်အဆိုပြု**

ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ကျင်းပသွားမည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ –(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် လုံခြုံရေးဆိုင်ရာပေါင်းစည်းရေးကိစ္စအား ထည့်သွင်းဆွေးနွေးဖို့ရှိ၊ မရှိဟု သတင်းမီဒီယာများ၏ မေးမြန်းမှုကို ဦးဇော်ဌေးက "NCA အကောင်အထည်ဖော်မှု မူဘောင်မှာလည်း အစိုးရအနေနဲ့ လုံခြုံရေးဆိုင်ရာပြန်လည်ပေါင်းစည်းခြင်းကို အဆိုပြုသလို နောက်တစ်ချက်က အခြေခံမူ သဘောတူညီမှုတွေ ရတဲ့အခါမှာလည်း အစိုးရဘက်က အဆိုပြုတာက တစ်ခုတည်းသော တပ်မတော်နဲ့ NCA စာချုပ်မှာပါတဲ့ တိုင်းရင်းသားလူမျိုးများပူးပေါင်းပါဝင်တဲ့ ပြည်ထောင်စုတပ်မတော် ဆိုတဲ့ ကိစ္စရပ်တွေရှိတယ်။ NCA မှာလည်း အတိအလင်း ဆွေးနွေးဖို့ မှတ်တမ်းထားတာတွေ ရှိတယ်။ အဲဒါတွေ ကျွန်တော်တို့ ဆွေးနွေးဖို့လိုအပ်တယ်ဆိုတာ အစိုးရက အဆိုပြုတယ်။ အသေးစိတ်ဆွေးနွေးမှုတော့ မရှိသေးဘူး။ အစိုးရဘက်က ဒါတွေ.. ဒါတွေ ဆိုပြီးတင်တယ်။ EAOs တွေဘက်ကလည်း ဒါတွေ..ဒါတွေ ဆိုပြီး တင်တယ်။ အဲဒီအပေါ်မှာ ကိုယ့်အစုအဖွဲ့နဲ့ကိုယ် ပြန်ပြီးဆွေးနွေးဖို့ ရှိတယ်။ ဆွေးနွေးပြီးရင်တော့ ပြန်လာပြီး ကျွန်တော်တို့ နောက်တစ်ကြိမ်ကျရင်တော့ အသေးစိတ် ဆွေးနွေးဖို့ ရှိတယ်" ဟု ပြောသည်။

နိုင်အောင်မငေးက "လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကိစ္စက အစိုးရက တင်ပြတဲ့ အဆိုပြုချက်ပါ။ ဒီကိစ္စခေါင်းစဉ်သီးသန့်ကို ကျွန်တော်တို့ PPST မှာ ပြန်တင်ပြမယ်။ ဒါကလည်း လမ်းပြမြေပုံမှာ အဆင့်တစ်ခုအနေနဲ့ ရှိပြီးသားဆိုတော့ PPST မှာ ပြန်ပြီးတော့ တင်ပြဆွေးနွေးသွားမယ်" ဖြေကြားသည်။

**NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ပါဝင်လာရေး**

NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်လာရေးအတွက် အစိုးရနှင့် NCA–S EAO များ သဘောတူညီမှု ရရှိသည်ဆိုသည့် အချက်နှင့်ပတ်သက်၍ ဦးဇော်ဌေးက "လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေပါဝင်လာရေးဆိုတာက ကျွန်တော်တို့က ညီလာခံတိုင်း ညီလာခံတိုင်းမှာ ဖိတ်ကြားတယ်။ ဒါပေမယ့် NCA လက်မှတ်ထိုးထားတဲ့ အဖွဲ့တွေနဲ့ အတူတူတော့ အခွင့်အရေးရှိမှာ မဟုတ်ဘူး။ အချို့အရာတွေကို သူတို့ (NCA လက်မှတ်မထိုးထားသည့် အဖွဲ့များ) လေ့လာလို့ရတယ်။ ဆွေးနွေးပွဲတွေမှာ ဘယ်လိုတွေ Debate လုပ်နေတာဆိုတာကို သူတို့တွေ့တယ်။ အချို့လည်း လေ့လာတယ်။ အချို့လည်း မလေ့လာဘူးပေါ့။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ အရင်တုန်းကဆိုရင် Framework Review Meeting (မူဘောင်ပြန်လည် သုံးသပ်ခြင်း အစည်းအဝေး) တွေရှိတယ်။ အဲဒီအခါကျ Review မှာ ပါဝင်ပြီး Owner–ship (ပိုင်ဆိုင်မှု) ရအောင် NCA လက်မှတ်မထိုးထားတဲ့ အဖွဲ့တွေကို ဖိတ်ကြားခဲ့တာတွေ ရှိတယ်။ အချို့လည်းတက်တယ်။ အချို့လည်း မတက်ဘူး။ လာတက်တဲ့အတွက် လုပ်ကိုင်ဆောင်ရွက်နေတဲ့ အပေါ်မှာ သူတို့သည် သူတို့ရဲ့ Ownership တစ်စုံတစ်ရာရရင် ပူးပေါင်းပါဝင်လာနိုင်ဖို့ဆိုတဲ့ မျှော်မှန်းချက်နဲ့ ဖိတ်တာဖြစ်တယ်။ လာမယ့်အစည်းအဝေးတွေမှာလည်း Framework Review Meeting လိုမျိုး ဖိတ်ဖို့ရည်မှန်းထားတယ်။ နောက်ညီလာခံလို အရာမျိုးကျရင်လည်း UPDJC မှာ ဆွေးနွေးပြီး သဘောတူညီမှုရရင် ဖိတ်ကြားသွားဖို့ ရှိပါတယ်"ဟု ဖြေကြားခဲ့သည်။

**ရဲခေါင်ညွှန့်**
**ဓာတ်ပုံ–ဖိုးထောင်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ဖလမ်းမြို့၊ တီးတိန်မြို့၊ မင်းကင်းမြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့၊ မိုင်းယန်းမြို့နှင့် ရမ်ကလောင်းတို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် သီပေါမြို့၊ လားရှိုးမြို့၊ ကျောက်မဲမြို့၊ မင်းတပ်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခန္တီးမြို့တွင် ၀ ဒသမ ၀၈ လက်မနှင့် မချမ်းဘောမြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိ




နေပြည်တော်သို့ ရောက်ရှိလာသော ကချင်ပြည်နယ် ကိုယ်စားလှယ်အဖွဲ့ဝင်များ။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

(၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားတွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအက များဖြင့် ဖျော်ဖြေတင်ဆက်မည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး မှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စား လှယ်အဖွဲ့များသည် ယမန်နေ့မွန်းလွဲ ပိုင်းမှ စတင်၍ နေပြည်တော် ဇမ္ဗူသီရိ မြို့နယ်အတွင်းရှိ အားကစားလေ့ကျင့် ရေးစခန်းသို့ ရောက်ရှိကြသည်။

အဆိုပါတိုင်းရင်းသားယဉ်ကျေး မှုကိုယ်စားလှယ်အဖွဲ့များအား (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပ ရေး၊ ကြိုဆိုနေရာချထားရေး၊ ပို့ဆောင် ရေးနှင့်ဆက်သွယ်ရေး၊ ဖျော်ဖြေရေး ဆပ်ကော်မတီများနှင့် ဌာနဆိုင်ရာ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ ကအိုးစည်၊ ဒိုးပတ်ဝိုင်းများဖြင့် ကြိုဆိုကြပြီး တည်းခိုဆောင်များ အလိုက် နေရာချထားရေးကို စီစဉ် ဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ တိုင်းရင်းသားယဉ်ကျေး မှုကိုယ်စားလှယ်အဖွဲ့များမှ ကယား ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့သည် ယမန်နေ့က ရောက်ရှိပြီး ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ရောက်ရှိကာ မွန်းလွဲပိုင်းတွင် ကရင်၊ ချင်း၊ မွန်၊ ရှမ်းပြည်နယ်တို့ ရောက်ရှိကြကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# မင်းဘူးခရိုင်အတွင်း ကျေးရွာ ၂၀ တွင် တစ်အိမ်သုံးဆိုလာစနစ်မီးလင်းရေးလုပ်ငန်းများ တပ်ဆင်ပြီးစီး

**မင်းဘူး ဖေဖော်ဝါရီ ၃**

မင်းဘူးခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဟာ ဓာတ်အားလိုင်းနှင့် (၁၀) မိုင်အထက် ဝေးကွာပြီးနောင် (၁၀) နှစ် (သို့) (၁၅) နှစ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးမရနိုင်သော ကျေးရွာများ အနက် ကျေးရွာ ၂၀ ရှိ အိမ်ခြေ ၁၁၄၈ အိမ်တွင် အမျိုးသားလျှပ်စစ် ဓာတ်အားရရှိရေး စီမံကိန်းဖြင့် တစ်အိမ်သုံးဆိုလာစနစ်အသုံးပြုကာ အကြို လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း ခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်လွင်ဦးထံမှ သိရသည်။

အဆိုပါ တစ်အိမ်သုံးဆိုလာစနစ် တွင် ၆၀ ဝပ်အားကို ငွေကျပ် ၅၀၀၀၀၊ ၁၀၀ ဝပ်အားကို ငွေကျပ် ၁၅၀၀၀၀ အား ပြည်သူထည့်ဝင်ငွေအဖြစ် ထည့်ဝင်စေပြီး ကျေးရွာရှိအိမ်ခြေရဲ့ ၃၀ ရာခိုင်နှုန်းအထက် ဆိုလာစနစ် ဆောင်ရွက်မည့် ကျေးရွာတွင် အများ ပြည်သူပိုင် နေရာများဖြစ်သော လမ်းမီးတိုင်၊ စာသင်ကျောင်း၊ ကျေးလက် ဆေးပေးခန်းများနှင့် ဘာသာရေးအဆောက်အအုံများအား စီမံကိန်းမှ အခမဲ့တပ်ဆင်ပေးလျက်ရှိ ကြောင်း သိရသည်။

တစ်အိမ်သုံး ဆိုလာစနစ်ကို မင်းဘူးမြို့နယ်ရှိ ဝက်မြေကန်ကျေးရွာ တွင် လည်းကောင်း၊ စလင်းမြို့နယ်ရှိ သနပ်ကုန်းကျေးရွာ၊ ပေါက်ကုန်း ကျေးရွာ၊ လှိုင်တွင်းရွာသစ်ကျေးရွာ၊ ကင်မွန်းခြံကျေးရွာ၊ ကျောက်ရဲကျွန်း ကျေးရွာနှင့် သူဌေးကုန်းကျေးရွာတွင် လည်းကောင်း၊ ငဖဲမြို့နယ်ရှိ မရိုးကန်ကျေးရွာ၊ မာန်အောင် ကျေးရွာ၊ ကံရွာကျေးရွာ၊ ညောင်ကိုင်း ကြီးကျေးရွာ၊ စည်သာကျေးရွာ၊ ဆူးပဒေါင်းကျေးရွာနှင့် ကံပေါက် ကျေးရွာတွင် လည်းကောင်း၊ စေတုတ္တရာမြို့နယ်ရှိ လုံးကြီး အနောက်ကျေးရွာ၊ အပေါကျေးရွာ၊ ဒိုင်းကျေးရွာ၊ နန်ကြူကျေးရွာ၊ ညောင်ပင်လယ်ကျင်း ကျေးရွာနှင့် ပေါင်ချောင်ကျေးရွာတို့တွင် တစ်အိမ် သုံးဆိုလာစနစ် ၆၀ ဝပ်အား ၇၀၇ ယူနစ်၊ ၁၀၀ ဝပ်အား ၄၄၁ ယူနစ် ၊ လမ်းမီး ၉၇ တိုင်၊ ဘာသာရေး အဆောက်အအုံ ၁၈ ယူနစ်နှင့် စာသင် ကျောင်း ၁၅ ယူနစ်တို့ကို တပ်ဆင် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ယခုအချိန် တွင် လုပ်ငန်းဆောင်ရွက်မှု ၁၀၀ ရာခိုင်နှုန်းဆောင် ရွက်ပြီးစီးနေပြီဖြစ် ကြောင်း သိရသည်။ **သူရိန်(မင်းဘူး)**

# ကော့ကရိတ်တွင် မူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် မူခင်းအသိပညာပေး



**ကော့ကရိတ် ဖေဖော်ဝါရီ ၃**

ကော့ကရိတ်မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ကျော်သူရကော့ကရိတ်မြို့မရဲစခန်းမှူး ဒုရဲမှူးထူးအောင်ရွှေ၊အမှတ်(၇၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရဲအုပ်သန်းနိုင်ရွှေ ဦးစီးရဲတပ်ဖွဲ့ဝင်များသည်ကော့ကရိတ်မြို့ပေါ်ရှိအမှတ်(၁)အခြေခံပညာအထက် တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာ အထက်တန်းကျောင်း(ချောင်းတောင်)သို့ မူခင်းအသိပညာပေးပြခန်းယာဉ် ဖြင့်ယမန်နေ့က သွားရောက်ခဲ့ကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၀၀ ခန့်အား မူခင်းအသိပညာပေးဟောပြောခဲ့ကြပြီး မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E & P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် AUV Geophysical and Geotechnical Site Survey လုပ်ငန်းများအား MV. MP LAGENDA (Call Sign: 9V3831) ရေယာဉ်ဖြင့် Point A. မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၉၈ မိနစ် ၆၃ ဒသမ ၆၉ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၇၁ မိနစ် ၃၇ ဒသမ ၁၆ စက္ကန့်၊ Point B. မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၉၈ မိနစ် ၆၆ ဒသမ ၉၇ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၃ မိနစ် ၀၃ ဒသမ ၆၇ စက္ကန့်၊ Point C. မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၇ မိနစ် ၀၉ ဒသမ ၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၅ မိနစ် ၈၁ ဒသမ ၈၉ စက္ကန့်၊ Point D. မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၆၃ မိနစ် ၁၆ ဒသမ ၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၇၁ မိနစ် ၂၃ ဒသမ ၉၁ စက္ကန့်တို့တွင် (၈.၂.၂၀၂၀) ရက်မှ (၃၀.၆.၂၀၂၀) ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

သို့ဖြစ်၍ (၈.၂.၂၀၂၀) ရက်မှ (၃၀.၆.၂၀၂၀) ရက်အထိ လုပ်ငန်းဆောင်ရွက် နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း ရေကြောင်းသတိပေး ချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်း သွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်း ကိရိယာ များချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# အမြို့မြို့အနယ်နယ်၌ ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပွဲများ ကျင်းပ

## လှိုင်းဘွဲ့

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ (၇၃)နှစ်မြောက် ပြည်ထောင်စု နေ့အကြို အထိမ်းအမှတ် အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲနှင့်စာစီစာကုံး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင် စန်းမြင့်က ပြိုင်ပွဲများ၏ စည်းမျဉ်း၊ စည်းကမ်းများနှင့် ပြိုင်ပွဲများ ကျင်းပ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ကျောင်းသား ကျောင်းသူများအား ရှင်းလင်း ပြောကြားပြီး အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် ပြည်ထောင်စု စိတ်ဓာတ် ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၇ ဦးနှင့် စည်းလုံးညီညွတ် ရေးခေါင်းစဉ်ဖြင့် ပန်းချီပြိုင်ပွဲတွင် ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲမှ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုနေ့တွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**

## ပုလော

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုလောမြို့နယ်ရုံး လူထု အခြေပြုဗဟိုဌာနခန်းမတွင် (၇၃) နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် အကြို မူလတန်းအဆင့် အဆိုပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပခဲ့ရာ အမှတ်(၇) အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူများ အသင်း အလိုက် လာရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်နှင့် အစုအဖွဲ့၊ အသင်းအဖွဲ့ အလိုက် အတူတကွစုပေါင်း လုပ်ဆောင်တတ်စေရန် ရည်ရွယ်၍ ကျင်းပ ပြုလုပ်ရခြင်းဖြစ်ပြီး အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်း ဘုရား၊ ဗန္ဓုလအသင်းငါးအသင်းဖြင့် ကျောင်းသားကျောင်းသူများက ဇာတိမာန်သီချင်း၊ မြန်မာ့ကျောင်းသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ခဲ့ကြပြီး အမှတ်ပေးစနစ်ဖြင့် ဆုရရှိသော အသင်းများအား မြို့နယ်ဦးစီးမှူး ဒေါ်အေး အေးမော်ကဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ထူးဝေယံ(ပြန်/ဆက်)**

## မိုင်းဖြတ်

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Book Clubတို့မှ ပူးပေါင်းစီစဉ်ကျင်းပသည့် (၇၃)နှစ်မြောက်ပြည်ထောင်စုနေ့အကြို မူလတန်းအဆင့် ပုံပြောပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရှောလမွန်က ပြိုင်ပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဖြိုးကိုကိုထွန်းက ပြိုင်ပွဲစည်းကမ်း ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပုံပြောပြိုင်ပွဲတွင် အဆန် (ခေါင်ဆို) စာပေကော်မတီမှ ရေးသားပြုစုသည့် “စည်းလုံးညီညွတ်သော လောဒ်ရွာ” ပုံပြင်ဖြင့် ပါဝင်ယှဉ်ပြိုင်စေခဲ့ပြီး ပန်းချီပြိုင်ပွဲတွင် “ပြည်ထောင်စု ၏ အင်အား” ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်စေခဲ့သည်။

ပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ ပုံပြောပြိုင်ပွဲတွင် ၃၃ဦး၊ ပန်းချီပြိုင်ပွဲတွင် ၃၂ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၆၅ ဦးတို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကော့ကရိတ်

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အခြေခံပညာဦးစီးဌာနနှင့်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ ၌ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် စိတ်ကြိုက် ပန်းချီပြိုင်ပွဲ (ထက်၊ လယ်အဆင့်) ကျင်းပရာ ကျောင်းသား ကျောင်းသူ ၂၆ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်းနှင့် အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်ထောင်စုနေ့တွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မင်းကင်း

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်း တိုင်းဒေသကြီး မင်းကင်းမြို့ ဌာနဆိုင်ရာဝန်ထမ်းပေါင်းစုံ အားကစားပြိုင်ပွဲ များကို ဇန်နဝါရီလနောက်ဆုံးပတ်က ကျင်းပရာ အမျိုးသားဝန်ထမ်းများက ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် အမျိုးသမီးဝန်ထမ်းများက ထုပ်ဆီးတိုးပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင် ကြသည်။

အဆိုပါ အားကစားပွဲ၌ ဖူဆယ်အသင်း ၁၃ သင်းနှင့် အမျိုးသမီးထုပ်ဆီးတိုး အသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကစားကြပြီး ပထမ၊ ဒုတိယ၊ တတိယ ဆုရ အသင်းများအား ပြည်ထောင်စုနေ့တွင် ဆုများပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု ကံမမြို့သို့ ရောက်ရှိ

**ကံမ ဖေဖော်ဝါရီ ၃**

မကွေးတိုင်းဒေသကြီး ကံမမြို့တွင်ထားရှိမည့် ဗိုလ်ချုပ်အောင်ဆန်းပုံတူ ကြေးရုပ်တုသွန်းလောင်းခြင်းကို ရန်ကုန်မြို့တွင်ပြုလုပ်ခဲ့ပြီး ယနေ့နံနက်ပိုင်းက ရုပ်တုထားရှိမည့် ကံမမြို့ အမှတ်(၄)ရပ်ကွက် ပြည်သူ့အားကစားကွင်းအနီး ရင်ပြင်သို့ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုအား ပို့ဆောင်ခဲ့ကြသည်။

အဆိုပါကြေးရုပ်တုမှာ ကြေးပိဿာချိန် ၁၈၀ ခန့်ရှိပြီး အမြင့်ခုနစ်ပေနှင့် ခြောက်လက်မ ရှိကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဖွင့်ပွဲပြုလုပ်မည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေး ကော်မတီဝင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**



ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု ကံမမြို့သို့ ရောက်ရှိလာစဉ်။

## ကျောက်ကြီးမြို့ ကျွန်းပင်ဆိပ်ကျေးရွာ ကြောင်ပြာတာ၌ ရေထိန်းတံခါးတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်

**ကျောက်ကြီး ဖေဖော်ဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ဆည်/မြောင်းဦးစီးဌာနမှ ကျွန်းပင်ဆိပ်ကျေးရွာ ကြောင်ပြာတာ၌ ရေထိန်းတံခါး တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းက ကွင်းဆင်း ကြည့်ရှု စစ်ဆေးသည်။

အဆိုပါစစ်ဆေးမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ ဦးဆောင်ပြီး တာဝန်ရှိသူများက ကျွန်းပင်ဆိပ်ကျေးရွာ ကြောင်ပြာတာပေါ်ရှိ အလျား ၄၅ ပေ၊ အမြင့် ၁၂ ပေ၊ ရေထိန်းတံခါး ခြောက် ပေ နှစ်ပေါက် တည်ဆောက်ပြီးစီးမှုကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ကျောက်ကြီးမြို့၌ နှစ်စဉ် မိုးတွင်းကာလရောက်တိုင်း ချောင်းရေမြင့်တက်မှုကြောင့် ကျွန်းပင်ဆိပ်ကျေးရွာသည် ရေကြီးနစ်မြုပ်သည့် ဒဏ်ခံစားနေရသော ဒေသခံပြည်သူများအား သဘာဝဘေး ကြိုတင်ကာကွယ်ပြင်ဆင်သည့် အနေဖြင့် ကြောင်ပြာတာပေါ်တွင် ချောင်းရေထိန်းတံခါး တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုသားကြီး( ကျောက်ကြီး)**



ကျွန်းပင်ဆိပ်ကျေးရွာ ကြောင်ပြာတာပေါ်၌ ရေထိန်းတံခါးတည်ဆောက်နေစဉ်။

## မင်းတုန်းမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်

**မင်းတုန်း ဖေဖော်ဝါရီ ၃**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယင်းကောက်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါလမ်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံ ငွေကျပ် ၁၂၂ ဒသမ ၆၁၇ သန်းဖြင့် မြေသားလမ်း အရှည် ခြောက်မိုင် လေးဖာလုံ၊ လမ်းအကျယ် ၁၂ ပေ ဖောက်လုပ်ခြင်းနှင့် ယင်းလမ်းပေါ်တွင် ရေပြွန်ငါးစင်းတည်ဆောက်ခြင်းကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းကောက်ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက အဆိုပါကျေးရွာရှိ အိမ်ခြေ ၆၅ အိမ်၊ လူဦးရေ ၃၇၇ ဦးတို့၏ ကျေးလက် လယ်ယာ ထုတ်ကုန် ၁၈၈ ဧကကျော် အကျိုးပြုမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ အတွက် လယ်ယာသုံး စက်ပစ္စည်းများ သွားလာရေးနှင့် လယ်ယာထွက်ကုန်များ၏ သယ်ယူပို့ဆောင်ရေးများ အဆင်ပြေမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြတ်စုအောင်က ပြောသည်။

**စိုးမိုးကျော်**



မင်းတုန်းမြို့နယ်အတွင်း ဖောက်လုပ်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်းပိုင်းတစ်နေရာ။

## ကိုရိုနာဗိုင်းရပ်စ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဆွေးနွေး

**မိုးညှင်း ဖေဖော်ဝါရီ ၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ရွာသစ်ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ယမန်နေ့က ကိုရိုနာဗိုင်းရပ်စ်အကြောင်း အသိပညာပေးမှုနှင့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း ဆွေးနွေးပွဲကို ပြုလုပ်သည်။

အခမ်းအနားတွင် ဆယ်မိုင်ရွာသစ်အုပ်ချုပ်ရေးမှူးဦးထွန်းဝေနှင့် လက်ထောက်သားဖွားဆရာမဒေါ်သန့်ဇင်ချိုတို့က ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကြောင့် ဖြစ်ပေါ်နိုင်သော ဘေးထွက်ဆိုးကျိုးများအကြောင်း ဟောပြောကာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**နီတိုး**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့**
**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**



## ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**သထုံ ဖေဖော်ဝါရီ ၃**

မွန်ပြည်နယ် သထုံမြို့တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဦးဆောင်မှုဖြင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မြန်အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးလှုပ်ရှားမှုအဖြစ် ယနေ့နံနက်ပိုင်းက နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များကို အခမဲ့ ဝေငှပေးသည်။

အဆိုပါရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးသည့်အနေဖြင့် သထုံမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဒေါ်ခိုင်ခိုင်လွဲ၊ ဦးအောင်ကျော်သူ၊ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ သင်းသင်းအိနှင့် ဝန်ထမ်းများ၊ ယာဉ်ထိန်း ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့တို့က သထုံမြို့ သုဝဏ္ဏဈေးရှေ့ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမပေါ်၌ သွားလာနေကြသည့် ပြည်သူများအား နှာခေါင်းစည်း ၁၀၀၀ ကျော်နှင့် ပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခြင်း၊ ကိုယ်အပူချိန်တိုင်းကိရိယာဖြင့် တိုင်းတာခြင်း၊ နှာခေါင်းစည်းများစနစ်တကျ တပ်ဆင်ပုံနှင့် ကိုယ်ခံအားကောင်းမွန်အောင် နေထိုင်ပြီး လက်ဆေးခြင်းဖြင့် ရောဂါတားဆီးကာကွယ်ရေးတို့ကို ပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။(ဝဲပုံ)

**သက်ဦး(သထုံ)**

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာ ကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# သွေးချင်းတို့ရဲ့ ပွဲတော်ဆီမှ တိုင်းရင်းသားသွေးချင်းတို့၏ ရိုးရာယဉ်ကျေးမှု ပြခန်းများ(၃)

ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ကျင်းပလျက်ရှိသည့် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ပွဲတော်ကြီး တတိယမြောက်နေ့တွင် ပွဲတော်သို့ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရသည်။

ပွဲတော်ကာလအတွင်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း နှင့် 'ဝ'၊ ကိုးကန့်၊ တအာင်း၊ ပအိုဝ်း၊ နာဂ၊ ဓနု စသည့်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ပြခန်းများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ပြသထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။



ရခိုင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပြခန်းအတွင်း ပြသထားသည့် ဆရာတော်ဦးဥတ္တမ ရုပ်တု။

## ရခိုင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း

ရခိုင်တိုင်းရင်းသားများ၏ရိုးရာယဉ်ကျေးမှုပြခန်းတွင် ရခိုင်လူမျိုးတို့၏ သမိုင်းကြောင်း၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ၊ စာပေနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို စုံလင်အောင်ပြသထားသည်။

## ရခိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံကို ပြသသည့်ပြကွက်

ရခိုင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း အဝင်ဝဘေး တစ်ဖက်တစ်ချက်စီတွင် ဝေသာလီခေတ် ဆီမီးခွက်ဖြင့် မဟာမုနိဆင်းတုတော်အား ပူဇော်နေဟန် ရုပ်တုနှစ်ခုခြံရံလျက် မြတ်စွာဘုရားအား ပူဇော်မည့် ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာသွေးရန်ကျောက်ပျဉ်တို့ဖြင့် ပြင်ဆင်ထားသည်ကို ကြည်ညိုစွာ ဖူးမြင်ရမည် ဖြစ်သည်။


ဒေါက်တာနုမြဇံ

"ဒီပြကွက်က ရခိုင်ယဉ်ကျေးမှုဓလေ့ထုံးစံကို ပြတဲ့ အဓိက ပြကွက်ဖြစ်ပါတယ်။ ဒါ ရခိုင် ရိုးရာ သင်္ကြန်ပွဲတော်ရဲ့ နံ့သာသွေးပွဲနဲ့ ဘုရားရေသပ္ပါယ်တာကို သရုပ်ဖော်တဲ့ ဓလေ့ဖြစ်ပါတယ်" ဟု ပြခန်းကျင်းပရေးတာဝန်ခံ ဒေါက်တာနုမြဇံက ပြောသည်။

## ရခိုင့်အာဇာနည်ဆရာတော် အသျှင်ဦးဥတ္တမ

ထိုပြခန်းအဝင်ဝတွင်ပင် မြန်မာ့လွတ်လပ်ရေး၏ မီးရှူးတန်ဆောင် အာရှတိုက်အတွင်းရှိ အင်္ဂလိပ်လက်အောက် ကျရောက်နေသည့် အခြားနိုင်ငံများ၏ လွတ်လပ်ရေးအတွက်ပါ ပထမဆုံး ဦးဆောင်လမ်းပြပေးခဲ့သည့် အာရှနေဝန်း ရခိုင့် အာဇာနည်ဆရာတော် အသျှင်ဦးဥတ္တမရုပ်တုကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။

ထို့ပြင် မြန်မာများလေးစားရသည့် စာဆိုကြီး သခင်ကိုယ်တော်မှိုင်းက ရခိုင့် အာဇာနည် ရဟန်းတစ်ပါးဖြစ်သည့် ဆရာတော်ဦးဥတ္တမအတွက် လေးလေးစားစား ဂုဏ်ပြုစပ်ဆိုထားသည့် ကဗျာကိုလည်း ဆရာတော် အသျှင်ဦးဥတ္တမ ရုပ်တု၏ နောက်ဘက်တွင် ဆရာတော်၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့်အတူ ဖတ်ရှုလေ့လာနိုင်မည် ဖြစ်သည်။

## ရခိုင်ပြည်ခေတ်လေးခေတ် မင်းနေမြို့တော်ဟောင်းများပြမြေပုံ

ရခိုင်ပြည်နယ်သမိုင်းနှင့် ပတ်သက်၍ ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်ဟူသည့် ခေတ်လေးခေတ်တွင် တည်ရှိခဲ့သည့် ရှေးခေတ်မင်းနေမြို့တော်ဟောင်းများ၊ ဆက်စပ်နေသည့် ကျောက်ချပ်များနှင့် ရခိုင်၊ ဒိုင်းနက်၊ မြို၊ ခမီ၊ သက်၊ မရမာကြီး၊ ကမန် အစရှိသည့် ရခိုင်ပြည်နယ်၊ ရခိုင်မျိုးနွယ်စု တိုင်းရင်းသားများကို မှတ်တမ်းပြုစုထားသည့် ရခိုင်ပြည် ခေတ်လေးခေတ် မင်းနေမြို့တော်ဟောင်း မြေပုံမှာလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။

ပြခန်းကျင်းပရေးတာဝန်ခံ ဒေါက်တာနုမြဇံက "ရခိုင်ပြည်နယ် မြေပုံပေါ်မှာ ရှေးတုန်းက မင်းနေမြို့တော်ဟောင်းတွေ ဓညဝတီခေတ်ရဲ့ မြို့တော်ဟောင်းဆို ဓညဝတီမြို့တော်၊ ဝေသာလီခေတ်ရဲ့ မြို့တော်ဟောင်းဆို ဝေသာလီမြို့တော်၊ လေးမြို့ခေတ်ကတော့ မြို့တော်လေးမြို့ဖြစ်တဲ့ ပဉ္စာ၊ ပုရိန်၊ နေရဉ္စရာ တောင်ငူ၊ လောင်းကြက်စတဲ့ လေးမြို့မြစ်တစ်ဝှမ်းမှာ ထင်ရှားကျော်ကြားခဲ့တဲ့ မြို့လေးမြို့ရှိပါတယ်။ မြောက်ဦးဆိုရင်လည်း အခုကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းတဲ့အထဲမှာပါဝင်တဲ့ ရှေးဟောင်းမြို့တော်ဖြစ်တယ်။ ဒါကြောင့် ဒီပြကွက်က ရခိုင်ပြည်နယ်မှာ သမိုင်းစဉ်ဆက်ထွန်းကားခဲ့တဲ့ ခေတ်လေးခေတ်ရဲ့ မင်းနေမြို့တော်ဟောင်းများကို ပြသထားတာဖြစ်ပါတယ်"ဟု ပြောသည်။

## ရှေးခေတ်ရခိုင်ပြည်သုံး အက္ခရာများ

မင်းနေပြည်တော်မြို့ဟောင်းများ ပြကွက်အပြီးတွင် ရှေးရခိုင်တိုင်းရင်းသားတို့ ရေးသားခဲ့သည့် အက္ခရာများကို ခေတ်လေးခေတ် ကျောက်စာချပ်များဖြင့် ပြသထားရာ အက္ခရာအရေးအသားများ အဆင့်ဆင့်ပြောင်းလဲလာပုံကို လေ့လာခွင့်ရမည့်အပြင် ဓညဝတီခေတ်- ဗြဟ္မီအက္ခရာ၊ ဝေသာလီခေတ် - ဒေဝနာဂရီအက္ခရာ၊ လေးမြို့ခေတ်- ရက္ခဝဏ္ဏအက္ခရာ၊ မြောက်ဦးခေတ်- ယနေ့သုံးအက္ခရာ စသဖြင့် ခေတ်အလိုက်ရေးသားခဲ့သည့် အက္ခရာများ၏ အခေါ်အဝေါ်ကိုပါ တစ်ဆက်တည်း ရှင်းလင်းပြသထားရာ ရှေးယခင်ကတည်းက ရခိုင်တိုင်းရင်းသားတို့၏ စာပေယဉ်ကျေးမှု အဆင့်အတန်းမြင့်မားမှုကို ဗဟုသုတဖြစ်ဖွယ် မြင်တွေ့လေ့လာခွင့်ရမည်ဖြစ်သည်။

ထို့ပြင် စာပေကဏ္ဍ စိတ်ဝင်စားသူများအနေဖြင့် ကမ္ဘာ့မှတ်တမ်းများ အမွေအနှစ်စာရင်းဝင် အာနန္ဒစန္ဒြကျောက်စာကိုလည်း ပြန်ဆိုရေးသားသူများနှင့် ယှဉ်တွဲကာ လေ့လာခွင့်ရမည်ဖြစ်သည်။



ရခိုင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပြခန်း။

## (အေဒီ၂ ရာစု- ၃ ရာစု )မှ (အေဒီ ၁၇၈၄ ထိ ) ရခိုင်ပြည်သုံး ဒင်္ဂါးများ

အေဒီ (၂- ၃ ရာစု) ရခိုင်ပြည်နယ်သုံး ဒင်္ဂါးများ၊ ရခိုင်ဝေသာလီခေတ် (အေဒီ ၂၉၀မှ အေဒီ ၆၄၉)သုံး ဒင်္ဂါးများ၊ မြောက်ဦးခေတ် (အေဒီ ၁၄၃၀ မှ ၁၇၈၄) သုံး ဒင်္ဂါးများကို ထိုစဉ်က နန်းတက်ခဲ့သည့် မင်းအမည်၊ ခုနှစ်သက္ကရာဇ်တို့ဖြင့် တိတိကျကျဖော်ပြထားသည့် ခတ်ပုံဗီဒိုင်းကိုလည်း စိတ်ဝင်စားဖွယ်ပင်။

"ဝေသာလီခေတ် အေဒီ ၂ ရာစု၊ သုံးရာစုကနေ အေဒီ ၁၇၈၄ ဆိုတာ ဝေသာလီခေတ်နဲ့ မြောက်ဦးခေတ် နှစ်ခေတ်ကို ဆိုလိုတာဖြစ်ပါတယ်။ ဝေသာလီခေတ်ဆိုရင် အေဒီ ၂၉၀ ကနေ ၆၉၃ ဒင်္ဂါး၊ အဲဒီလို ဘာလို့ တိတိကျကျပြောနိုင်သလဲဆိုရင် ဒင်္ဂါးတွေမှာ ရှင်ဘုရင်ရဲ့ နာမည်ဘွဲ့တံဆိပ်ရယ်၊ နန်းစံတဲ့ ခုနှစ်ရယ်ကို ရေးထိုးခဲ့လို့ပဲ ဖြစ်ပါတယ်"ဟု ဒေါက်တာနုမြဇံက ပြောသည်။

ဆက်လက်၍ "ရခိုင်ဘုရင်တွေဟာ နန်းတက်ပြီဆိုရင် ဒင်္ဂါးသွန်းလုပ်ကြတဲ့ အစဉ်အလာရှိပါတယ်။ သူတို့ရဲ့ မင်းအမည်နဲ့ ဘယ်နှစ်မှာ နန်းတက်တယ်ဆိုတာ မှတ်တမ်းပေ့ါ ။ အဲ့ဒါကို ယူပြီး မဟာမုနိဘုရားကိုသွားပြီး အဲဒီဒင်္ဂါးတွေကို ရှေ့မှာရှိတဲ့ ဝသုန္ဒြေတွင်းလို့ခေါ်တဲ့ တွင်းထဲမှာ ထည့်ပြီးတော့မှ အလှူရေစက်ချရပါတယ်။ ဒါကြောင့် မဟာမုနိကုန်းတော်ပေါ်ကနေ ရှေးဟောင်းသုတေသနက တူးဖော်တဲ့အခါ ခေတ်ပေါင်းစုံက ဒင်္ဂါးတွေ အများကြီးတွေ့ရတယ်။ ဒါဟာ ကျွန်မတို့ ရခိုင်သမိုင်းရဲ့ ခိုင်မာတဲ့ သက်သေလည်းဖြစ်တယ်။ နန်းစံတဲ့ မင်းအမည်ရော၊ အဲဒီမင်းနန်းတက်တဲ့ ခုနှစ်ရော သိရှိရတဲ့အတွက် အလွန်တရာကောင်းတဲ့ စာပေသမိုင်းကြောင်း အထောက်အထားတွေပဲ ဖြစ်ပါတယ်" ဟု ပြခန်းကျင်းပရေးတာဝန်ခံ ဒေါက်တာနုမြဇံက ရှင်းပြသည်။

## ရခိုင်ရိုးရာအဝတ်အထည်များပြခန်း

ရက်ကန်းပညာတွင် ထင်ရှားကျော်ကြားလှသည့် ရခိုင်တိုင်းရင်းသားတို့ ရက်လုပ်ထားသည့် အမျိုးသားဝတ်၊ အမျိုးသမီးဝတ် ရခိုင်ရိုးရာအဝတ်အထည်များကိုလည်း ဒီဇိုင်းအဆင်စုံ၊ အရောင်အသွေးစုံလင်စွာ မြင်ရသည်မှာ စွဲမက်ဖွယ်ရာပင်။

"နာမည်လေးတွေအမျိုးမျိုးနဲ့ ဒီဇိုင်းအဆင်လေးတွေကို ခွဲခြားပြီး ရက်လုပ်ထားတာကို တွေ့နိုင်ပါတယ်။ ဘဲလေးချိတ်၊ မောင်ချစ်မယ်ချစ်၊ ရွှေတစ်ဆုပ်တို့ စသည်အားဖြင့် သူ့ရဲ့ရက်လုပ်တဲ့ ဒီဇိုင်းပေါ်မှာ မူတည်ပြီး နာမည်ပေးလေ့ရှိပါတယ်။ ဒါကြောင့် အမျိုးသားဝတ် လုံချည်မှာဖြစ်စေ၊ အမျိုးသမီးဝတ်လုံချည်မှာဖြစ်စေ သူ့ရဲ့ ဒီဇိုင်းအဆင်လေးတွေကို အမျိုးမျိုးနာမည်ပေးပြီးတော့မှ အဲဒါကို တန်ဖိုးထားပြီးတော့မှ ဒီနေ့အထိ အမျိုးမျိုး ရက်လုပ်တီထွင်ဆန်းသစ်လျက်ရှိကြပါတယ်" ဟု ဒေါက်တာနုမြဇံက ပြောသည်။

## အေးချမ်းပါစေ မြောက်ဦးမြေ

ရခိုင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းအလယ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုများရှိသည့် မြောက်ဦးဒေသအတွင်းရှိ သမိုင်းဝင်နေရာများ၊ ရှေးခေတ်ယဉ်ကျေးမှုလက်ရာများ၊ ဘုရားပုထိုးများ၊ ဂူများ၊ မြို့ရိုးများကို ဓာတ်ပုံမှတ်တမ်းများဖြင့် စနစ်တကျစုစည်းပြသထားသည့် ရခိုင်ဘာသာစကားဖြင့် "အီးချမ်းပါဇီ မြောက်ဦးမြီ" ပြခန်းကို တွေ့မြင်ရမည်ဖြစ်သည်။

"ကမ္ဘာ့အမွေအနှစ်တင်တာက ရှေးဟောင်းခေတ်မှာ ထင်ရှားကျော်ကြားခဲ့တဲ့ အမွေအနှစ်တင်မကဘူး၊ မျက်မှောက်ခေတ်မှာ သဘာဝနဲ့ယှဉ်တွဲပြီး ရှိနေသေးတဲ့ ဓလေ့ထုံးတမ်းစဉ်လာတွေကို ရေးရပါတယ်။ လက်ရှိရှိနေတဲ့ ရေကို အသုံးပြုပြီးတော့ ဖားရှာငါးရှာ ပြည်သူတွေ သာမန်လုပ်ကိုင်စားသောက်နေတာတွေ၊ လယ်ထွန်စားသောက်တာတွေ၊ ဒါလေးတွေလည်းပေါ်အောင် ရေးရပါတယ်။ ဆိုလိုတာက ဒီသဘာဝ အမွေအနှစ်ကြောင့် ပြည်သူတွေရဲ့ စားဝတ်နေရေး ပျက်ပြားမသွားဘဲနဲ့ သဘာဝအတိုင်း လုပ်ကိုင်စားသောက်လို့ ရနေတယ်ဆိုတာ ပေါ်လွင်အောင် ရေးရတာ ဖြစ်ပါတယ်" ဟု ဒေါက်တာနုမြဇံက ပြောသည်။

## ရခိုင်ဒေသ၏ထူးထွေဆန်းပြား သဘာဝအလှရတနာများ

ရခိုင်ဒေသ၏ ထူးထွေဆန်းပြား သဘာဝအလှရတနာများပြသမှုတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ကမ်းခြေတစ်လျှောက်တွင် သဘာဝအတိုင်းတွေ့ရသည့် ကျောက်စရစ်ခဲ ဖြူဖြူလေးများ၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်မှ ထွက်ရှိသည့် နေပူတောင်မှ ခဲနုရောင်၊ ခဲရင့်ရောင်၊ ချောကလက်အညိုရောင် စသဖြင့် အရောင်သုံးမျိုးရှိသည့် မာဘယ်ကျောက်များ၊ ရခိုင်ပြည်နယ်သံတွဲမြို့ရှိ ကမ္ဘာကျော် ငပလီကမ်းခြေ တစ်လျှောက်တွင် တွေ့ရသည့်လှပသော အဖြူရောင်သဲများ၊ မာန်အောင်ကျွန်းရှိ မြေနီတောင်ဟု ထင်ရှားသော ကျောက်တောင်မှ ထွက်သည့် မြေနီတောင်ကျောက်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း ရသေ့တောင်မြို့နယ် အငူမော်ကမ်းခြေမှ စတင်ကာ ဘူးသီးတောင်၊ မောင်တောတစ်လျှောက် ကမ်းခြေများတွင် တွေ့ရသည့် အဖိုးတန် ဒြပ်စင် (၁၇) မျိုး ပေါင်းစပ်ပါဝင်သည့် အနက်ရောင်သဲမြေများကို လက်တွေ့ကြည့်ရှုလေ့လာနိုင်ရန် ပြသထားသည်။

ရခိုင်ရိုးရာ အဝတ်အထည်ပြခန်းအနီးတွင် လှပသော ဒေသထွက် ခရုခွံလေးများဖြင့် တန်ဆာဆင်ထားသည့် သံတွဲမြို့၏ အထင်ကရ ကမ်းခြေတစ်ခုဖြစ်သည့် ငပလီကမ်းခြေ။ ထို့နောက် ရိုးရာရက်ကန်းစင်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ အထင်ကရ ဘုရားပုထိုး ပုံစံငယ်လေးများ၊ အထင်ကရနေရာများ၊ ရှုမျှော်ခင်းများ၊ ရခိုင်တိုင်းရင်းသားတို့၏ အထိမ်းအမှတ် အရုပ်များကို ပြခန်းသို့ လာရောက်ကြည့်ရှုသူများ အမှတ်တရဓာတ်ပုံရိုက်ကူးရန် ဖန်တီးပေးထားပြန်သည်။

*စာမျက်နှာ ၂၃ သို့*

*စာမျက်နှာ ၂၂ မှ*

"အခုလို သွေးချင်းပွဲတော်မှာ တိုင်းရင်းသားတွေ အားလုံးလည်း ကိုယ့်ရဲ့ယဉ်ကျေးမှုတွေ ခင်းကျင်းကြ သလို ကျွန်မတို့ ရခိုင်ကလည်း သမိုင်းကြောင်းတွေ၊ စာပေတွေ၊ ဝတ်စားဆင်ယင်ပုံတွေ၊ ယဉ်ကျေးမှုအမွေ အနှစ်တွေကို တစ်စုတစ်စည်းတည်း ပြသထားတဲ့ အတွက် လာရောက်ပြီး လေ့လာကြပါ။ အများကြီး ဗဟုသုတရမှာပါလို့ ဖိတ်ခေါ်လိုက်ပါတယ်" ဟု ပြခန်း ကျင်းပရေးတာဝန်ခံ ဒေါက်တာနုမြဖံက ပြောသည်။

**ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ပြခန်း**

ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုပြခန်း မျက်နှာစာရှေ့တွင် ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာ နွားလှည်းယဉ်ကလေးဖြင့် ပြင်ဆင်ထားရာ အမှတ်တရ ဓာတ်ပုံရိုက်ကူးသူတို့ဖြင့် စည်ကားနေသည့်အပြင် ပြခန်းအတွင်း ဝင်လိုက်သည်နှင့် ရှမ်းပြည်နယ်၏ သင်္ကေတ ချယ်ရီပင်ကိုလည်း လှပစွာ စိုက်ပျိုးပြသ ထားသည်မှာ မျက်စိပသာဒရှိလှသည်။

"နွားလှည်းလေးက ရှမ်းပြည်နယ်မှာ ဘုရားပွဲတွေ သွားရင်သုံးတယ်။ တစ်ရွာနဲ့တစ်ရွာ ကူးတာတို့၊ တောင်ယာသွားတာတို့ဆိုလည်း လှည်းယဉ်ကို သုံးကြ တယ်။ တောင်ပေါ်ဒေသကသူတွေအတွက် အသုံးဝင် တဲ့လှည်းယဉ်ပေါ့။ ဒါကြောင့် အဝင်ဝမှာ ပြသထား တာပါ" ဟု ရှမ်းတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ ဒေါ်ခင်တင့်က ပြောသည်။

ပြခန်းအတွင်း ရှမ်းရိုးရာ အိမ်ကလေးနှင့်အတူ ရှမ်းရိုးရာ တူရိယာပစ္စည်းများဖြစ်သည့် ပလွေ၊ ရှမ်း အိုးစည်၊ ဗုံရှည်၊ လင်းကွင်း စသည်တို့ကို ပြခန်းငယ် လေးများဖြင့် ဆောက်လုပ်ပြသထားသည်ကို တွေ့ရ မည်ဖြစ်သည့်အပြင် ဒေသထွက်သီးနှံများအား လှပစွာ ဒီဇိုင်းများဖော်၍ စိတ်ဝင်စားဖွယ်ဖြစ်အောင် ခင်းကျင်း ပြသထားသည်ကိုလည်း မြင်တွေ့ရသည်။

ပြခန်းအတွင်း ရှမ်းရိုးရာ ခေါင်းပေါင်း၊ လွယ်အိတ်၊ အဝတ်အထည်များ၊ အသုံးအဆောင်များ၊ အစားအစာ များ၊ တိုင်းရင်းဆေးဝါးများ၊ လက်မှုအနုပညာပစ္စည်း များ၊ ဒေသထွက်ကုန်များကို ဆိုင်ခန်းငယ်များ ဆောက်လုပ်ကာ ခင်းကျင်းပြသထားသည်။

"လာရောက်လည်ပတ်သူတွေ အားလုံးလည်း ရှမ်းတိုင်းရင်းသားပြခန်းကို လာရောက်ပြီး လေ့လာ ကြပါ။ လာတဲ့သူတွေအားလုံးကို နွေးထွေးစွာ ကြိုဆို နေပါတယ်။ ရိုးရာဝတ်စုံလေးတွေကိုလည်း အားပေး ကြပါလို့ ပြောချင်ပါတယ်"ဟု ရှမ်းတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းမှ ဒေါ်ခင်တင့်က ပြောသည်။

**စုစည်းတင်ပြသူ-သီသီမင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



ရှမ်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ပြခန်းနှင့် ရှမ်းလှပျိုဖြူများ။



# မချမ်းဘော့-ဖရူခ- ရပ်ဘော့-နောင်မွန်လမ်းပေါ်ရှိ ထီခတံတားနှင့် ထာခတံတားဖွင့်လှစ်

**ပူတာအို ဖေဖော်ဝါရီ ၃**

ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် ပြည်နယ်ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သော မချမ်းဘော့-ဖရူခ-ရပ်ဘော့- နောင်မွန်ကားလမ်းမပေါ်ရှိ ထီခတံတားနှင့်ထာခတံတား နှစ်စင်းကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက ဖွင့်လှစ် ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်နှင့် တံတား ဦးစီးဌာန၊ အင်ဂျင်နီယာချုပ် ဦးဇော်ဝင်းမြင့်တို့က အမှာ စကားပြောကြားခဲ့ပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင် စကားပြန်လည်ပြောကြားသည်။

ထို့နောက် တံတားသစ်ဖွင့်ပွဲကို ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်၊ ကချင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်(ခ)ခန်လင်၊ ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်၊ လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်ကျော်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယောဆီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှု လက်မှုဝန်ကြီး ဦးဝင်းညွန့်က စက်ခလုတ်နှိပ်ဖွင့်လှစ် ပေးသည်။

အဆိုပါတံတားနှစ်စင်းကို တံတားဦးစီးဌာန၊ တံတား အထူးအဖွဲ့(၁)က ပြည်နယ်ရန်ပုံငွေဖြင့် တံတားအမှတ် (၁/၈) ထီခတံတားအကျယ် ၂၂ ပေ၊ အရှည် ပေ ၄၀၀ သံကူ ကွန်ကရစ်တံတားနှင့် တံတားအမှတ်(၃/၂၂) ထာခတံတား အကျယ်၂၂ ပေ၊ အရှည် ပေ ၂၀၀ သံကူကွန်ကရစ်တံတား အမျိုးအစားများဖြင့် တည်ဆောက်ပြီးစီးခဲ့သည်။

အဆိုပါတံတားသစ်များ တည်ဆောက်ပြီးစီးမှုကြောင့် ပူတာအိုခရိုင်အတွင်းရှိ နောင်မွန်မြို့နယ်၊ ခေါင်လန်ဖူး မြို့နယ်နှင့် ပန်နန်းဒင်မြို့မှ ပြည်သူများ ရာသီမရွေး အလွယ်တကူ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဆန်းညွန့်(ပူတာအို)**


တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့မှ စတင်ဖြစ်ပွားသော
အဆုတ်ရောင်ရောဂါ (2019-nCoV) ကာကွယ်ပါ။

ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ
- အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ဝင်ရောက် ကူးစက်ပျံ့နှံ့စေခြင်း
- အရာဝတ္ထုများ၌ ထိကပ်နေသောရောဂါပိုးများအား လက်နှင့် ကိုင်တွယ်ထိတွေ့ရာမှတစ်ဆင့် ကူးစက်ခြင်း





သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ
လွန်ခဲ့သည့် (၁၄)ရက်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ခရီးသွားခဲ့ခြင်း (သို့မဟုတ်) အဆုတ်ရောင်ရောဂါ (2019-nCoV) ဖြစ်ပွား သည်ဟု အတည်ပြုခြင်းခံရသူနှင့် အတူနေထိုင်ခဲ့ခြင်းတို့ ရှိခဲ့ပြီး
- ဖျားခြင်း (အပူချိန် ၃၈°C / ၁၀၀.၄°F နှင့်အထက်ရှိခြင်း)
- ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခမ်းခြင်း



ကာကွယ်နိုင်မည့်နည်းလမ်းများ
- အဆုတ်ရောင်ရောဂါလက္ခဏာ ခံစားနေရသူများနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ၊
- လက်ကို စင်ကြယ်အောင် မကြာခဏ စနစ်တကျဆေးကြောပါ။
- နှာချေ၊ ချောင်းဆိုးသည့်အခါ နှာခေါင်းနှင့်ပါးစပ်ကို လုံခြုံအောင် ဖုံးအုပ်ပါ။ တစ်ရှူးအသုံးပြုပါက အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ လက်ကိုစနစ်တကျ ပြန်လည်ဆေးကြောပါ။
- တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုဆောင်ရွက်ပါ။ အာဟာရပြည့်ဝစွာ စားသုံးပါ၊ ကောင်းစွာ အိပ်စက် အနားယူပါ။
- လူထုထပ်သည့်နေရာများသို့ သွားလာခြင်းမှ တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- တိရစ္ဆာန်များနှင့် အကာအကွယ်မပါဘဲ တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။

- ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် အဆုတ်ရောင်ရောဂါ (2019-nCoV) သံသယရှိသူကို တွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အမြန်ဆုံးသတင်းပို့၍ ကူသမှုခံယူနိုင်ရန် ကူညီပါ။
- ပြည်တွင်း၊ ပြည်ပခရီးသွားများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာ အကြံပေးချက်များကိုလိုက်နာပါ။

(2019-nCoV)
အသေးစိတ်သိရှိလိုပါက ဤ QR Code ကို Scan ဖတ်ပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
Version 1.2 (၃-၂-၂၀၂၀)


## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၅ ရက်မှ ၃၀ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁ | တိမ်တွေပြောသောပုံပြင်များ | POE KAUNG | စိတ်ကူးချိုချို | ၁၃၀၀ |
| ၂ | ကလေးတို့ကျန်းမာရေးဆိုင်ရာ ဘဝအတွက်အချက်အလက်များ | အောင်ကျော်ဆင့် (မြန်မာပြန်) | စိတ်ကူးချိုချို | ၂၀၀၀ |
| ၃ | ဖြစ်ရပ်ဆန်းကြယ်ဇာတ်လမ်းများ(၁) မရဏပြေးလမ်းနှင့် အခြားဝတ္ထုလေးပုဒ် | ဈာန်လင်းထက် | ပြည်မြန်မာစာအုပ်တိုက် | ၂၅၀၀ |
| ၄ | အော်ခေါ်နေရတဲ့မြို့နှင့် ရသစာတမ်းများ | ကြယ်လွဲမိုး | ပြည်မြန်မာစာအုပ်တိုက် | ၂၀၀၀ |
| ၅ | GENDER LINE 2081 | ဗြိတိသျှကိုကိုမောင် | ငါတို့စာပေ | ၅၅၀၀ |
| ၆ | အသက်လောက်ချစ်တဲ့ နွေနွေနှင်း | ဇော်ဇော်အောင် | ရန်ကုန်လမ်းမများ | ၅၀၀၀ |
| ၇ | အိမ်မက်ခြေလှမ်း (မြစ်ဆုံမှသည် ဝိတိုရိယအင္ဂဆီသို့) | စိုင်းထက် | မျိုးဆက်သစ် | ၉၀၀၀ |
| ၈ | ရွှေပင်လယ်မှ ရောင်စဉ်တန်းများ | သန်းလွင်(CEO) | Ocean Blue စာပေ | ၃၅၀၀ |
| ၉ | အမေဆောက်ခဲ့သော ရဲတိုက်ကြီးများ နှင့်အမေ့ရဲ့အနမ်း | ခင်စောတင့် | အိပ်မက်ရိပ် | ၄၀၀၀ |
| ၁၀ | မာယာဝက်ပါရွှေတြိဂံ | မန်းဖိုးအေး(ဝါးခယ်မ) | ရတနာတင့် | ၅၀၀၀ |

*ဆက်လက်ဖော်ပြပါမည်*

# စကုမြို့ဝန်းကျင်မှ သစ်သားဘုန်းကြီးကျောင်းများ

## မောင်သာ(ရှေးဟောင်းသုတေသန)

**မြန်မာရာဇဝင်ကျမ်းများတွင် တကောင်းမှ ဧရာဝတီမြစ်ကြောင်းအတိုင်း ဖောင်ဖြင့် အမျှောခံခဲ့ကြရသည့် မျက်မမြင်ညီနောင်နှစ်ပါးကို ဘီလူးမက မျက်စိမြင်စေရန် စတင်ကုသသည့် နေရာအဖြစ် ထင်ရှားသည့် စကုသည် မကွေးတိုင်းဒေသကြီးအတွင်း မင်းဘူးမြို့မှ အနောက်မြောက်ဘက် ၁၁ မိုင်အကွာတွင် တည်ရှိသည်။ မျက်စိ စတင်ကုသသည့် နေရာသည် စကု၊ မျက်စိ စတင်လင်းသည့် နေရာသည် စလင်းဟုဆိုကြသော်လည်း ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းလာလျှင် စလင်းပြီးမှ စကုသို့ရောက်ရှိသဖြင့် ယင်းနေရာနှစ်ခုသည် အထက်အောက် ပြောင်းပြန်ဖြစ်နေကာ ရာဇဝင်စကားသည် စဉ်းစားဖွယ်ဖြစ်နေပေသည်။**

### သမိုင်းထဲမှ မင်းဘူးနှင့် စကု

မင်းဘူးမြို့သည် အနောက်ရိုးမတွင် မြစ်ဖျားခံကာ စီးဆင်းလာသည့် မန်းချောင်းနှင့် ဧရာဝတီမြစ်တို့ ပူးပေါင်းသည့် နေရာတွင်ရှိသဖြင့် မန်းပူး၊ မင်းပူးမှ ပြောင်းလဲလာခဲ့သည်ဟု ဆိုကြသည်။ အချို့ကလည်း မမင်းပူးဘုရားကို အစွဲပြု၍ မင်းဘူးဟု အမည်တွင်ခဲ့သည်ဟု ဆိုသည်။

ဆရာတော် မင်းဘူးဦးဩဘာသ၏ တေမိယဇာတ်တော်နိဂုံးအရ မင်းဘူးမြို့နေရာတွင် မိုးညှင်းမင်းတရားနှင့် ရှင်ဘို့မယ်တို့ ပေါင်းဆုံခဲ့ကာ မင်းပူးဟု အမည်တွင်ခဲ့ပြီး "မိုးညှင်းဘို့မယ်၊ မင်းနှစ်သွယ်၊ ဖူးလှယ်ဂဟော၊ ဆုံကွန်းဇွဲ" ဟု မှတ်သားအပ်ကြောင်း စာရေးဆရာ လက်ဝဲမင်းညို (ဦးချမ်းသာ)က ရေးသားခဲ့သည်။

မင်းဘူးမြို့သည် ရန်ကုန်မြို့မှ ရေကြောင်းအတိုင်း ၃၇၆ မိုင်ကွာဝေးလျက် မကွေးမြို့နှင့် မင်းဘူးမြို့ကို ဧရာဝတီမြစ်က ပိုင်းခြားထားပြီး မင်းဘူးမြို့မှ စက္ကိန်းတဲစေတီနှင့် မကွေးမြို့မှ မြသလွန်စေတီတို့သည် မြစ်တစ်ဖက်ကမ်းစီ၌ မျက်နှာချင်းဆိုင် တည်ရှိနေကြသည်။

ဂေါတမ ဘုရားရှင်လက်ထက်က ဝါဏိစ္စဂါမဟု အမည်တွင်ခဲ့သည့် ယခု ပွင့်ဖြူမြို့နယ် သစ်တော်ရွာမှ ကုန်သည်ညီနောင် နှစ်ဦးအနက် မဟာပုဏ္ဏသည် ရဟန်းပြု၍ စကုမြို့ လက်ရှိ ထေရ်ကြီးဘုရား နေရာဖြစ်သည့် မာတုလာဂီရအရပ်၌ တရားအားထုတ်ခဲ့သည်။ ယင်းနေရာတွင် ကျေးငှက်သာရကာများ ပျော်မြူးကြသဖြင့် ပါဠိဘာသာဖြင့် သကုနဟု ခေါ်ဆိုခဲ့ရာမှ ကာလရွေ့လျောလာချိန်တွင် သကု ၊ စကု ဟု အမည်တွင်ခဲ့သည်ဟု ယူဆကြသည်။

မြန်မာ့စွယ်စုံကျမ်း၌ ဖော်ပြထားချက်များအရ မြန်မာမင်းများလက်ထက်တွင် စကုကို စကုမြို့ဝန်က အုပ်ချုပ်ခဲ့ကာ မြို့ဝန်၊ မြို့သူကြီးများသည် စကုဒေသတွင် မြန်မာမှုလက်ရာ သစ်သားဘုန်းကြီးကျောင်းများကို တည်ဆောက်ခဲ့ကြသည်။ စကုဒေသ၏ အဓိကလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးဖြစ်ကာ မန်းချောင်းမှရေကို ဆည်များဖြင့် သွင်း၍စိုက်ပျိုးကြသည်။ စကုနယ်မှ ထွက်သည့်စပါးသည် စကုဖြတ်ဟု ထင်ရှားကာ "စပါးမှာ စကုဖြတ်၊ မယားမှာတစ်ခုလပ်"ဟု ဆိုရိုးစကားရှိခဲ့သည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သိမ်းပိုက်ခဲ့ပြီး ၁၈၈၆ ခုနှစ်တွင် စကု၌ ခရိုင်ရုံးစိုက်ခဲ့သည်။ သို့သော် တော်လှန်ရေးကောင်စီ အစိုးရလက်ထက် (၁၉၆၂ ခုနှစ်)တွင် ခရိုင်ရုံးများကို မင်းဘူးသို့ ပြောင်းရွှေ့၍ စကု၌ မြို့နယ်ရုံးများ စိုက်ခဲ့သည်။ ၁၉၇၂ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် အုပ်ချုပ်ပုံစနစ်ပြောင်းလဲ သတ်မှတ်ချက်အရ ခရိုင်အဆင့် မရှိတော့သဖြင့် စကုမှမြို့နယ်ရုံးများကို မင်းဘူးသို့ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ၁၉၇၃ ခုနှစ် မတ်လ ၃၁ ရက်တွင် မင်းဘူး(စကု)မြို့နယ်ကို မြို့နှစ်ခု (မင်းဘူးနှင့်စကု)၊ ရပ်ကွက် ခုနစ်ခု၊ ကျေးရွာအုပ်စု ၈၇ အုပ်စု၊ ကျေးရွာ ၁၅၀ ဖြင့် ဖွဲ့စည်းခဲ့သည်။

ရေိယာ ၆၄၂ ဒသမ ၇၁ စတုရန်းမိုင်ကျယ်ဝန်းသည့် မင်းဘူး(စကု)မြို့နယ်သည် အရှေ့မှ အနောက်သို့ ၄၆ မိုင်နှင့် တောင်မှ မြောက်သို့ ၄၂ မိုင်ရှည်လျားကာ အရှေ့ဘက်တွင် ဧရာဝတီမြစ်ခြားလျက် မကွေးမြို့နယ်၊ အနောက်ဘက်တွင် ငဖဲမြို့နယ်၊ တောင်ဘက်တွင် မင်းလှမြို့နယ်၊ မြောက်ဘက်တွင် ပွင့်ဖြူမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်နေသည်။ တောင်ကုန်းတောင်တန်းများ ပေါများသည့် မင်းဘူး(စကု)မြို့နယ်တွင် ဧရာဝတီမြစ်သည် မြောက်မှ တောင်သို့လည်းကောင်း၊ ဆားပွက်ချောင်းနှင့် မန်းချောင်းသည် အနောက်မှ အရှေ့သို့လည်းကောင်း စီးဆင်းနေကြသည်။



စကုမြို့ ပထမတိုက် သုံးထပ်ကျောင်း။

မင်းဘူး(စကု)မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၆၄ ပေမြင့်၍ ပူပြင်းခြောက်သွေ့သော မိုးနည်းရပ်ဝန်းဒေသ ဖြစ်သော်လည်း ၂၀၁၇ ခုနှစ်တွင် မိုးရေချိန် ၄၈ ဒသမ ၅၄ လက်မ ရွာသွန်းခဲ့သည်။ မြို့နယ်၏ ငါးနှစ်အတွင်း အနိမ့်ဆုံးအပူချိန်သည် ၆ ဒသမ ၅ စင်တီဂရိတ်ဖြစ်၍ အမြင့်ဆုံးအပူချိန်သည် ၄၈ ဒသမ ၅၄ စင်တီဂရိတ်ဖြစ်သည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် မင်းဘူး(စကု)မြို့နယ်၏ လူဦးရေသည် ၁၉၂၂၉၅ ဦးဖြစ်၍ ဗမာလူမျိုးများက ၉၉ ရာခိုင်နှုန်း ( ၁၈၀၄၉၇ ) ဦး ဖြစ်ကာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ စာရင်းများအရ လက်ရှိအချိန်တွင် မင်းဘူး(စကု)မြို့နယ်တွင် ဘုရား ၊ စေတီ ၂၁၀၊ ဘုန်းကြီးကျောင်း ၂၂၉ ကျောင်းရှိသည့်အနက် စကုမြို့ဝန်းကျင်၌ ဘုရားစေတီ ၁၄၄ ဆူတည်ရှိသည်။ မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်၊ ရှင်ပင်စက္ကိန်းတဲနှင့် ခတ်တော်ကုန်းစေတီတို့နှင့်အတူ စကုမြို့ရှိ ထေရ်ကြီးဘုရားသည် အထူးထင်ရှားသည့် ရှေးဟောင်း သာသနိကအဆောက်အဦတစ်ခု ဖြစ်ပေသည်။

မင်းဘူးမြို့ အမှတ် (၁) ရပ်ကွက်ရှိ ဦးဩဘာသပိဋကတ်တိုက်နှင့် စကုမြို့အမှတ် (၁) ရပ်ကွက်ရှိ မှန်ကင်းရုပ်စုံကျောင်းနှင့် ပိဋကတ်တိုက်ကို သမိုင်းဝင်ထင်ရှားသော အဆောက်အအုံများအဖြစ် မင်းဘူးမြို့နယ်ဒေသဆိုင်ရာ အချက်အလက်များမှတ်တမ်းတွင် ဖော်ပြထားသည်။

သုတေသီအချို့၏ လေ့လာသုတေသနပြုချက်များအရ စကုဒေသတွင် ပျူယဉ်ကျေးမှု အထောက်အထားအချို့ကို တွေ့ရှိခဲ့သဖြင့် စကုသည် ပျူခေတ်ကပင် တည်ရှိခဲ့ကြောင်း ယူဆမှုများရှိခဲ့သည်။ လက်ရှိအချိန်တွင် စကုဒေသ၌ လက်စင်းရာပါသည့် အုတ်များဖြင့် ဆောက်လုပ်ခဲ့သည့် အဆောက်အအုံပန္နက်ဟောင်းများနှင့် ရှေးဟောင်းအဆောက်အအုံများကို တွေ့ရှိရပြီး မြန်မာမှု သစ်သားဘုန်းကြီးကျောင်းများလည်း ကျန်ရှိနေသည်။

### ရှေးဟောင်းဘုန်းကြီးကျောင်းများ

မြန်မာနိုင်ငံ နေရာဒေသအသီးသီး၌ အုတ် သို့မဟုတ် သစ်သားဘုန်းကြီးကျောင်းများကို တည်ဆောက်ခဲ့ကြရာ ဘုရင်နှင့် တော်ဝင်မိသားစုများ၊ သူဌေးသူကြွယ်များ တည်ဆောက်ခဲ့သည့်ကျောင်းနှင့် သာသနိကအဆောက်အဦများသည် မန္တလေး၊ အင်းဝ၊ စစ်ကိုင်း၊ စလေ၊ စလင်း၊ မြိုင် အစရှိသည့် မြို့နယ်များတွင် အများဆုံးကျန်ရှိနေသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးစာအုပ်တွင် ဖော်ပြထားချက်များအရ အလောင်းမင်းတရားဦးအောင်ဇေယျ၊ နောင်တော်ကြီး၊ မြေဒူးမင်း၊ ဗဒုံမင်း၊ စစ်ကိုင်းမင်း၊ သာယာဝတီမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းနှင့် သီပေါမင်းတို့သည် ဘုန်းတော်ကြီးကျောင်းများကို တည်ဆောက်လှူဒါန်းခဲ့ကြသည်။ မြန်မာ့ရှေးဟောင်းဘုန်းတော်ကြီးကျောင်းအများစုကို မြန်မာ့ဗိသုကာဟန်ဖြင့်သာ တည်ဆောက်ခဲ့သော်လည်း သာကဝန်ကျောင်းနှင့် ယောအတွင်းဝန်ကျောင်းကဲ့သို့ အနောက်တိုင်းနှင့် မြန်မာဟန်ရောနှော တည်ဆောက်ထားသည့် ကျောင်းများလည်း အနည်းငယ်ရှိခဲ့သည်။

ယေဘုယျအားဖြင့် မြန်မာဘုန်းတော်ကြီးကျောင်းများကို ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီးနှင့် ဘောဂဆောင်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ခဲ့ကြသည်။

ဘုန်းတော်ကြီးကျောင်း၏ ရှေ့ဘက်ဆုံး(ခေါင်းရင်းဘက်) တွင်ရှိသည့် ပြာသာဒ်ဆောင်ကို ပြာသာဒ် ငါးဆင့်၊ ခုနစ်ဆင့်၊ ကိုးဆင့်ထားလေ့ရှိရာတွင် ခုနစ်ဆင့်က အများဆုံးဖြစ်သည်။ ပြာသာဒ်ဆောင်၏ အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တို့တွင် ဘုရင်၊ မိဖုရားနှင့် ဆရာတော်များသာ အတက်အဆင်း ပြုကြရသည့် လှေကားတစ်ခုစီကို တပ်ဆင်ထားလေ့ရှိသည်။

ပြာသာဒ်ဆောင်တွင် ဘုရားပလ္လင်နှင့် ဗုဒ္ဓဆင်းတုတော် ထားရှိသည်။ ပြာသာဒ်ဆောင်နှင့် ဆောင်မကြီး၌ ကျောင်းထိုင်ဘုန်းကြီး သီတင်းသုံးနေထိုင်၍ ယင်းအဆောင်နှစ်ခုကို ဆက်ထားသည့် စနုဆောင်တွင် ကျောင်းထိုင်ဘုန်းကြီးက အာဂန္တုညှော့်သည် ရဟန်းသံဃာများကို ညှော့်ခံတွေ့ဆုံသည်။

ဘုန်းတော်ကြီးကျောင်း၏ အဓိကအဆောင်ဖြစ်သည့် ဆောင်မကြီးကို နှစ်ထပ်လည်ပေါ်တည်ဆောက်ထားလျှင် ထားဝယ်ဆောင်၊ သုံးထပ်သို့မဟုတ် လေးထပ်လည်ပေါ်တည်ဆောက်ထားလျှင် ဇေတဝန်ဆောင်ဟု ခေါ်ဆိုကြပြီး ဆောင်မကြီး၏ လည်ပေါ်ကို ငါးထပ်ဆောက်လေ့ မရှိချေ။ ဆောင်မကြီး၏ ဘေးပတ်လည်တွင် အပြင်သို့ ထုတ်ထားသော အမိုး(စမြင်)ရှိကာ နှစ်ထပ် စမြင်ခံကျောင်း၊ သုံးထပ်စမြင်ခံကျောင်းဟု ခေါ်ဆိုမှုများလည်း ရှိသည်။

ဆောင်မကြီးအလယ်တွင် မာရဘင်(ကြမ်းပြင်မှ အမိုးအထိ ပိတ်ဆီးထားသော အကာအရံ) ကန့်၍ အရှေ့နှင့် အနောက်ပိုင်းခြားကာ အရှေ့မာရဘင်ဆောင်၊ အနောက်မာရဘင်ဆောင်ဟု ခေါ်ဆိုသည်။ မာရဘင်ဆောင်များ၌ နေ့ဘက်တွင် လူပရိသတ်များကို ညှော့်ခံ၍ ညပိုင်းတွင် ရဟန်းသံဃာများ ကျိန်းစက်သည်။ အချို့ ဘုန်းကြီးကျောင်းများတွင် အရှေ့မာရဘင်၌ ဥပုသ်စောင့် တရားနာသူများနားခိုကြကာ အနောက်မာရဘင်ဆောင်၌ သက်ကြီးဝါကြီး ဆရာတော်များ သီတင်းသုံးသည်။ မာရဘင်တွင် အရှေ့ဆောင်နှင့် အနောက်ဆောင်ကူးရန် အပေါက်နှစ်ပေါက်ဖောက်ထားသည်။

မာရဘင်၏ ရှေ့ခန်းတွင် တံကဲပါရှိသော ပလ္လင်ကိုထားရှိပြီး နောက်ခန်းတွင် တံကဲမပါသော ပလ္လင်ကိုထားရှိသည်။ ဆောင်မကြီး၏ ဝဲယာနှစ်ဖက်တွင် ရဟန်းသံဃာများနှင့် အမျိုးသားများတက်ဆင်းရန် လှေကားနှစ်ခုနှင့် အမျိုးသမီးများတက်ဆင်းရန် လှေကားနှစ်ခုတပ်ဆင်သည်။ မြန်မာဘုန်းကြီးကျောင်းများတွင် ထုထည်ကြီးမား၍ လှပသော သရက်ကင်းအုတ် လှေကားများကို မြင်တွေ့ကြရသည်။

ဘုန်းကြီးကျောင်း၏ အနောက်ဘက်ဆုံးရှိ ဘောဂဆောင်ကို ဆောင်မကြီး၏ ကြမ်းခင်းအောက်သို့ အနည်းငယ် နိမ့်ထားသည်။ ဘောဂဆောင်တွင် အခန်းသုံးခန်းပါရှိ၍ ဘေးဘက်တစ်ခန်းတွင်ပန်းကန်ခွက်ယောက်များထား၍ ကျန်ဘေးခန်းတွင် သစ်သီးဝလံများနှင့် စားသောက်ဖွယ်ရာများကို သိမ်းဆည်းပြီး အလယ်ခန်း၌ ကိုရင်များနေကြသည်။

အချို့ ဘုန်းကြီးကျောင်းများတွင် ယင်းအဆောင်လေးဆောင်အပြင် ကျောင်းတွင်တိုးလာသည့် သံဃာများနေထိုင်ရန် ခုံးဆောင်တစ်ခုကို ဆောင်မကြီးရှေ့၌ဖြစ်စေ၊ ဆောင်မကြီးနှင့် ဘောဂဆောင်ကြား၌ဖြစ်စေ၊ ဆောင်မကြီးနှင့်စနုဆောင်ကြား၌ဖြစ်စေ သင့်လျော်သည့် နေရာတစ်ခုခု၌ ဆောက်လုပ်သည်။ ခုံးဆောင်သည် မြေစိုက်အဆောင် မဟုတ်ချေ။ ကုန်းဘောင်ခေတ်နှောင်းနှင့် ကိုလိုနီခေတ်ဦးပိုင်း ဘုန်းကြီးကျောင်းအချို့တွင် ဆောင်မကြီးနှင့် ဘောဂဆောင်အကြား၌ ဘောဂစနု ဆောင်အမည်ဖြင့် အဆောင်ကူးတစ်ခုကို တည်ဆောက်ခဲ့ကြရာ ယင်းပုံစံကို မန္တလေးမြို့ရှိ ရွှေအင်ပင်ဘုန်းတော်ကြီးကျောင်းတွင် မြင်တွေ့နိုင်ကြသည်။

### စကု သစ်သား ဘုန်းကြီးကျောင်းများ

စကုမြို့တွင်ရှိသည့် ထင်ရှားသော သစ်သားကျောင်းများအနက် ပထမတိုက်သုံးထပ်ကျောင်းနှင့် မှန်ကင်းရုပ်စုံကျောင်းတို့သည် အထူးထင်ရှားကြသည်။ ထို့အတူ ပွင့်ဖြူမြို့နယ်အတွင်းရှိ လယ်ကိုင်းရုပ်စုံကျောင်းသည် စကုမြို့အနီးတွင် တည်ရှိကာ စကုမြို့မှ အလွယ်တကူ သွားရောက်နိုင်ပေသည်။ စကုမြို့သို့ ရောက်ရှိခိုက် မိမိတို့အဖွဲ့အား ဒေသခံသုတေသီ ဦးမျိုးဇော်ဦးက သစ်သားဘုန်းကြီးကျောင်းများသို့ လိုက်လံပို့ဆောင်ပြသခဲ့ပါသည်။

စကုမြို့ရှိ မူလပထမတိုက် သုံးထပ်ကျောင်းကို ၁၉၂၀ ပြည့်နှစ်နှောင်းပိုင်းတွင် သူကောင်းမျိုးနွယ်ဦးသိုက်နှင့် သားဖြစ်သူတို့က တည်ဆောက်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် ပြန်လည်မွမ်းမံပြင်ဆင်ကာ တစ်ခန်းလျှော့၍ ပြန်လည်ဆောက်လုပ်ခဲ့သည်။ စကုမြို့ ပထမတိုက် သုံးထပ်ကျောင်းမှတ်တမ်းကို ဥယျာဉ်ဇင်ကျောင်းပုရပိုက်တွင် ၁၂၆၆ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက် ကြာသပတေးနေ့ နံနက် ၅ နာရီ ၇ မိနစ်တွင် ပန္နက်တင်၍ ညနေ လေးနာရီ မိနစ် ၃၀ တွင် စကုမြို့၊ အရှေ့ရပ် ကျောင်းဒကာ ဝန်မင်းကြီးသားမြို့ အုပ်မင်း၊ မြို့အုပ်ကတော် မရိုး၊ သမီး မဝက်တို့ ကုသိုလ်တော် ပထမတိုက် သုံးထပ်ကျောင်းတော်ကြီးကို စိုက်ထူတော်မူသည်ဟု ရေးသားခဲ့သည်။

လက်ရှိမြင်တွေ့ကြရသည့် ပထမတိုက်သုံးထပ်ကျောင်းကို ကျွန်းတိုင် ၁၁၅ လုံးဖြင့် ပြုပြင်တည်ဆောက်ထားကာ အလျား ၁၁၁ ဒသမ ၅ ပေ၊ အနံ ၅၂ ဒသမ ၄၉ ပေရှိ၍ ပြာသာဒ်ဆောင်၊ စနုဆောင်နှင့် ဆောင်မကြီးတို့ ပါဝင်သည်။ ပြာသာဒ်ဆောင်ပေါ်တွင် ဘုံခုနစ်ဆင့်ပြာသာဒ်နှင့် စနုဆောင်ပေါ်တွင် ဘုံနှစ်ဆင့် ပြာသာဒ်တင်ထားပြီး ကျောင်းပေါ်သို့ တောင်ဘက် လှေကားမှ တက်ရောက် နိုင်ကြသည်။

**"စကုမြို့တွင်ရှိသည့် ထင်ရှားသော သစ်သားကျောင်းများအနက် ပထမတိုက်သုံးထပ်ကျောင်းနှင့် မှန်ကင်းရုပ်စုံကျောင်းတို့သည် အထူးထင်ရှားကြသည်။ ထို့အတူ ပွင့်ဖြူမြို့နယ်အတွင်းရှိ လယ်ကိုင်းရုပ်စုံကျောင်းသည် စကုမြို့အနီးတွင် တည်ရှိကာ စကုမြို့မှ အလွယ်တကူ သွားရောက်နိုင်ပေသည်"**

*စာမျက်နှာ ၂၅ သို့*

# ရေတာရှည်မြို့နယ် ဇရဲပေါက်-မရိုးခုံ-ကြံသန္တယ် တောင်ပေါ်လမ်း ဖောက်လုပ်

**ရေတာရှည် ဖေဖော်ဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၆၀၀ ဖြင့် တံတားလေးစင်းအပါအဝင် တစ်ကြောင်းထိုး မြေသား လမ်းအဖြစ် ၁၈ မိုင်ပြီးစီးသွားပြီဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကန္တဲ့ချောင်း၊ ပိန္နဲချောင်းအထိ အရှည် ၁၁ မိုင် ၄ ဖာလုံအထိ ကျောက်ရောမြေသား လမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ဇရဲပေါက်-မရိုးခုံ-ကြံသန္တယ် တောင်ပေါ်လမ်းပိုင်း တစ်နေရာ။

သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း၊ ရေငန်းအုပ်စု၊ ဇရဲပေါက်ကျေးရွာမှစတင်၍ တောင်ပေါ်ဒေသများကို ဖြတ်ကာ မရိုးခုံ-ကြံသန္တယ်ကျေးရွာ စကွေးသစ်ထုတ် ကားလမ်းအထိ အရှည် ၃၈ မိုင်အား လျာထားဖောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

မရိုးခုံကျေးရွာသည် ရေတာရှည်မြို့အနောက်ဘက်ရိုးမတောအတွင်း ၂၆ မိုင်ခန့်ကွာဝေးပြီး လမ်းပန်းဆက်သွယ်မှု အလွန်ခက်ခဲသည့် ကျေးရွာဖြစ်ပြီး ယခုအခါ တောင်ပေါ်လမ်းပိုင်းများ ဖောက်လုပ်ပြီးစီးပြီဖြစ်၍ ခရီးသည်တင် လိုင်းကားဖြင့် သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်း ၁၅ မိုင် ဇရဲပေါက်ကျေးရွာမှ တစ်ဆင့် သွားလိုသော မြို့များကို အဆင်ပြေစွာ သွားလာနိုင်ကြပြီ ဖြစ်သည်။

"မရိုးခုံရွာကို အရင်က ကယ်ရီငှားပြီးသွားရင် ငွေကျပ် သုံးသောင်းခွဲ ပေးရတယ်။ အခု မရိုးခုံ-ရေတာရှည် လိုင်းကား ပြေးဆွဲလိုက်တော့ တစ်ဦးကို ငွေကျပ် ၅၀၀၀ ပဲကုန်တော့တယ်" ဟု လုံးရမ်းကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

**သန်းလွင်**

# မဇ္ဈိမဗျူဟာသာသနမာမကအဖွဲ့ (နေပြည်တော်) လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း၏ စာအောင်ဆုနှင်းပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဓမ္မဗျူဟာသာသနမာမကအဖွဲ့ (နေပြည်တော်) ၏ ကောဒသမအကြိမ် စာအောင်ဆုနှင်းပွဲကို ယမန်နေ့က နေပြည်တော်ရှိ အမှတ်(၅) အထက၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ သာသနာဥပတ္ထမ္ဘကအဖွဲ့ဩဝါဒါစရိယ ဆရာတော်များ ကြွရောက်ပြီး ဩဝါဒ သီလပေး တရားတော်များ ချီးမြှင့်၍ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်ဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်းများ၏ သင်တန်းမှူး ဆရာမကြီး မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မဗျူဟာ ဒေါ်ခင်လှတင်က ပေးပို့သည့် ဓမ္မဗျူဟာ သာသနမာမကအဖွဲ့၏ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက် သဝဏ်လွှာအား ဓမ္မစာပေ သင်တန်းကော်မတီအတွင်းရေးမှူး ဒေါ်ခင်အုန်းမြင့်က လျှောက်ထားတင်ပြသည်။

ထို့နောက် ဓမ္မဗျူဟာ သာသနမာမကအဖွဲ့(နေပြည်တော်)၏ အတွင်းရေးမှူး ဆရာမ ဒေါ်သန်းသန်းဌေးက ဓမ္မဗျူဟာ (နေပြည်တော်)၏ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လျှောက်ထားတင်ပြပြီး အဘိဓမ္မာ၊ အဘိဓမ္မာ(ဂုဏ်ထူး)၊ ဝိသုဒ္ဓိမဂ် သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သင်တန်းသားများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်းနှင့် ယခုနှစ် အဘိဓမ္မာ(ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများတွင် စာအောင်ပုဂ္ဂိုလ် ၃၃၁ဦး ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# အန္တရာယ်ကင်းစွာ ရွှေ့ပြောင်းသွားလာခြင်းနှင့် လုံခြုံစိတ်ချရသော လုပ်ငန်းခွင် စီမံချက် မိတ်ဆက်ပွဲ ကျင်းပ

**မိတ္ထီလာ ဖေဖော်ဝါရီ ၃**

မိတ္ထီလာမြို့တွင် Actionaid Myanmar က ဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် အန္တရာယ်ကင်းစွာ ရွှေ့ပြောင်းသွားလာခြင်းနှင့် ရွှေ့ပြောင်းလုပ်သားများအတွက် လုံခြုံစိတ်ချရသော လုပ်ငန်းခွင်များဖြစ်ပေါ်လာရေး စီမံချက် မိတ်ဆက်ပွဲကို ယနေ့နံနက်ပိုင်းက ဟိုတယ်ထီလာခန်းမ၌ ကျင်းပသည်။

"အန္တရာယ်ကင်းစွာ ရွှေ့ပြောင်းသွားလာခြင်းနဲ့ ရွှေ့ပြောင်းလုပ်သားများအတွက် လုံခြုံစိတ်ချရတဲ့လုပ်ငန်းခွင် ဖြစ်ပေါ်လာစေရန်၊ အလုပ်သမားအခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ ဥပဒေများ၊ သတင်းအချက်အလက်များကို သိရှိပြီး ကောင်းမွန်တဲ့ လုပ်ငန်းခွင်ဖြစ်ပေါ်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်းနဲ့ လုံခြုံစိတ်ချရတဲ့ လူမှုဝန်းကျင်ကောင်း ဖြစ်ပေါ်စေရန် စတဲ့ရည်ရွယ်တွေနဲ့ ဒီစီမံချက်ကို ဆောင်ရွက်တာဖြစ်ပြီး စီမံချက်အကြောင်းကို မိတ္ထီလာမြို့နယ်အတွင်းမှာ ရွေးချယ်ဆောင်ရွက်မယ့် စီမံကိန်းဝင် ကျေးရွာ ၁၀ ရွာက ဒေသခံတွေနဲ့ တာဝန်ရှိသူတွေကို ဒီနေ့ပွဲမှာ မိတ်ဆက်ရှင်းလင်းတာ ဖြစ်ပါတယ်" ဟု အဆိုပါ စီမံချက်ဆိုင်ရာ စီမံကိန်းမန်နေဂျာ ဒေါ်ဖြိုးက ပြောသည်။



အန္တရာယ်ကင်းစွာ ရွှေ့ပြောင်းသွားလာခြင်းနှင့် လုံခြုံစိတ်ချရသော လုပ်ငန်းခွင် စီမံချက် မိတ်ဆက်ပွဲ ကျင်းပစဉ်။

အဆိုပါ မိတ်ဆက်ပွဲသို့ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ Actionaid Myanmar မှ တာဝန်ရှိသူများ၊ ထန်းတော၊ ကျောက်အိုး၊ အင်ပင်ဝ၊ ရွာသစ်၊ ဆွာတော၊ ခံပင်အိုင်၊ တဲလှ စသည့် ကျေးရွာများမှ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ဒေသခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**

# ရှေးဟောင်းဘုရားစေတီများ ပြုပြင်မွမ်းမံနိုင်ရန် ရေများ လှူဒါန်း

**ညောင်ဦး ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လယ်ကန်ကျေးရွာအနီးတွင် ရှေးဟောင်း သုတေသနဦးစီးဌာနနှင့် အလှူရှင်များ ပူးပေါင်းပြီး ရှေးဟောင်းဘုရားစေတီများ ပြန်လည်ပြုပြင်မွမ်းမံ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ညောင်ဦးမြို့နယ် စဥ့်ကူးနယ်မြေမီးသတ်စခန်းမှ ဘုရားစေတီများပြုပြင်မွမ်းမံရာတွင် အသုံးပြုနိုင်ရန်အတွက် မီးသတ်ရေယာဉ် တစ်စီးဖြင့် ရေဂါလန် ၁၆၀၀ လှူဒါန်းသည်။

အဆိုပါ ဘုရားစေတီများသည် ပုဂံခေတ် အေဒီ (၁၃) ရာစုခန့်က ဘုရားစေတီများဟု ခန့်မှန်းသိရှိရပြီး စုစုပေါင်း ဘုရားစေတီ ၁၁ ဆူခန့် ရှိကြောင်း သိရသည်။ ယခုအခါတွင် ယင်းဘုရားစေတီများကို ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် အလှူရှင်များ ပူးပေါင်းပြီး ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိသည်။

**ရဲဝင်းနိုင် ( ညောင်ဦး )**

# ဒိုက်ဦးမြို့၌ အကြောအဆစ်ရောဂါများနှင့် အထွေထွေရောဂါများ အခမဲ့ ကုသပေး

**ဒိုက်ဦး ဖေဖော်ဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ ကန်ဦးဖောင်ဒေးရှင်းတွင် ယမန်နေ့က စတင်၍ ရန်ကုန်မြို့မှ ဒေါက်တာ ဟန်မြတ်သူ အကြောအဆစ်အထူးကု၊ ဒေါက်တာ ဖြိုးသီဟ အကြောအဆစ်အထူးကုတို့ ဦးဆောင်သည့် အထွေထွေရောဂါကုဆရာဝန်ကြီးများအပါအဝင် ဆရာဝန်များအဖွဲ့က အကြောအဆစ်ရောဂါနှင့် အထွေထွေရောဂါဝေဒနာခံစားနေရသူများအား လာရောက်ကုသပေးပြီး ဆေးဝါးများလည်း အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (ပြန်/ဆက်)**

*စာမျက်နှာ ၂၄ မှ*

ကျောင်းအောက်ထပ် နံရံလေးဖက်ကို အုတ်ဖြင့် တည်ဆောက်လျက် အပေါ်ထပ်ကို သစ်သားများဖြင့် ဆောက်လုပ်ကာ အပေါ်ထပ် လေးဖက်ပတ်လည်တွင် ဝရန်တာထုတ်ထားသဖြင့် ကျောင်းပတ်လည်ကို လှည့်ပတ်ကြည့်ရှုနိုင်သည်။ ဝရန်တာ ပတ်လည်လက်ရန်းများကို ပန်းကနုတ်များဖြင့် မွမ်းမံထားကာ အရှေ့ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်မျက်နှာစာရှိ တိုင်ထောင့်များတွင် ဝိဓူရ ဇာတ်တော်လာ ဇာတ်ကွက်ရုပ်တုများကို လက်ရာမြောက်စွာ ထုလုပ်ထားသည်။ မြောက်ဘက်ဝရန်တာ လက်ရန်းတွင် ယင်းအချိန်က လူနေမှုဘဝ သရုပ်ဖော်ပုံများဖြစ်သည့် အိုးစည်တီးနေပုံ၊ တံမြက်စည်းလှည်းကျင်းနေပုံ စသည်တို့ကို မြင်တွေ့ကြရပေသည်။

စကုမြို့ရှိ မှန်ကင်းရုပ်စုံကျောင်းကို ၁၈၆၆ ခုနှစ်တွင် ဒေါ်ငြိမ်းကောင်းက ကျွန်းတိုင် ၁၃၆ လုံးကို အင်္ဂတေအုတ်ဖိနပ်များခံ၍ စိုက်ထူတည်ဆောက်ခဲ့ရာ အလျား ၁၃၁ ပေ၊ အနံ ၆၅ ပေခွဲ ရှိသည်။ ရုပ်စုံကျောင်းကို ပြာသာဒ်ဆောင်၊ စနုဆောင်နှင့် ဆောင်မကြီးတို့ဖြင့် ဖွဲ့စည်းထားသည်။ စနုဆောင်တစ်ဖက်တစ်ချက်တွင် ပစ္စည်းများသိုလှောင်သိမ်းဆည်းရန် ရည်ရွယ်ခဲ့ဟန်ရှိသည့် ဝဲဆောင်နှင့် ယာဆောင်ဟုခေါ်သည့် အဆောင်ပိုတစ်ခုစီကို ထည့်သွင်းတည်ဆောက်ခဲ့သည်။

ကျောင်းပေါ်သို့တက်ရန် မြောက်ဘက်တွင် အုတ်လှေကားနှစ်ခုနှင့် တောင်ဘက်တွင် အုတ်လှေကားတစ်ခုရှိကာ ဆောင်မကြီးတွင် ကိန္နရာရုပ်များထွင်းထုထားသည့် တံခါးရွက်များကို တပ်ဆင်ထားသည်။ ကျောင်းတိုင်များကို သဲကျောက်ဖုံးများဖြင့် အုပ်ထားပြီး ကျောင်း၏ လက်ရန်းပတ်လည်တွင် ဗုဒ္ဓဝင် ဇာတ်ကွက် သစ်သားရုပ်များသာမက ကုန်းဘောင်ခေတ် လူနေမှုဘဝ သရုပ်ဖော်များကိုပါ ထုလုပ်တပ်ဆင်ခဲ့သည်။

မှန်ကင်းရုပ်စုံကျောင်း အနောက်မြောက်ဘက်တွင် စူဠပဒုမ ဇာတ်တော်မှ ဇာတ်ကွက်များကို ထုလုပ်ထားပြီး အရှေ့တောင်ထောင့်တွင် ဥဒေနဇာတ်တော်မှ ဇာတ်ကွက်နှင့် မြောက်ဘက်တွင် မမယ်ဥ ဇာတ်ကွက်များကို ထုလုပ်ထားသည်။ ထို့အတူ နဂါးရုပ်၊ ဘီလူးရုပ်၊ ဝန်ကြီး၊ စစ်သူကြီး၊ ရသေ့စသည့် အရုပ်များကို ထည့်သွင်းထုလုပ်ခဲ့သည်။

စကုမြို့အနီးရှိ မြန်မာနိုင်ငံ၏ ထင်ရှားသော ရုပ်စုံကျောင်းတစ်ခုဖြစ်သည့် လယ်ကိုင်းရုပ်စုံကျောင်းကို ၁၈၉၁ ခုနှစ်ဝန်းကျင်က ကူနီသူကြီးသား ဖြစ်သူ ဦးအန်တော်နီက တည်ဆောက်ခဲ့သည်။ ဦးအန်တော်နီနှင့် သားဖြစ်သူတို့သည် ယင်းနေရာတစ်ဝိုက်တွင် ဘုန်းကြီးကျောင်းငါးကျောင်း ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။

ဦးအန်တော်နီသည် လယ်ကိုင်းရုပ်စုံကျောင်းကို ငွေဒင်္ဂါး ၁၇ တောင်းခွဲ အကုန်အကျခံကာ တည်ဆောက်ခဲ့သည်။ ကျောင်းဆောက်လုပ်မည့် အလုပ်သမားများ နေထိုင်စားသောက်ရန် အလှူရှင်ကပင် တာဝန်ယူခဲ့ပြီး ဦးအန်တော်နီနှင့် ဆွေမျိုးတော်စပ်သူ ကနီသူကြီးက ကျောင်းတည်ဆောက်မည့် ကျွန်းသစ်လုံးများ သယ်ဆောင်ရန် ဆင်များကို အခမဲ့ကူညီခဲ့သည်။

လယ်ကိုင်းရုပ်စုံကျောင်းကို ကျွန်းသစ်လုံး ၂၁၄ လုံးဖြင့် တည်ဆောက်ခဲ့ကာ ကျောင်းတွင် အလှဆင်မည့် ပန်းပုရုပ်များ ထုလုပ်ရန် မန္တလေးမြို့မှ ဆရာမှန်ကြီးနှင့် ပန်းပုပညာရှင် ၂၀ ကို ငှားရမ်းခဲ့သည်။ ရုပ်စုံကျောင်းကို ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီးနှင့် ဘောဂဆောင်တို့ဖြင့် မြန်မာဘုန်းတော်ကြီးကျောင်း အင်္ဂါပြည့်စုံစွာ တည်ဆောက်ခဲ့ပြီး လှေကားရှစ်စင်း တပ်ဆင်ခဲ့သည်။ ယခုအခါတွင် ပြာသာဒ်ဆောင်နှင့် စနုဆောင်တို့ ပြိုကျပျက်စီးနေကာ ဆောင်မကြီးနှင့် ဘောဂဆောင်တို့ကိုသာ မြင်တွေ့ကြရပေသည်။

ရုပ်စုံကျောင်း ပတ်လည်၌ ဗုဒ္ဓဝင်ဖြစ်တော်စဉ်ကို မယ်တော် မာယာ အိပ်မက်မက်မြင်ခန်းမှ ဘုရားပွင့်တော်မူခန်းအထိ ရုပ်တုများကို မြောက်ဘက်မှ တောင်ဘက်သို့ တိုင်အစဉ်အတိုင်း တပ်ဆင်ခဲ့သည်။ ရုပ်တုတစ်ခုစီ၏ အောက်တွင် ဇာတ်ကွက် အမည်များအား ရေးထွင်းထားသည့် သစ်သားပြားများကို တပ်ဆင်ထားသည်။ ကျောင်းပေါ်တွင် မံဘုရား တစ်ဆူကို ယနေ့တိုင် ဖူးတွေ့ကြရသည်။ ကျောင်း အလှူရှင် ဦးအန်တော်နီနှင့် ဆွေမျိုးများ၏ အုတ်ဂူများသည် ကျောင်း၏ အနောက်ဘက် လယ်ကွင်းစပ်တွင် ယနေ့တိုင် တည်ရှိနေသော်လည်း ဂူများပတ်လည်၌ ချုံနွယ်များ ထူထပ်စွာ ပေါက်ရောက်နေသဖြင့် သွားရောက်နိုင်ခဲ့ခြင်း မရှိပါချေ။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ရှိနေသည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များအနက် မင်းဘူး(စကု) မြို့နယ်ရှိ မြန်မာမှုလက်ရာသစ်သား ဘုန်းတော်ကြီးကျောင်းများသည် ထိန်းသိမ်းမှု အားနည်းမှုများကြောင့် ပျက်စီးယိုယွင်းမှုများ ရှိလာခဲ့ပေသည်။ သို့သော် မြန်မာမှု ဗိသုကာပညာကို အခြေတည်လျက် ရုပ်လုံးရုပ်ကြွများဖြင့် အလှဆင်ထားသည့် ယင်းကျောင်းများကို ရေရှည်ထိန်းသိမ်းထားနိုင်သည်နှင့်အမျှ မြန်မာတို့၏ အနုလက်ရာများကို ပြည်တွင်းပြည်ပမှ လာရောက် ကြသူများအား ဂုဏ်ယူဖွယ်ပြသထားနိုင်မည် ဖြစ်ပေသည်။ ။

**ကိုးကား**

**မင်းဘူး(စကု)မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ**

**မြန်မာမှု အဆင်တန်ဆာနှင့် ဘုန်းတော်ကြီးကျောင်းများ(မောင်ယဉ်လှိုင်၊ ပျဉ်းမမြိုင်)**

**Splendour in Wood (Sylvia Fraser Lu)**

## ဒေါက်တာ ဒေါ်ခင်စိန်

**Ph.D(University College London)**

**တွဲဖက်ပါမောက္ခ(ရုက္ခဗေဒဌာန)ငြိမ်း၊ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်**

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂၃)၊ သုခဝတီလမ်းနေ (ဦးအုံးတင်-ဒေါ်စောရင်)တို့၏ သမီး၊ (ဦးတင်မောင်-ဒေါ်မြခင်)၊ (ဦးရွှေမြ-ဒေါ်ချစ်စိန်)၊ (ဦးအောင်မြ)-ဒေါ်ခင်တီတီ၊ ဒေါ်စောတင် တို့၏ညီမ၊ (ဒေါက်တာ ဦးကျင်စွဲ)၏ဇနီး၊ ဦးထွန်းဦး၏ မိခင်သည် ၃-၂-၂၀၂၀ရက် နံနက် ၈ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃-၂-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၂၀ရက်(တနင်္ဂနွေနေ့)နံနက်၇နာရီမှ ၁၁နာရီအထိ အထက် ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးဝင်းရီ(တောင်လုံးပြန်)

**အသက်(၇၀)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ အမှတ်(၁)သော်တာလမ်းနေ (ဦးလှမောင်-ဒေါ်အုံး ကြင်)တို့၏သား၊ (ဦးမောင်ဘ-ဒေါ်သောင်းတင်)တို့၏သားသမက်၊ ကိုမင်းခိုင်ဦး-မနူးနူး၊ ကိုစိုးထိုက်-မသီသီဝင်း၊ ကိုနေဦးလှိုင်တို့၏ မွေးသဖခင်၊ မသဲအိမ့်ချစ်၏အဘိုး၊ ဒေါ်စန်းစန်းဌေး၏ခင်ပွန်း ဦးဝင်းရီသည် ၃-၂-၂၀၂၀ရက် (တနင်္လာနေ့)နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁: ၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးချိုမြင့် B.A(Law)LL.B

**အုပ်ချုပ်မှုဒါရိုက်တာ(မြင့်မိသားစု ကုမ္ပဏီလီမိတက်)**

**အသက်(၆၃)နှစ်**

ဒေါ်ခင်ခင်မြင့်(အထက-၁၆၊ မန္တလေး၊ ငြိမ်း)၊ ဒေါ်စန္ဒာမြင့်(အထက-၁၆၊ မန္တလေး၊ ငြိမ်း)တို့၏ ချစ်လှစွာသော အစ်ကိုကြီး ဦးချိုမြင့်သည် ၃၁-၁-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁၂:၁၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**အထက(၁၆)မန္တလေးမှ ဆရာမများ**
**နွယ်၊ သီ၊ ကြည်၊ ခိုင်၊ သူဇာ၊ သီတာ၊**
**ဝါ၊ မြင့်၊ ကြူ၊ အောင်၊ ခိုင်၊**
**စန္ဒာ၊ ထွေး၊ ဖုန်း၊ ပုံ၊ အိ၊ စန်း၊**
**ညို၊ ညွန့်၊ မြ၊ လှိုင်၊ ခင်၊ နှင်း၊**
**စိုး၊ ဌေး၊ ကေ၊ဝင်း၊မော်၊ချို၊စန်း၊**
**မို့၊ နီလာ၊ မိုမို**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သက်ရီစိန်(ခ)ဒေါ်သန်းသန်းဌေး

**BA(English) အထက(၁) ဒဂုံကျောင်းသူဟောင်း**

**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် (၁၁၆)၊ ၂၁လမ်းနေ (ဦးမောင်စိန်)-ဒေါ်ရီရီမြင့် တို့၏ သမီးငယ်၊ (ဦးချစ်ဆွေ-ဒေါ်မိဌေး)တို့၏သမီးချွေးမ၊ ဦးကြည်ဝင်း( One Star အထည်အလိပ်ရောင်းဝယ်ရေး၊ ၂၅လမ်း)၏ ချစ်လှစွာသောဇနီး၊ မဆုမြတ်နိုးနှင့် မမြတ် သဒ္ဒါခိုင် တို့၏ချစ်လှစွာသောမိခင်၊ ဒေါ်အေးအေးသန့်၊ ဒေါ်လဲ့ရီစိန်၊ ဒေါ်နှင်းဖြူစိန်တို့၏ ညီမသည် ၃-၂-၂၀၂၀ရက်(တနင်္လာနေ့)ညနေ ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(သင်္ဂြိုဟ်မည့်ရက်နှင့် အချိန်ကို ထပ်မံကြေညာပါမည်။) **ကျန်ရစ်သူမိသားစု**

---

**ပြင်ဆင် ဖတ်ရှုပါရန်**

၃-၂-၂၀၂၀ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၁) ဒေါ်စိန်ကြည်(၈၂)နှစ် နာရေးကြော်ငြာတွင် ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၂၀ရက်အစား ၆-၂-၂၀၂၀ ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀ နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်8H/1914၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/8180 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

## ဒေါ်ထာစိန်

**မင်းပြား/စစ်တွေ**

**အသက်(၇၄)နှစ်**

မင်းပြားမြို့နယ်နေ (ဦးလွန်းသာဦး-ဒေါ်စိန်မြဦး)တို့၏သမီး၊ စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်နေ ဦးဘမောင် (ဆေးဆိုင်)၏ဇနီး၊ သားသမီးခြောက်ယောက်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘောင်ရှင်သည် ၂-၂-၂၀၂၀ရက်(ညနေ ၅:၃၀)နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၂၀ရက်ညနေ ၃နာရီ၌ အာကျိတ်တော် ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ **ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းကြည်

**အသက်(၉၂)နှစ်**

တောင်ကြီးမြို့၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး၊ သားဖွားမီးယပ် ပညာဌာနတွင် တာဝန်ထမ်းဆောင်နေသော ဒေါက်တာဇော်မြင့်နိုင်(သားဖွား မီးယပ်အထူးကုဆရာဝန်ကြီး)၏ မိခင်ကြီး ဒေါ်သန်းကြည်သည် ၁-၂-၂၀၂၀ရက် မွန်းလွဲ ၂:၅၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးရုံအုပ်ကြီးနှင့်**
**အမျိုးသမီးနှင့်ကလေးဆေးရုံကြီးမိသားစု**
**တောင်ကြီးမြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းကြည်

**အသက်(၉၂)နှစ်**

တောင်ကြီးမြို့၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး၊ သားဖွားမီးယပ် ပညာဌာနတွင် တာဝန်ထမ်းဆောင်နေသော ဒေါက်တာဇော်မြင့်နိုင်(သားဖွား မီးယပ်အထူးကုဆရာဝန်ကြီး)၏ မိခင်ကြီး ဒေါ်သန်းကြည်သည် ၁-၂-၂၀၂၀ရက် မွန်းလွဲ ၂:၅၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သားဖွားမီးယပ်ပညာဌာနမိသားစု**
**အမျိုးသမီးနှင့်ကလေးဆေးရုံကြီး**
**တောင်ကြီးမြို့**

---

## ဒေါ်အုန်းခင်

**အသက်(၈၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၅ရပ်ကွက်၊ ဇီဇဝါ ကွန်ဒို၊ တိုက်(၁)၊ အခန်း(၂)နေ ဦးအေးမောင်-ဒေါ်အေးမှင်တို့၏သမီး၊ (ဦးတင်အေး)-ဒေါ်အုံးကြည်၊ (ဦးကျော်မြင့်-ဒေါ်သန်းကြည်)၊ (ဦးမောင်မြင့်-ဒေါ်အုန်းသင်)၊ (ဦးအောင်ကြည်)-ဒေါ်တင်နုတို့၏ အစ်မ၊ ညီမ၊ ဦးအောင် စိုးမိုး-ဒေါ်လှလှနွယ်၊ ဦးအောင်စိုးမင်း-ဒေါ်မော်မော်မြင့်၊ မခင်စိုးဟန်တို့၏ မိခင်၊ မဝတ်ရည်စိုးမိုး(ခ)ဆုရတီအောင်၏အဘွား၊ ဦးမြဟန်၏ဇနီးသည် ၃-၂-၂၀၂၀ ရက် (တနင်္လာနေ့) နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၂-၂၀၂၀ ရက် (ဗုဒ္ဓဟူး)နေ့ မွန်းလွဲ ၁း၀၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါသည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှနှင်းခိုင်

**Managing Director**

**International School of Myanmar**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ် (P-6)နေ (ဦးစောလွင်-ဒေါ်သန်းမြင့်)တို့၏တစ်ဦးတည်းသော သမီး၊ (ဦးညွန့်သန်း၊ ခိုင်သဇင်ပုံနှိပ်တိုက်)၏ ဇနီး၊ ဦးဇော်ဝင်းညွန့်-ဒေါ်ခိုင် ညွန့်ဝေ(ခိုင်သဇင်ပုံနှိပ်တိုက်)၊ ဒေါ်ခိုင်ညွန့်ရွှေတို့၏ ချစ်လှစွာသော မိခင်သည် ၂၆-၁-၂၀၂၀ရက် နံနက် ၁၀:၂၅ နာရီတွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။ **ဦးရွှေလှိုင်-ဒေါ်တင်အေး**

**ရွှေထီးပုံနှိပ်တိုက်**

---

### ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## မယ်တော်ကြီး ဒေါ်စက်တင်(ခ)ဒေါ်သက်တင်

**အသက်(၇၁)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ အင်ငုတ္တိုကျေးရွာနေ ဦးညွန့် မောင်၏ ဇနီး၊ ဦးဝဏ္ဏသီရိ၏ မယ်တော်ကြီး၊ ဦးဇော်မြင့်နိုင်-ဒေါ်တင်နွဲ့၊ ဦးတုတ်မောင်-ဒေါ်နေခြည်၊ မဌေးမြင့်၊ မောင်တုတ်ဝင်းအောင်တို့၏မိခင်ကြီးသည် ၂၇-၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၂၀ရက်တွင် အင်ငုတ္တိုကျေးရွာသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးတင်ဝင်း(ဝင်းသန်းလက်စက်)

**အသက်(၆၃)နှစ်**

သူငယ်ချင်း ကိုတင်ဝင်း(၂-၂-၂၀၂၀)ရက်တွင် ကွယ်လွန်ကြောင်း သိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**မမတူး၊ မတူး၊မချို၊ မရီ၊ မကက်စီ၊ ဝင်းနိုင်ထွန်း၊**
**ခင်မောင်ညွန့်၊ ဝင်းစိန်၊ သန်းဇော်**
**သူငယ်ချင်းတစ်စု**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ရီရီမြင့်(ဆွာမြို့)

**အသက်(၅၅)နှစ်**

ဦးတင်ဦး(Director-Eagle Land Logistics Co.,Ltd)၏ ညီမသည် ၁-၂-၂၀၂၀ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**Eagle Land Logistics Co.,Ltd မိသားစု**

---

## အထူးကျေးဇူးတင်ရှိခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဝဏ္ဏကျော်ထင်ဦးမောင်မောင်

**စီမံထူးချွန်(ပထမဆင့်)**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊မြေတိုင်းဦးစီးဌာန**

**ယခင်အကြံပေးပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

**ပေါင်းတည်မြို့နယ်အသင်းနာယကကြီး**

၂၇-၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားခဲ့သော ဝဏ္ဏကျော်ထင်ဦးမောင်မောင် နာမကျန်းစဉ် အထူးဂရုစိုက်ပြုစုစောင့်ရှောက်ပေးကြသော ဆေးဘက်နှင့်အရပ်ဘက် မှ ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများ၊ဈာပနကိစ္စတွင်အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေး ကြသော အိမ်နီးချင်းရပ်မိရပ်ဖများနှင့်ဆွေမျိုးမိတ်ဆွေများ၊ မြေတိုင်းဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပေါင်းတည်မြို့နယ်အသင်းနှင့် Green Hills Academyမှ မိတ်ဆွေများ၊လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ နှစ်သိမ့် အားပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူ များအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ထာဝရ မမေ့နိုင် " ဖနှစ်တိုင်"

ချစ်ဇနီးမဦး (သို့) ဒေါ်လှလှဦး
အေးချမ်းတော်ဝင်မိသားစုကြီး
(၂၈-၁-၂၀၁၄ မှ ၂၈-၁-၂၀၂၀)
ဘဝတကွေ့မှာ ခဏတွေ့ကြရတဲ့ ချစ်မေရေ
ဒီနေ့ဆို အဖေနှင့် သမီးများကို
အမေထားခဲ့တာ ၆နှစ်ပြည့်ပြီလေ
၆နှစ်ပြည့်သည့်တိုင် မှန်းဆ၊ တမ်းတ၊ လွမ်းလျှက်ပါမေ
အမေကိုရည်စူးပြီး အဖေနှင့်သမီးများ
နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ကုသိုလ်ပြုမြဲ ပြုဆဲပါ
၆နှစ်ပြည့် ကုသိုလ်အဖြစ် ရွှေဆင်မင်းပရဟိတ သီလရှင်ကျောင်းမှာ
တနပ်စာဆွမ်း လှူဒါန်းခဲ့ပါတယ်လေ
မြင့်မြတ်တဲ့ဘုံဘဝက မြင်နိုင်၊ ကြားနိုင်၊ သိနိုင် သာဓုခေါ်နိုင်ပါစေ
အမျှရပြီး တခါမရောက်၊ တခေါက်မပြတ် မြတ်နိဗ္ဗာန်ကို
မျက်မှောက်ပြုနိုင်ပါစေ
အမေရေ အမျှ၊ အမျှ၊ အမျှ

**တရားလွှတ်တော်ရှေ့နေ ဦးပိုအေးနှင့်သမီးများ**
**အေးချမ်းတော်ဝင် မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်စောမြစန္ဒီ(ခ)June Rose

**အသက်(၇၃)နှစ်**

Capt. တက်တိုးဟန်(MAI)-ဒေါ် မြဖြူပြာတို့၏ မိခင်ကြီး ဒေါ်စောမြစန္ဒီ(ခ) June Rose သည် ၃၀-၁-၂၀၂၀ရက် နံနက် ၆:၂၅ နာရီတွင် ဂရင်းဟံသာဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Flight Operations Department**

**(Myanmar Airways International)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသိုက်ထွန်း

**CDC 7370**

**သင်္ဘောအရာရှိ**

**အသက်(၆၅)နှစ်**

ချစ်သူငယ်ချင်း ဒေါ်ယုယုတင်(B.Ed. 79)[လက်ထောက် ညွှန်ကြားရေးမှူး(ငြိမ်း) အခြေခံပညာဦးစီးဌာန-၃]၏ ချစ်လှစွာသောခင်ပွန်း ဦးသိုက်ထွန်း အသက်(၆၅) နှစ်သည် ၃၁-၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူး ဝမ်းနည်း ကြေကွဲရပါသည်။

**(B.Ed. 79) သူငယ်ချင်းများ**
**မိသော်၊ ချောချော၊ မိလတ်၊ ပိုပို၊ မွန်မွန်၊**
**မအေးမှီ၊ မသိန်းဝင်း၊ လေးလေး၊ ခင်လဲ့ဝေ၊**
**မြင့်မြင့်သန်း၊ မာမာအောင်၊ သင်းသင်းလှိုင်**

---

## ဦးမြင့်အောင်

**ဦးစီးမှူး-ငြိမ်း(မွန်ပြည်နယ်ပညာရေးမှူးရုံး)**

**အသက်(၆၀)**

ဘီးလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ မုကွဲကျေးရွာနေ (ဦးစံတင်)-ဒေါ်ခင်ငြိမ်း တို့၏သား၊ (ဦးသောင်းညွန့်-ဒေါ်သန်းလှ)တို့ ၏သားသမက်၊ မော်လမြိုင်မြို့၊ ဒေါင်းဇရပ်၊ဇေယျာမြိုင်(၁)လမ်း၊ခြံအမှတ်(၂)နေဒေါ်သန္တာ ညွန့်(အလယ်တန်းပြ-အထက-၆)၏ခင်ပွန်း၊ ဦးတင့်လွင်၊ ဒေါ်စမ်းစမ်း အေး၊ ဒေါ်ခင်ဥမ္မာ၊ ဒေါ်တင်တင်သွယ်တို့၏ အစ်ကို၊ မောင်ဉာဏ်လင်းပြည့်၊ မောင်လင်းကောင်းခန့်တို့၏ ဖခင်၊ ဒေါ်ခင်သန္တာဦး၏ ဘကြီးဖြစ်သူ ဦးမြင့် အောင်သည် ၂-၂-၂၀၂၀ရက်(တနင်္ဂနွေနေ့)ည ၈:၀၈နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၄-၂-၂၀၂၀ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ပိန္နဲ ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၂၀ရက် (စနေနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ကိုရိုနာဗိုင်းရပ်စ် တားဆီးကာကွယ်ရေး မူဆယ်ခရိုင်အတွင်းရှိ နယ်စပ်ဂိတ်ပေါက်များ၌ အရှိန်အဟုန်မြှင့် ကျန်းမာရေးစစ်ဆေးဆောင်ရွက်လျက်ရှိ



မြန်မာ–တရုတ် နှစ်နိုင်ငံ နယ်စပ်ဂိတ်၌ ကိုရိုနာဗိုင်းရပ်စ် တားဆီးကာကွယ်ရေး ကျန်းမာရေးစစ်ဆေးဆောင်ရွက်စဉ်။

**မူဆယ် ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်အတွင်းရှိ မြန်မာ–တရုတ် နှစ်နိုင်ငံ နယ်စပ်ဂိတ်များကို ရှမ်းပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး(လားရှိုး) ဦးကျော်သူဇော်၊ ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး (လားရှိုး) ဒေါက်တာတင်မောင်ညွန့်တို့ ဦးဆောင်သည့်အဖွဲ့က ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ ဖေဖော်ဝါရီ ၃ ရက်အထိ သုံးရက်ကြာ နယ်စပ်ဂိတ်ပေါက်များ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် ကျန်းမာရေးစစ်ဆေးမှုဆောင်ရွက်ခြင်း အခြေအနေများကို လေ့လာကြည့်ရှုစစ်ဆေးခြင်း၊ ဌာနဆိုင်ရာများ၊ ရပ်မိ၊ ရပ်ဖများ၊ ပရဟိတအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို မေးမြန်း၊ မှာကြား၍ အားပေးစကားများ ပြောကြားခြင်းနှင့် မူဆယ်ခရိုင် ပြည်သူ့ဆေးရုံအသစ်တွင် တပ်ဆင်ထားသည့် ကျန်းမာရေးစက်ကိရိယာများကို လေ့လာကြည့်ရှုစစ်ဆေးသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် တရုတ်နိုင်ငံဘက်၌ အလုပ်လုပ်ကိုင်နေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် မူဆယ်မြို့ နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်များမှ မြန်မာနိုင်ငံဘက်သို့ နေ့စဉ်ဝင် / ထွက်သွားလာလျက်ရှိသဖြင့် မူဆယ်မြို့ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဌာနနှင့် ပရဟိတအသင်းအဖွဲ့တို့ ပူးပေါင်းမှုဖြင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားလာခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❑

စာမျက်နှာ ၉ ကော်လံ ၁

## တိုင်ကြား ပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ် ရရှိမှုများ ထုတ်ပြန်

စာ-၉

# “သွေးချင်းတို့ရဲ့ပွဲတော်ဆီ” အထိမ်းအမှတ် အသင်းလိုက်တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် ကယားပြည်နယ် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော “သွေးချင်းတို့ရဲ့ပွဲတော်ဆီ” အထိမ်းအမှတ် အသင်းလိုက်တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲများကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘူရောင်း တိုက်ကွမ်ဒိုအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါဗိုလ်လုပွဲပြိုင်ပွဲတွင် အသက် ၁၇ နှစ်အောက် အမျိုးသားခြောက်ဦး ပေါင်း ကီလို ၃၀၀ တန်း၊ အသက် ၁၄ နှစ်အောက် အမျိုးသမီးကီလို ၂၇၀ တန်း၊ ၁၄ နှစ်အောက် အမျိုးသားကီလို ၂၀၀ အောက်တန်း၊ ၁၄ နှစ်အောက် အမျိုးသမီး ၂၀၀ အောက်အတန်းပြိုင်ပွဲများ ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများအပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရှမ်းပြည်နယ် ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်အေးမောင်၊ ကယားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ကယားပြည်နယ် တိုက်ကွမ်ဒိုဆပ်ကော်မတီဥက္ကဋ္ဌ ဦးထွန်းကျော်၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ အမှုဆောင်များက တစ်ဦးချင်းဆုတံဆိပ်၊ ဆုဖလားများနှင့် ငွေသားဆုများ ချီးမြှင့်သည်။ **(ယာပုံ)**

ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ကလပ်များမှ အသင်းကိုးသင်းနှင့် ပြိုင်ပွဲဝင်အားကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ – အာကာစိုး**




## တော်ဝင်စင်တာ (၉)နှစ်ပြည့် အထိမ်းအမှတ်ပွဲ

တော်ဝင်စင်တာ၏ (၉)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သော (၆.၂.၂၀၂၀)နေ့ (၄:၃၀)နာရီတွင်
(၉)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဖျော်ဖြေရေးအစီအစဉ်များ၊ Fashion Show၊ Game အစီအစဉ်များ
ပြုလုပ်မည်ဖြစ်ပြီး ဖုန်း၊ လက်ဝတ်ရတနာများနှင့် အခြားအဖိုးတန်ဆုမဲများစွာကို
အမှတ်တရ ပြန်လည်ပေးအပ်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့်
မိတ်ဟောင်းမိတ်သစ်များအားလုံး ကြွရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

တော်ဝင်စင်တာမိသားစု

45, Pyay Road, Dagon Township, Yangon. Tel: 01 8600039, 09 455 558 415, email: tawwincentrepromotion@gmail.com.